ဂီတကူးချိုချိုအနုပညာ

# သူတို့သိသော ဗိုလ်ချုပ်အောင်ဆန်း



mgyoe.com

mgyoe.com

နိုင်ငံရေးသမားများ၊
စာရေးဆရာများ၊
နယ်ပယ်စုံမှ လူပုဂ္ဂိုလ်များ၊
လုပ်ဖော်ကိုင်ဖက်များ၊
ငယ်ပေါင်းကြီးဖော်များက
ရေးသားခဲ့သော
ဗိုလ်ချုပ်အောင်ဆန်းသို့
အမြင် အသိ
အတွေး အရေး
ဆောင်းပါးများ စုစည်းထုတ်ဝေခြင်း။

kls0038
3500.00 Ks
mgyoe.com

mgyoe.com

သူတို့သိသောအောင်ဆန်း
ကလောင်စုံ

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၃၁၀ ၁၁၉ ၀၅၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၃၁၀ ၁၅၉ ၀၆၁၂ |
| ထုတ်ဝေသူ | - | ဦးစန်းဦး |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ |

| | | |
|---|---|---|
| မျက်နှာဖုံးဒီဇိုင်း | - | အမ်အက်စ်အို |
| ကွန်ပျူတာဖလင် | - | အီးဂဲလ် |
| လက်ခွဲဖလင် | - | အေဇက် |
| စာအုပ်ချုပ် | - | ကိုတင်အေး(လှိုင်) |

၉၂၃.၁
ကလောင်စုံ
သူတို့သိသောဗိုလ်ချုပ်အောင်ဆန်း / ကလောင်စုံ - ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၂။
စာမျက်နှာ ၃၂၃ မျက်နှာ၊
၁၃ စင်တီ× ၂၀.၅ စင်တီ
(၁) သူတို့သိသောဗိုလ်ချုပ်အောင်ဆန်း

၂၀၁၂၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၃၅၀၀ ကျပ်

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ အာဇာနည်ဗိမာန် ၁
[ဆရာကြီး သခင်ကိုယ်တော်မှိုင်း]

၂။ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏
ဘဝဖြစ်စဉ် ၃၃

၃။ လူသေသော်လည်း သူ မသေ ၃၈
[မောင်နေဝင်း]

၄။ ထိုတစ်နေ့ ၄၅
[အထောက်တော် မင်းအောင်]

၅။ ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆုံးနေ့ ၄၈
[ဦးဝင်းမောင်]

၆။ နှစ် (၅၀)ကျော်တိုင် လွမ်းမမေ့နိုင် ကိုယ်တွေ့
သတင်းထောက်၏ နိုင်ငံတော်လုပ်ကြံမှုကြီးသတင်း ၅၅
[မြန်မာ့အလင်းသန်းညွန့်]

၇။ ဂျူဗလီဟောက ပြောသော သမိုင်းမှတ်တိုင် ၈၆
[ညောင်တုန်း သခင်ချစ်]


mgyoe.com

mgyoe.com


၈။ မောင်အောင်ဆန်း၏ ပွဲဦးထွက်သတ္တဲ့ ၉၂
[စည်သူကျော်ထင်]

၉။ ဗိုလ်ချုပ်နှင့် ရေနံချောင်း ၁၀၀
[အောင်သန်းဦး (ရေနံ့သာ)]

၁၀။ တောက်ချင်တဲ့ မီးခဲ ၁၀၅
[စည်သူကျော်ထင်]

၁၁။ အလုပ်သမားပေါင်းစုံ သပိတ်အရေး ပြတ်သားစွာ
အဖြေပေးလိုက်သော ဗိုလ်ချုပ်အောင်ဆန်း ၁၁၂
[သခင်လှကျွေ]

၁၂။ စစ်ဝန်ကြီးအောင်ဆန်း၏ မိန့်ခွန်းအမှတ် (၁) ၁၁၈
[မောင်နေဝင်း]

၁၃။ ပင်လုံကိုယ်တွေ့ ၁၂၆
[ဦးဖေခင်(သံအမတ်ကြီး)]

၁၄။ ပင်လုံညီလာခံ အတွင်းရေး ၁၃၇
[ဦးဖေခင်(သံအမတ်ကြီး)]

၁၅။ ပင်လုံ တိုင်းရင်းသားသွေးစည်းရေးညီလာခံမှသည် ၁၅၀
[ရွှေကျွန်းသောင်း]

၁၆။ သမိုင်းဝင်နေ့ နှစ်နေ့ ၁၅၇
[မောင်ညွန့်အုံ]

၁၇။ စိုးမိုးလျက်ရှိသောဝိညာဉ် ၁၆၀
[ညောင်တုန်းသခင်ချစ်]

၁၈။ ဦးအောင်ဆန်းပြုံးနေလိမ့်မည် ၁၆၆
[စောစံဖိုးသင်]

၁၉။ လွတ်လပ်ရေးတိုက်ပွဲမှ တိုင်းရင်းသား
စည်းလုံးညီညွတ်မှုအင်အား [ညွန့်ဖေလေး (သီပေါ)] ၁၇၁

၂၀။ အရှိန်အဟုန်ကြီးမားခဲ့သော မြန်မာ့လွတ်လပ်ရေး
တိုက်ပွဲခရီး [ညောင်တုန်း သခင်ချစ်] ၁၇၆


mgyoe.com

mgyoe.com


၂၁။ နေသူရိန်အစည်းအဝေးနှင့် ဗမာ့တပ်မတော်၏နောင်ရေး ၁၈၂
[ရဲထွန်း-စစ်ပညာ]
၂၂။ အောင်ဆန်း အက်တလီစာချုပ် ဆွေးနွေးပွဲက သတွေများ ၁၈၉
[မြန်မာ့အလင်းသန်းညွန့်]
၂၃။ ဗိုလ်ချုပ်နှင့် တော်လှန်ရေး ၂၀၆
[မင်းမော်ဆဏ်း]
၂၄။ ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံတော်တရား ၂၁၀
[မောင်မောင်ကျော်]
၂၅။ ဗိုလ်ချုပ်အောင်ဆန်း ကျောင်းထုတ်ခြင်းသည်
သပိတ်မမှောက်ခင်လော မှောက်ပြီးမှလော ၂၁၆
[မေးမြန်းသူ မောင်မျိုးမြင့်(သမိုင်းအဓိက)]
၂၆။ အင်္ဂလန်ပြန် ဗိုလ်ချုပ်အောင်ဆန်း၏
ဆိတ်လစေ့အရေးတော်ပုံပေါ်ခဲ့စဉ်က ၂၂၁
[စစ်ကိုင်းဟန်တင်]
၂၇။ မာရီလှတော၏ မေခလာဘဝ ၂၂၉
[ကျူမငေးသခင်တင်မောင်]
၂၈။ ဂနိုင်စိုစို - လဝါဆို - လွမ်းဖွယ်ရာသီကို ၂၄၄
[မောင်သုမန]
၂၉။ ဗိုလ်ချုပ်နှင့် ဦးစောတို့၏ဖြစ်ရပ်နှင့်
ဂဏန်းဗေဒင်ဆရာ၏အမြင် ၂၅၄
[ဘုန်းရောင်]
၃၀။ ဗိုလ်ချုပ်အိမ်သို့ ဆွမ်းစားကြွခဲ့သော ဆရာတော် ၂၆၄
[မင်းအောင်]
၃၁။ အောင်ဆန်း = ချာချီ = ဝယ်လင်တန် ၂၇၀
[ဗမိုး]
၃၂။ ဂန္ဓီ - မှိုင်း - ဗိုလ်ချုပ်အောင်ဆန်း ၂၇၆
[လေ့လာသူတစ်ဦး]


mgyoe.com

mgyoe.com

၃၃။ ဗိုလ်ချုပ်နှစ်ဦး လယ်ဝေးတွင် ဆုံခဲ့စဉ်က ၂၈၀
[သခင်ကြည်ရှိန်]
၃၄။ အာဇာနည်မဖြစ်လိုက်ရသော ကျွန်တော် ၂၈၉
[စောစံဖိုးသင်]
၃၅။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဦးသန့် (၁) ၂၉၄
[တင်ဝင်းမောင်]
၃၆။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဦးသန့် (၂) ၃၀၂
[တင်ဝင်းမောင်]
၃၇။ ဗိုလ်ချုပ်ဆန္ဒနှင့် ဆရာ့ဝါသနာ ၃၀၇
[မင်းသုဝဏ်]
၃၈။ သူ့အကြောင်း ကျွန်တော် မှတ်မိသမျှကလေး ၃၁၅
[တက်တိုး]

❐

mgyoe.com

mgyoe.com

## အာဇာနည်ဗိမာန်

ဆရာကြီးသခင်ကိုယ်တော်မှိုင်း

အကာအရံ၊ အဆီးအတား၊ စည်းသားသော ဗိုလ်(တေဇ)ဂါထာ။
သဗ္ဗေဗုဒ္ဓါ (တေဇ) ပတ္တာ။
ပစ္စေကာနဥ္စ ယံ(တေဇံ)
အရဟန္တာ နဥ္စ(တေဇေန)။
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။ ။

တေဇပတ္တာ– တေဇပတ္တာနံ၊ တန်ခိုးတေဇ၊ အဝဝတို့နှင့်၊ ပြည့်စုံခြင်းသို့ ရောက်တော်မူကုန်ထသော။ သဗ္ဗေဗုဒ္ဓါ–သဗ္ဗေသံ–ဗုဒ္ဓါနဥ္စ။ လုံးစုံများဖြင့်၊ ဘုရားရှင်တို့၏လည်းကောင်း။ ပစ္စေကာနဥ္စ၊ ဘုရားငယ်ဟု။ သွယ်သွယ်ထင်ရှား။ ပစ္စေကဗုဒ္ဓါဘုရားတို့၏ လည်းကောင်း။ ... အရဟန္တနဥ္စ၊ ကိလေသာ ကင်းပြတ်၊ ပရမတ္ထ သံဃာ၊ ရဟန္တာ အရှင်မြတ်တို့၏လည်းကောင်း၊... ယံတေဇံ၊ ဖုံဖုံလွှမ်းမိုး၊ အကြင်တန်ခိုးတော်သည်၊ အတ္ထိ၊ ရှိပါပေ၏။ ဧတေသံ၊ ဘုရား, ပစ္စေကဗုဒ္ဓါ၊ ရဟန္တာသခင်၊ ထိုထိုအသျှင် မြတ်တို့၏၊ တေဇေန၊ တန်ခိုးတေဇော်၊ အာနုဘော်တော် အစွမ်းအားဖြင့်၊ သဗ္ဗသော၊ နေ့ညမယွင်း၊ အချင်းခပ်သိမ်း၊ ... ဝါ။ လေးရပ် ရှစ်ရပ်၊ ဆယ်ရပ်ဒီသာ၊ မျက်နှာတိုင်း မျက်နှာတိုင်းမှ၊ ရက္ခံ၊ ဘေးရန်မမှောင့်ဖို့။ အစောင့်အရှောက်ကို၊ ဗန္ဓာမိ၊ ဖွဲ့ဖွဲ့စည်းစည်း၊ အဆီးအတားပမာ၊ စည်းသားပါ၏ဘုရား။

mgyoe.com

mgyoe.com

ဤ၌တွင်ရွှေကား၊ အရှေ့ကိုငမင်၊ တောင်ခွင်စစ်သား၊ နောက်ကား ဗိသနိုး၊ သားမျိုးရပ်ခွင်၊ မြို့လုလင်နှင့်၊ လေးအင်မချို့၊ မြို့၏ကျက်သရေ၊ ထွန်းပပေသော တောင်တွင်းကြီးဟူ၍ လည်းကောင်း၊

၎င်းပြင်တစ်ဖြာ (၁) ရတနာတင်းတိမ်၊ ဂုဏ်သိမ်ကြေညာ၊ (၂) ဇေယာဝဓုန၊ (၃) ပုဏ္ဏဝတီ၊ သညီပြောင်ဝင်း၊ တဘောင်လင်းသည့်၊ (၄) တောင်တွင်းကြီးဟူ၍ လည်းကောင်း၊

ပေလည်းလေးပင်၊ ရှင်လည်းလေးပါးဟူ၍လည်းကောင်း၊

ပေတစ်ပင်၊ ရှင်တစ်ပါး ဟူ၍လည်းကောင်း၊

၎င်းနောက်တစ်နည်း။ တောင်တွင်းကြီး လူစကောင်းသဖြင့်၊ မူလပေါင်း ၉၉ တွင်။ တိုးဘာက ၆၆ ရှိသည်ဟူသောအရ၊ တောင်တွင်းကြီးမြို့မ၏ အရံအပါ။ ကျေးရွာနယ်မြေပေါင်း ၁၆၅ ရှိသည်ဟူ၍လည်းကောင်း။

ရှေးဟောင်းခေတ်အခါက၊ လွန်စွာထင်ရှားခဲ့သော တောင်တွင်းကြီးမြို့တွင်၊ ဘုရင်မင်းပေါင်း ၄၁ ဆက်မျှ စိုးစံတော်မူဖူးပေသဖြင့်၊ သရေခေတ္တရာပြည်၊ ပုဂံပြည်တို့ထက်ပင်။ အလျှင် ရှေးကျကြောင်းနှင့်၊ ၎င်းတောင်တွင်းကြီးမြို့၊ ရတနာဗိမာန်တောရ ဆရာတော် ဘုရားကြီး၏ အန္တေဝါသိက၊ အစိုးရပထမကြီး၊ ဦးညာဏ အသျှင်လျှင်၊ စီရင် တော်မူသည့် တောင်တွင်းကြီး ရာဇဝင်သစ်တွင်ပါရှိသည့် –

ရာဇဝင်တေးထပ်ကား။

ရာဇဝင်မင်းအများကိုလ၊ အကျဉ်းအားမှာမည်၊ အခင်းသွား သမ္မာညီသည်။ မြန်မာပြည်အကြောင်း၊ (လေးကျိပ်တစ်)တင်းတိမ်နဂရာမှာ၊ လင်းထိန်စွာ စံတဲ့မင်းကောင်း။ ။ ခေတ္တရာ ရွှေပြည်ဝယ်၊ (နှစ်ဆယ်ခွန်) မင်းပေါင်း။ ကဲအမွန်ရှည်ကြောင်း။ မင်းကောင်း များစံ၌ာနီ။ ။ ပုဂံမှာ (ငါးဆယ့်ငါး)ရယ်နှင့်။ ပင်းယအား (ခြောက်ဆက်)သာစည်။ ။ စစ်ကိုင်း၌ (ခုနစ်)မည်။ ညောင်ရမ်းပြည်(တစ်ဆယ်) မင်းရယ်နှင့်၊ အင်းဝ၌ (ဝီသ)သာ၊ မင်းမြတ်ရာဇာ။ ။ မုဆိုးဆက်(ဆယ့်တစ်ဖြာ)တွင်။ ပြည်ပျက်ရှာ အကြောင်းပလေး။

ယင်းအဆိုပါ၊ မင်္ဂလာတောင်တွင်းကြီးမြို့၏ မြို့ရံ ၁၃ မြို့မှာ –

(၁) ငမင်မြို့။ ။ မြို့အရှေ့မှာ၊ ယခု နတ်ဝှက်ထားသည် ပြောဆိုကြသည်။

(၂) စစ်သားမြို့။ ။ မြို့တောင်ဘက်မှာ လူနေနည်းပါးသည်။

mgyoe.com

(၃) ဗိသနိုးမြို့။ ။ လူနေမရှိ။

(၄) လုလင်မြို့။ ။ မြို့မြောက်ဘက်မှာ မေဂျာဂျင်နရယ် ဗိုလ်ချုပ်အောင်ဆန်း တည်းဟူသော ဗိုလ်တေဇ၏ အဘိုး။ ရိုးရာအလိုက်၊ ရွှေတိုက်စာရင်းဝင်။ တောင်တွင်းကြီးမြောက်လက်တစ်ခွင်၊ ဘုရင်ဖြစ်ဖူးသော မြို့သူကြီး ဦးမင်း ယောင် ကြီးစိုးသော မြို့ဖြစ်သည်။

(၅) နတ်မောက်မြို့။ ။ မြို့မြောက်ဘက်မှာ။ ဗိုလ်ချုပ်မင်း အောင်ဆန်း၏ ဇာတိဋ္ဌာနဖြစ်သည်။

(၆) မြို့သစ်မြို့။ ။ ၎င်း၏မြောက်ဘက်မှာ။

(၇) ရန်ကာမြို့။ ။ ၎င်းမြောက်ဘက်မှာ။ ယခု လူနေ မရှိ။

(၈) ပတ္တနဂိုရ်မြို့။ ။မြို့အနောက်မှာ။

(၉) ဝါးနွယ်ကုန်းမြို့။ ။ မြို့အရှေ့တောင်မှာ၊ ယခု လူနေမရှိ။

(၁၀) တောခွင်မြို့။ ။ မြို့အနောက်တောင်မှာ။

(၁၁) ပင်းမြို့။ ။ မြို့မြောက်ဘက်မှာ။

(၁၂) ကျောက်ပန်းတောင်းမြို့။ ။ မြို့မြောက်ဘက်မှာ။

(၁၃) ပုပ္ပားမြို့။ ။ မြို့မြောက်မှာ ရှိသည်။

ဤပြဆိုခဲ့သည့် တောင်တွင်းကြီးသမိုင်းရာဇဝင်အရ၊ သင်္ခါရဓမ္မ၊ လောကဓမ္မတာ။ ဖြစ်ချင်ရာဖြစ်တတ်ခြင်းကြောင့်၊ ဗိုလ်ချုပ်အောင်ဆန်းကို ဖွားမြင်ရာ။ မင်္ဂလာနတ်မောက်မြို့ တည်ထောင်ခြင်းမှာ။ တောင်တွင်းကြီးမြို့ မတည်ခင်။ ရှေးလျှင်အစ၊ ပထမက။ ပိဋ္ဌိယက္ခမင်းကြီး တည်ထောင်စံနေတော်မူခဲ့သော ကာသိကရာဇ်တိုင်း။ ဗာရာဏသီပြည်ကြီး ဖြစ်ခဲ့ဖူးကြောင်းများနှင့်၊ ၎င်းဗိုလ်ချုပ်အောင်ဆန်း၏ အမိဘက်ကဆွေမျိုးသားချင်း၊ ပင်း–နတ်မောက်–ကျောက်ပန်းတောင်း။ သုံးမြို့ဝန်မင်း၏ ရှေ့ဘက်ဝန်စာရေးကြီး ဦးကြော့ရေးသားသည့် တေးသီချင်း ကဗျာ၊ လင်္ကာအရပ်ရပ်စာအုပ်ကို၊ ဟိုလွန်ခဲ့သော ၃၄ နှစ်လောက်က၊ သူရိယတိုက်တွင်၊ ကျွန်ုပ်တို့ကိုယ်တိုင် ကြီးကြပ်ပြင်ဆင်ရိုက်နှိပ်ခဲ့ရာ။ အဆိုပါ စာအုပ် မျက်နှာ ၁၃ မှာ၊ အောက်ပါအတိုင်း တွေ့ရပေသည်။

နတ်မောက်မြို့ သမိုင်းဘွဲ့တေးထပ်

ပြည်ဗာရာ–ကာသိက။ လင်းသီရိခြည်ရောင်။ မင်းပိဋ္ဌိ တည်ထောင်

mgyee.com

mgyoe.com


သည်။ ရှည် ယခေါင်–ပကတူး။ ။ အောင်နက် သန်မြေနဂိုရ်မှာ။ ရွှေပဟိုရ် နန်းစိုက်ခဲ့ဖူး။ ။ ပထဗျည္စနဲ့နေရုံလို၊ ဇေယျခုံရောင်မြူး။ ရေယမုန်သောင်ဦး နှင့်၊ တောင်ဖြူးမြင့်ဂီရိန် ။ ။ သပြေမော်–တေဇော်ရွှန်း။ ။ ရွှေမော်ကွန်း–ထွန်းခဲ့ထိန်ထိန်။ ။ အယုဇ္ဈ–ရဝေသိန်လို။ ရွှေဝတိန်စံခင်းသို့၊ ကန်မင်းရေကြည်ကြည်။ ဝန်းခပတ်လည်။ ။ ရွှေမောက်မြို့ ဒြပ်ရည်ကို။ နတ်တစ်ပြည်ဆိုလောက်ပေလေး။

၎င်းအထက်ပါ တေးထပ်ကိုရေးစပ်သည့်။ ရှေ့ဖတ်ဝန် စာရေးဦးကြော့မှာ၊ နှယ်နှယ်ရရ၊ သာမညမဟုတ်ပေ၊ ရှေးလွန်လေပြီးသောအခါ၊ ရတနာပူရ အင်းဝခေတ်၊ သက္ကရာဇ် ၈၆၃ ခုနှစ်တွင် နန်းတက်တော်မူသော။ ရွှေနန်းကြော့ရှင် ဘုရင်နရပတိနန်းစံ ၄ နှစ်အတွင်း။ ယင်းတော်မြို့စား။ ရှစ်ရှားမြို့စား ညီအစ်ကို။ ငတုံးတာ၊ ငပြည့်ဝတို့သည်။ ပြည်အား တောင်ငူအားတို့နှင့် ခြားနားမှုံဆန်၊ ပုန်ကန်သောအရေးတော်တွင်၊ "ဘယ ကျော်သူ" ဆိုသော ရဲဘက်တော်အမတ်၊ ဗိုလ်ချုပ်ကြီးသည်၊ ပွဲရဖန်များပေသည်ဟု၊ ထီးစလွယ်နှင့်တကွ၊ စားသော နတ်မောက်မြို့တွင်၊ ဆင်မြင်းဗိုလ်ပါ လောင်းစွက် သနားတော်မူကြောင်း။

## ဗိုလ်ချုပ်ဘယကျော်သူ ကျဆုံးခြင်း

၎င်းနောက် တစ်ခေတ်၊ သက္ကရာဇ် ၈၈၅ ခုနှစ်တွင်၊ ရှမ်းမိုးညှင်းစလုံနှင့်၊ သား သိုဟန်ဘွားတို့။ အင်းဝသို့ဆင်း၍၊ အတင်းတိုက်ခိုက်ရာ၊ တောင်ပလူ တစ်ဝိုက်၊ ဆင်တပ်ချင်းတိုက်ပွဲတွင်၊ ဗိုလ်ချုပ်ဘယကျော်သူသည်။ ရဲမြတ်လှ ဟူသော ဆင်ကိုစီး၍၊ တိုက်ရကား။ သိုဟန်ဘွားစီးသောဆင်၊ မျက်နှာသုန်၍ ပြေးလေ၏။ ဗိုလ်ချုပ်ဘယကျော်သူ အတင်းလိုက်၍တိုက်သည်။ ရှမ်းစလုံ တူ–စမော်ခန်းကူ၍ တိုက်လေသော် ဗိုလ်ချုပ် ဘယကျော်သူ စီးသောဆင်၊ မျက်နှာသုန်ချေ၏။ ။ ယင်းသို့စဉ်တွင်၊ ရှမ်းတို့ဘက်က ပစ်ခတ်သည့် သေနတ်ကျည်ဆန်ထိမှန်၍၊ ဗိုလ်ချုပ် ဘယကျော်သူ၊ ဆင်ဦးတွင်ဆုံးချေ၏။

(ဗိုလ်ချုပ်သဘယကျော်သူကား ရှင်အဂ္ဂသမာဓိ၏ ခမည်းတော် နတ်မောက်စားတည်း။)

ဤကား မှန်နန်းရာဇဝင်အရ ဖော်ပြခြင်းဖြစ်သည်။

ယင်းအထက်က၊ အမြွက်မျှဖော်ပြခဲ့သည့် နတ်မောက်မြို့စား ဗိုလ်ချုပ်

mgyoe.com

ဘယ ကျော်သူ၊ ရှင်အဂ္ဂသမာဓိတို့သည်ကား။ အခြားမဟုတ်။ ဗိုလ်ချုပ်အောင်ဆန်း၏ အမိဘက် ဆွေမျိုးပေါက်ဖော် တော်စပ်သူ၊ စုံနံ့သာမြိုင် ရှာပုံတော်ကြီး စသော ကဗျာလင်္ကာ အရပ်ရပ်တို့ကို ရေးစပ်သီကုံးခဲ့ပေသော ရှေ့ဖတ်ဝန်စာရေး ဦးကြော့က၊ ခနေဖြူဝန်ထောက် ဦးကျော်ထွန်းသို့ပေးသည့် "မြတ်ထက်မြတ်လှ၊ ဘဒ္ဒက"ချီ မေတ္တာစာတွင်။

သက္ကကောဇာ၊ မြန်မာသက္ကရာဇ် ၈၄၆ ခုနှစ်အရောက်ဝယ်၊ နတ်မောက်မြို့မည်သီး၊ မြို့သူကြီး မြို့ဝန်ဟု၊ တံခွန်ရဲရည်၊ မှူထမ်းဂုဏ်ကြည်သဖြင့်၊ ငယ်မည်ကို မောင်ဘွားမြ၊ ဘယကျော်သူတွင်၊ လှော်စင်ရွှေသား၊ ဘွဲ့သနားသည့်၊ သားမောင်မြနောင်၊ မောင်မြအောင်ဟု၊ ဂုဏ်ရောင်ဝှဲချီး၊ သားအကြီးသည်၊ မြို့သူကြီးအရိုက်အရာကို ဆက်ခါ စိုးမိုးလေသတတ်။

မြတ်သည့်စာဂီ၊ ပါရမီနှင့်၊ ညီမောင်မြအောင်ကား၊ လူ့ဘောင်မှ ခွာထွက်၍၊ တဏှာကွယာ၊ ကုန်ကြောင်းရှာသဖြင့်၊ အရှင်အဂ္ဂါသမာဓိဟူ၍၊ ဇမ္ဗူမဆုံ၊ ပျံ့နှံ့တစ်လွှား၊ ပညာပွါးသည်နှင့်၊ ထင်ရှားကျော်စောခြင်း ဖြစ်လေသတည်း။

ထိုအရှင်ဘုရား၊ ဆန်းကြယ်စကား၊ အခန်းထားတဲ့၊ ကျမ်းများဘိကား၊ နေမိဘုံခန်း၊ ငရဲခန်းဆက်၊ မဃ္ဃဒေဝ၊ သုဝဏ္ဏသာမ၊ ရှေးအထက်က၊ လေးဆက်ပြခဲ့၊ နေလသဖွယ် ထွန်းလေသည်။

ဤအရှင်မြတ်၊ လက်မှတ်ရေးထိုး၊ မဃ္ဃစိုးဟု၊ ထက်မိုးထိချင်း၊ သို့သတင်းကို၊ တွင်းသင်းမင်းကြီးစာ၊ မကြားစလျက်၊ အမှားဖက်၍၊ ဇယားကွက်ပါသောကြောင့်၊ များစွာလူထု၊ သဘောနုသော၊ သောတုဇနေ၊ ဝိဝါဒ၊ ကလဟနောင်ခါ၊ ကင်းစေငှါဖြင့်၊ ရှင်အဂ္ဂသမာဓိနှင့် ဇာတိမျိုးရိုး၊ ဘေးဘိုးစဉ်လာ၊ နွယ်ဖြာခဲ့သော၊ ပညာမွေခံ၊ သင်အံပြုစု၊ ဗဟုသုတ၊ ရှုဆမပျက်၊ ဆက်လက်တိုးပွားအောင်၊ ကြိုးစားအားထုတ် နေထိုင်လျက်ရှိပါသော၊ ရှေ့ဖတ်ဝန်စာရေးက၊ ပျံ့မွှေးကြိုကြို ရနံ့သင်းသင်း၊ ပန်းသတင်းကို၊ လေညင်းယူသကဲ့သို့၊ ခနေဖြူဝန်ထောက်မင်းကို၊ လွှန်မြောက်ခြင်းစေတနာနှင့်၊ သတင်းစာတံဆိပ်ရိုက်၍၊ ပုံနှိပ်တိုက်တင်လိုက်ပါသည်။

ထိုအဆိုပါ မေတ္တာစာအရ၊ မြန်မာ့ရာဇဝင်၊ သာကီဝင်မင်း အဆက်ဆက်၌၊ ရဲဘော်ရဲဘက်၊ အကျော်ဇေယျ၊ ဘယကျော်သူမည်သော ဗိုလ်ချုပ်ကြီး၏သား၊ ထင်ရှားပေါ်လွင်၊ အလင်္ကာပါရဂူ၊ ဖြစ်တော်မူသော အရှင်အဂ္ဂ

mgyoe.com

သမာဓိ၏ ကျောင်းတော်သည်၊ ဤအဆိုပါနတ်မောက်မြို့ မြောက်မျက်နှာတွင်၊ ယခုတိုင်ရှိလျက်။ ဗိုလ်ချုပ်အောင်ဆန်း၏မအေ၊ ဒေါ်စုမောင်တော်၊ လူမည် ဦးငွေဒိုင်၊ ရဟန်းဘွဲ့ ဦးယောသိတအရှင်သည်၊ သာသနာဝင်၊ ဆွေစဉ် မျိုးနွယ်မပျက်၊ ဆက်လက်သီတင်းသုံးတော်မူလျက် ရှိလေသည်။

ဤသို့လျှင်၊ ရတနာပူရ၊ အင်းဝပြည်ကြီးရှင်၊ ဘုရင်နရပတိလက်ထက်၊ စစ်ဘက်တွင်၊ ပေါ်လွင်ထင်ရှားခဲ့သော၊ နတ်မောက်မြို့စားဘယကျော်သူ ဗိုလ်ချုပ်ကြီး၏ အမျိုး၊ ရိုးရာမပျက်၊ ဆက်လက်ပြီးလျှင်၊ ရွှေတိုက်စာရင်းဝင်၊ မြို့လုလင် သူကြီးတည်းဟူသော၊ ဦးမင်းယောင်သည်၊ ရွှေလရောင်ဘွဲ့ကို ခံယူပြီးလျှင်၊ ယခင်လွန်ခဲ့သော ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်၊ တနင်္ဂနွေနေ့တွင်၊ အရှင်သီပေါမင်းတရားကို၊ အင်္ဂလိပ်များ၊ ဖမ်းယူသွားသဖြင့်၊ တိုင်းကားပြည်ရွာ၊ ပျက်စီးသောအခါ၊ တောင်တွင်းကြီး မြောက်လက်တစ်ခွင်၊ ရှင်ဘုရင်အဖြစ်နှင့် စိုးစံလျက်။ အင်္ဂလိပ်တို့ရန်ကို ခုခံတိုက်ခိုက်ပုံ စသည်များကို၊ ကိုးကားဖော်ပြခဲ့သည့် တောင်တွင်းကြီး ရာဇဝင်သစ်မှာ အောက်ပါအတိုင်းပင် ပါရှိသောဟူ၏။

## ဗိုလ်ချုပ်အောင်ဆန်း၏အဘိုး ရွှေလရောင် ဘုရင့်အကြောင်းတော်

သက္ကရာဇ် ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလတွင်၊ မန္တလေး နေပြည်တော်မှ၊ သီပေါ ဘုရင်မင်းမြတ်၊ အင်္ဂလိပ်နိုင်ငံသို့၊ လိုက်ပါသွားသောအခါ၊ မြို့လုလင်သူကြီး ဦးမင်းရောင်သည်၊ ရွှေလရောင်မင်းသားအမည်ဖြင့်၊ အင်္ဂလိပ်အလံအောက်သို့ မဝင်ဘဲ၊ သုံးနှစ်တိုင်တိုင်၊ မင်းခမ်းမင်းနား၊ ထီးဖြူဖွင့်၍၊ တောင်တွင်းကြီးမြို့မြောက်လက်တစ်ခွင်၊ ဘုရင်ပြုလုပ်တော်မူသည်။

ထိုအခါ၊ အင်္ဂလိပ်စစ်သားတို့သည်၊ မြောက်လက်နယ်ဘက်သို့ မထွက်ဝံ့ဘဲ၊ မြို့တွင်းကသာ နေရလေသည်။ ရွှေလရောင်မင်းသားလည်း၊ စစ်သည်ဗိုလ်ပါ စုဆောင်းသိမ်းသွင်း ခုခံနေသည်မှာ၊ ၃ နှစ်တိုင်အောင် ထီးဖြူရာဇပလ္လင်၊ ဥကင်တော်ဖွင့်၍ စံပယ်တော်မူသည်။

ထိုနောက်တစ်ဖန်၊ အင်္ဂလိပ်တို့ဘက်က၊ စစ်သည်ရဲမက်၊ လက်နက်အင်အား၊ ကြီးလှသည်နှင့်၊ တပ်စွဲစံနေတော်မူရင်း၊ မြို့လုလင်မှာ မနေနိုင်တော့ဘဲ၊ ရိုးမတောင်တန်း တောခြေအတွင်း၊ မြင်းမဏိတောင်ထိပ်မှာ မြို့နန်းတည်ကာ၊ သစ်တပ်ကာ၍၊ မြို့ကျုံး ခံတပ်ပြုလျက် စံနေတော်မူရင်း၊ မြင်း

မဏိတောင် ထိပ်ခံမြို့သို့တစ်ဖန်၊ အင်္ဂလိပ်တို့က၊ လိုက်လံတိုက်ခိုက်ပြန်သဖြင့်၊ သစ်တပ်မြို့ကြီးပျက်စီးပြီးလျှင်၊ ရွှေလရောင်ဘုရင်သည်၊ ဆင်တော်ကို စီးလျက်၊ အနောက်လက်သို့၊ ထွက်တော်မူရလေသည်။

ယင်းသို့ထွက်တော်မူခဲ့ပြီးနောက်၊ တောင်တွင်းကြီးမြို့နှင့် ခရီး တစ်သောင်းကွာ၊ လေးတိုင်စင်ရွာတွင်၊ ရွှေလရောင်မင်းနှင့် အင်္ဂလိပ်တို့၊ အကြိတ်အနယ်တိုက်ပွဲတွင်၊ ဘုရင် ရွှေလရောင်မင်းကို၊ အင်္ဂလိပ်တို့က လက်ရဖမ်းဆီးမိလေသည်။

သို့ဖမ်းဆီးပြီးလျှင်၊ ရွှေလရောင်ဘွဲ့ခံ၊ မြို့လုလင်သူကြီး ဦးမင်းရောင်ကို၊ တောင်တွင်းကြီးမြို့သို့ ခေါ်ဆောင်ခဲ့၍ တကယ့်သူရသတ္တိနှင့် ပြည့်စုံကာ၊ ဩဇာအာဏာ ရှိသည်ကို သိသည့်အတိုင်း၊ ခိုင်းစေ၍ကောင်းမည်အထင်နှင့်၊ တောင်တွင်းကြီးမြို့ဝန် ခန့်ထားသော်လည်း၊ ဦးမင်းယောင်သည်ကား၊ လူမျိုးခြား လက်အောက်တွင်၊ ဝန်တယောက်၊ ကျွန်သပေါက် မလုပ်လိုသည့်အတွက်၊ ရက်စက်လှစွာသော နယ်ချဲ့သမား အင်္ဂလိပ်စစ်ဗိုလ်တို့က၊ ထိုအဆိုပါ ဗိုလ်ချုပ်အောင်ဆန်း၏အဘိုး၊ ရိုးရာမြို့လုလင် သူကြီး ဦးမင်းယောင်တည်းဟူသော ရွှေလရောင်ဘုရင်ကို၊ အရှင်လတ်လတ်၊ ဦးခေါင်းကိုဖြတ်၍ သတ်လိုက်လေသတည်း။

ထိုသို့လျှင်၊ မြို့လုလင်သူကြီး ဦးမင်းရောင်နှင့် အင်္ဂလိပ်တို့၊ အကြိတ်အနယ် တိုက်ပွဲအတွင်း၊ ဦးမင်းရောင်၏ဘောင်းတော်ကို မီးလောင်သည်ဟု အိပ်မက်မြင်မက်ခြင်းကိုပင်၊ စိတ်တင်းတော်မူဖို့ရာ၊ အလင်္ကာပါရဂူ၊ ဆရာတစ်ဆူ၊ ဟူစလောက်သော၊ ရှေ့ဖတ်ဝန်စာရေး ဦးကြော့က၊ သုတိဩဘာ၊ မင်္ဂလာရှိသော နိမိတ်ဖတ်ကြား၍၊ လျှောက်ထားသော သံချိုကဗျာမှာလည်း၊ အောက်ပါအတိုင်းဟူလို။

### ရွှေလရောင်ဘုရင်ဘုန်းတော်ဘွဲ့အလင်္ကာ ကဗျာသံချို

(၁) ထောင်ရောင်ဘွဲ့–သဟာသိန်၊ နတ်ရဝိန်– ရွှေပြဘင်ဟု၊ နေလုလင်စံတဲ့ တိုင်းကိုလ၊ သမိုင်းစောင်မာန်ချွေ၍၊ ရန်အောင်မြေ ရွှေဘုမ္မိမှာဖြင့်၊ ဇာတိတော်ရိုက်ရာ ရိုးပေမို့၊ ဘိုးဘီဘင်ဆက်ခါစိုးခဲ့၊ မျိုးဝံ့သမတ်ဘုန်းခေါင်။

(၂) မန်းကနက်မှာလ၊ နန်းနှစ်ဆက် ရွှေဘုံစံတဲ့၊ ဗောဓိရန် ပန်ရွယ်ဆု၊ ကက္ကုဂုရှင်–နေနွယ်နတ်တို့ကို၊ ဘိလပ်ပိုင်ဇကေရိကာ၊ ရေနဒီပင်လယ်ကြောကို

mgyee.com

လ၊ သင်္ဘောတော် ယူဆောင်သ,တဲ့ပြင်။ လောကကို အပိုင်ကြံ၍၊ နိုင်ငံပါ ယူတဲ့ ခေတ်တွင်မှ၊ ရှစ်ခွင်ဗလောင် ဆူ၍၊ မကြည်ဖြူ ပြည်သူတို့ ညှိုးပြန်တော့၊ မြတ်မျိုးဆွေမဟာက၊ ကရဏာ–လွှန်သနားသော်ကြောင့်၊ လေးပါးစုံ သေနင်္ဂါနှင့်၊ ဖွဲ့စည်းကာ ချီတော်မူခဲ့၊ မြန်ငှ–ရန်သူမှ ပိုင်းရှာလိမ့်၊ ရွှေလရောင်–သာဘွဲ့လှိုင်းပါဘိ၊ တိုင်းကြီးကျိုးဆောင်။

(၃) သောင်းဇမ္ဗူဒိပ်မှာလ၊ ကောင်းနမိတ်မင်္ဂလာနှင့်။ နတ်သမာဒေဝါတို့ ပြလာရ၊ ပန်းမာလာ–ထုံအကြိုင်နှင့်၊ စုံဂနိုင် မြိုင်စခန်း၊ ညချမ်း–တစ်ရံ ရောတွင်မှ၊ အံ့သြဖွယ် တေဇာလှိုင်ဖို့၊ မြို့ကြီးပိုင် ဥသျှောင်ဘောင်းကိုလ၊ နှောင်ကောင်းစေအချိန် ရောက်ပြန်တော့၊ ညီးရှိန်ရှိန်–မီးထိန်လို့တောက်ပြန်ရ။ .. ထို့နောက် မြင်အိပ်မက်မှာလ၊ ဂငါးမျက်နှာ စောဘုန်းခေါင်၊ ငါးမာရ်အောင်–တွင်သမုတ်ရမတဲ့၊ ဆွမ်းသင်ပုတ်–လှူဒါန်းနှောင်။ ရန်တိုင်းရှောင် အောင်ပြီး။ ။

(၄) ကိန်းသိုက်လာ–တဘောင်သံမတော့၊ဟိုနောင်ဖန် မကြာခင်ဘုဘာရှင်ရွှေဘုံ စိုးစေဖို့၊ ဂ သတိုးမှန်အတိတ်ပါပဲ၊ တံဆိပ်တော်ပမာစံရလျှင်၊ ပြည်ပေါက်ကွဲ–နော်ရထာဘုန်းတွင်မှ၊ လက်သုံးတော်–ရိန္ဒမာနှင့်၊ သိန္ဓဝါ–ဣန္ဒာဖို့ဆက်လာရ၊ ဘဝင် ထို–တေဇာ ပြောင်သည့်၊ ကြန်စစ်မောင်–ကုသိုလ်နှင့်နှုန်းကြစို့၊ ညာရုံးခိုလှုံသည့်။ ဗိုလ်ပေါင်းစုံ ဂုဏ်ဒြပ်ကို၊ ပုံကပ်ခါ ပမာဆောင်ရလျှင်။ မင်းညီနောင်–မောင်ရွှေဖျဉ်းတို့နှင့်၊ သတင်းကျော် ပတ်ကုံး၊ မောင်လုံး–ညောင်အုပ်ဖီးရဲ့ပြင်၊ ရှိန်းပြီးသူ ညီမောင်ထွေးတို့လို၊ စစ်ရေးရာ အတူမို့၊ ရဲမက်လူ ကုဋေဆင်၍၊ စစ်ဘုရင်–ရှစ်ခွင်သိမ်းပါလိမ့်၊ ကိန်းရမတ်ကြီး။ ။

၎င်းအထက်ပါ၊ ကဗျာသံချို အလိုအားဖြင့်၊ ဗိုလ်ချုပ်အောင်ဆန်း၏ အဘိုး၊ မြို့ လုလင်သူကြီး – ဦးမင်းရောင်သည်၊ ဂ နေလုလင်စံတဲ့တိုင်းကိုလ" ဟူသောအရ၊ သူရိယဝံသ၊ အာဒိစ္စအဆွေ၊ နေမျိုးမင်းဆက်မှ ဆင်းသက်လာကြောင်း။ ။ ၎င်းပြင် အထောက်အကိုးမှာ၊ ဂ "သတိုးမှန် အတိတ်ပါပဲ" ဟူသောအရ၊ ပထမရှမ်းပြည်တည်ဟောင်း၊ တကောင်းမင်းရိုး၊ သတိုးမင်းဖျား၊ မင်းတရားတို့မှ၊ ဆက်ပွားသက်ဆင်းသည့်၊ မင်းရိုး မင်းမျိုးဖြစ်ကြောင်း။ ။ ၎င်းနောက်၊ "ငါးမျက်နှာ စောဘုန်းခေါင်" ဆိုသည်ကား၊ ကိုင်းရွာတွင် တည်ရှိတော်မူသည့် ငါးမျက်နှာဘုရားဖြစ်ကြောင်း။ ။ ထို့နောက် နတ်မောက်မြို့

mgyoe.com

တွင်ကား၊ ရွှေဘုံသာဘုရား၊ မြစည်းခုံဘုရား၊ ရန်အောင်မြင်ဘုရားတို့သည်၊ တန်ခိုးကြီးဘုရားများပင် ဖြစ်ကြောင်းကိုလည်း၊ ကောင်းကောင်းကြီး မှတ်သား၍၊ များများကြီး ရှိခိုးပူဇော် ဖူးမြှော်ကန်တော့ကြပါကုန်။

ယင်းသို့လျှင်၊ အကြင်တောင်တွင်းကြီးမြို့၏တာရာ။ "စုံနံ့သာမြိုင်" ဆရာကြော့ ရေးသားသည့်၊ ရှေးသွားသံချို၏ လိုရာကောက်နုတ်ချက်ကို ဖော်ပြပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းတို့၏ နတ်မောက်မြို့၊ တမာပင်ကျောင်း ဒုတိယဂိုဏ်းထောက် ဆရာတော်ဘုရားသည်၊ ရုပ်သေးမင်းသားမောင်ဘေစုနှင့်၊ ၎င်းမင်းသမီး မောင်အောင်တိုးတို့ကို ရေးသားချီးမြှောက်သည့်၊ နတ်မောက်မြို့အမွှန်း၊ ခွန်းထောက်ကဗျာကိုလည်း၊ ပညာဗဟုသုတအလို့ငှာ၊ အောက်ပါအတိုင်း ဖော်ပြလိုက်ပေသည်။

### နတ်မောက်မြို့ဘွဲ့အညွှန်း။ ခွန်းထောက်သဖြန်လေးချိုး

(၁) ပရနိမ္မိတ–ဝသဝတ္တီ–နတ်ပြည်ရွှေဘုံကြငှန်းကဲ့သို့၊ အမျှအရှိန်ပြည့်သပ–လ,တရထည်–မြရည်စုံအခြေအနေ ဆန်းလိုက်ပါဘိသနှင့်၊ ဝသုန်မြေ တစ်ဝန်းတွင်ဖြင့် တောက်ပျို့ဝေ၊ (အိုဗျာ) ဂုဏ်သရေလွှမ်းပါတဲ့ မောက်မြို့ပေ။ ။

(၂) ဒြပ်ဘုန်းလျှံ နဂရာဘွေတစ်ဝန်းတွင်ဖြင့်၊ အမြတ်သုံး တန်ရတနာပရမေတို့ ထွန်းလိုက်တာက၊ နေဝန်းရောင်သို့နှယ်မျှ မကပါဘူး၊ ဂ "အသရေရွှမ်းပြောင် မိုးကြယ်ခသလို"၊ ဘေးပ၍ ရန်ကြွေပါသကိုနော်ကွယ်။ အေးမြတဲ့မြေ။ ။

*(၃) မြို့နေသူ–မဟာဇနတို့မှာတော့၊ မချို့အခြေတူ သဒ္ဓါဓမ္မတွေနှင့်၊ ဒါန စေတနာသန်၍၊ စာရိတ္တသိက္ခာမြဲတဲ့ပြင်၊ ဝါရိတ္တံစိတ်မှာစွဲကြပါ၍၊ အံပွဲတော်အခြေ တစ်လီမတော့၊ နေရီလျှင် ဘေရီနှက်ပါလို့၊ ဝတ်တက်ဝတ်ကပ် တစ်ညမသွေ၊ အမ တချွေရန်ဖို့ သိမ့်သိမ့်သောင်း၊ (အိုဗျာ) အမျှဝေပါလို့ ခြိမ့်ခြိမ့်ညောင်း။ ။

(၄) မောင်စုဘေ။ အောင်ဆုရွှေ ပတ္တနာသန်ခဲ့သော်ကြောင့်။ နဂရာဝရုံ–အကြီး တစ်နယ်သို့ ရောက်ခဲ့ရပါသဗျ။ မာနသံ–အနည်းငယ်မျှလဲမမောက်ဝံ့ပါဘူး၊ ပွဲပေါက် အောင် အဆို အငိုနှင့်၊ မပိုမလို ကောင်းစွာကခဲ့ပ၊ အပျို အအို ပေါင်းသဟာယငယ်တို့၊ (ဩော်) မမစစနှင့် နောင်အရှေ့မှူ။

mgyoe.com

mgyoe.com

အောင်မေအပုနှင့်၊ မောင်ဘေစုတို့ကိုလ။ ဂရုတစိုက်–ရှုလိုက်တော်မူကြပ မိတ်ဆွေကလျာအပေါင်း။ ။

(၎င်းအထက်ပါ၊ ကဗျာ သံချို စာပေ၌၊ "အသရေရွှန်းပြောင် မိုးကြယ် ခသလို" ဆိုသည်နှင့်အညီ။ ဤမြန်မာပြည် လွတ်လပ်ရေးအတွက်၊ အသက် နှင့် လဲလှယ်။ တကယ်တမ်း ဆောင်ခဲ့ပါပေသော ဗိုလ်ချုပ်အောင်ဆန်းမှာ။ အာကာသကောင်းကင်၌၊ ဒေါင်းယာဉ် တည်းဟူသော(နေ)နှင့်တကွ၊ (လ) နန်းစန္ဒာ၊ တာရာ–နက္ခတ်ဂြိုဟ်တို့ကိုပစ်ပယ်၍၊ ကြယ် ဖလုံး အရောင်အလျှံ နှင့်။ အောင်လံတော်တလူလူ။ လွှင့်ထူခဲ့သည်ကား။ အံ့တစ်ပါးပင် ဖြစ်တော့ သည်။)

ဤမှတစ်ပါး၊ အပိုဒ်(၃)၏အလိုမှာ၊ ဗိုလ်ချုပ်အောင်ဆန်းတို့၏ အောင် ပန်းပွင့်ရာ၊ မင်္ဂလာနတ်မောက်မြို့သည်ကား။ မတရားသော သူခိုးဓားပြ၊ အဓမ္မဝါဒမျိုးမဟုတ်မူ၍၊ တရားမျှတ။ စာရိတ္တ ဝါရိတ္တ၊ ဒါန, သီလ, ဘာဝ နာ, သမထတို့နှင့်။ ဘုံဝါဒဟူ၍ မှတ်လောက်တဲ့၊ နတ်မောက်မြို့ဂုဏ်ထူးကို၊ ချီးကျူးသမှု၊ သာဓုခေါ်လောက်ပေသတည်း။

ယခုအခါ၊ အဆိုပါဗိုလ်ချုပ်အောင်ဆန်းတို့၏ နတ်မောက်မြို့ အကြောင်းအရာနှင့် ပတ်သက်၍၊ လက်ခုပ်ပင်ရွာ၊ ရှေ့ကျောင်းဆရာတော်၊ အရှင်သာရမဥ္ဇူ၏ ပရပိုက်မူမှ ထုတ်နုတ်၍၊ အကျဉ်းချုပ်ဖော်ပြပေအံ့။

## နတ်မောက်မြို့သမိုင်း


သက္ကရာဇ် ၁၁၃၉ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်နေ့တွင်၊ နတ် မောက်မြို့သူကြီး လက်ျာသီဟဗိုလ်၊ နံ့အင်္ဂါသား၊ အသက် ၇၈ နှစ်ရှိသူ ကိုသူရ၊ နတ်မောက်မြို့တည် မင်းဆက်၊ သက္ကရာဇ်၊ ရှေးထုံးစံအစဉ်အလာ ဆက်သွင်းရိုး၊ အဘိုးအမိန့်အတိုင်း၊ သူရင်းအကောက်အစား၊ တရားကွမ်းဖိုး၊ ရှေးထုံးစံရှိသည်အတိုင်း အစစ်ခံချက်။

နတ်မောက်မြို့ကို၊ ငချစ်တင်–ရာဇဘတ္တရာခံ၊ ဟံသာဝတီရောက် မင်းဘိုးတော် လက်ထက်ကြီးစိုးသည်။ ။ ၎င်းမရှိလျှင် သား–ငမြတ်သန္ဓေ၊ ဟံသာဝတီရောက် ဘုရား ခမည်းတော်လက်ထက် ကြီးစိုးသည်။ ။ ၎င်းမရှိ လျှင်၊ သား–ငယောကြီးစိုးသည်။ ။ ၎င်းမရှိလျှင် မဆိုင်သူ ငပွေး၊ ဝတ္တန သိခ်ဗိုလ်အမည်နှင့် ငအောင်တိုး။ ဘုရာ့ဘိုးတော် အလောင်းမင်းတရား

mgyoe.com

လက်ထက်တော်ကသည်။ ဘုရားဘကြီးတော်ဘုရား လက်ထက်တော်တိုင်ကြီးစိုးသည်။ "အရိုးကို အရွက်မဖုံးစေနှင့်"ဟူသော အမိန့်တော်မြတ် ထွက်ရှိသည်တွင်၊ ကျွန်တော်လက်ျာသီဟဗိုလ်–အရာခံမှန်၍။ ။ ၁၁၂၅ ခုနှစ်၊ တရားနှင့်အညီ ဆောင်ရွက်ကြီးစိုးသည်။

## နတ်မောက်မြို့တည် ဇာတာပုံ




နတ်မောက်မြို့တည်မင်းကား "နန္ဒဗာဟု"နံတော် တနင်္လာသားတည်း။

ငင်းနန္ဒဗာဟုမင်းသည်၊ လူပေါင်း ၄၀၀ နှင့်၊ သက္ကရာဇ် ၄၂၁ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်၊ အင်္ဂါနေ့၊ နံနက်တစ်ချက်တီးကျော်၊ မိဿရာသီတွင် တနင်္ဂနွေနှင့် ဗုဒ္ဓဟူး၊ ကြဋ္ဌရာသီတွင် စနေ။ ပြိဿာရာသီတွင် ကြာသပတေးနှင့် ရာဟု၊ မကာရရာသီတွင် အင်္ဂါ။ ကုံရာသီတွင် သောကြာ။ ပြိဿရာသီတွင် လင်္ဂနှင့် စနေပူးလျက်၊ နက္ခတ် ၆ လုံးနှင့် ယှဉ်သောအခါတွင် နတ်မောက်မြို့ကို တည်သည်။

မြို့၏အရှေ့မြောက်ထောင့်ကသည်၊ အရှေ့မျက်နှာ "ကန်ကြီး"တံခါးအထိ၊ အတာ ၅၀၊ တံခါး၀ ၇ တောင် ၂ မိုက် ၄ သစ်။ ။ ငင်းတံခါးကသည် အရှေ့တောင်ထောင့်အထိ၊ အတာ ၅၀၊ ။ ငင်းထောင့်ကသည် အနောက်မျက်နှာ"ပြူ"တံခါးအထိ၊ အတာ ၅၀၊ တံခါး၀ ၅ တောင် ၂မိုက် ၄ သစ်။ ။ ငင်းတံခါး ကသည် အနောက်မြောက်ထောင့်အထိ အတာ ၅၀။ ။ ငင်းတံခါးကသည် မြောက်မျက်နှာ "ဝက်တိုး" တံခါးအထိ၊ အတာ ၅၀၊ တံခါး၀ ၇–

mgyoe.com

 mgyoe.com


တောင် ၂–မိုက် ၄–သစ်။ ။ ၎င်းတံခါးကသည် အရှေ့မြောက်ထောင့်အထိ၊ အတာ ၅၀။ ။ မြို့အဝန်း ၄၀၄ တာ၊ ၂ တောင်၊ ၂ မိုက်၊ ၁၆ သစ်ရှိသည်။ မြို့ခြေ ၇ တောင်၊ မြို့ရပ် ၅ တောင်၊ ၂ မိုက်၊ မြို့ထိပ် ၆ တောင်။ ။ မြို့နှင့် တာ ၂၀ ကွာတွင် ကျုံး ၂ တန်၊ အစောက် ၅ တောင်၊ အကျယ် ၁၅ တောင်စီ ဖြစ်ပါသည်။

မြို့တည်နှင့် တစ်ပြိုင်နက်ပြုစုတည်ထားကိုးကွယ်သည့် အရာမှာ။ ။ မောင်တော် ကျည်းမကြီး။ နှမတော် ၇ပါး၊ မြင်းဖြူရှင်နတ်ကွန်းတို့ကို ဆောက်လုပ်ကိုးကွယ်ရသည်။

မြို့အနောက်ကို "မြစည်းခုံ" ဘုရား။ အရပ်တော် ၂၅ တောင်၊ ၅ မိုက်၊ ၄ သစ်။ ဖိနပ်တော် ၉ တောင်၊ ၁ မိုက်၊ ၄ သစ်။ စည်းခုံမုတ်ထွက် စေတီရံ ၄ ဆူ။ မြူတာအိုး ၄ လုံး၊ ဥမင် ၇ ၄ ဆူရှိပါသည်။

ရေကန်မှာ ကျွဲရှင်းနှင့် တက်ဆည်သည့်ကန် ဖြစ်ပါသည်။ ကန် အစောက် ၆ တောင်ခန့် ရှိပါသည်။

မြို့ဥပစာမြေ။ ။ အရှေ့သို့ ၄ တိုင်။ တောင်ကို ၁ တိုင်။ အနောက်ကို ၅ တိုင်။ မြောက်ကို ၂ တိုင်ရှိပါသည်။

မြို့နယ်သည် အရှေ့မျက်နှာ၌ ၇ တိုင်ခန့်ကွာ၊ ၃ မြို့ဆုံ ဦးကျောက်ပုံ။ အခြားတစ်ဖက် တောင်တွင်းမြို့၊ ပင်းမြို့၊ မြေနှင့် ကျောခိုင်း။ ။ တောင်ကို ၆ တိုင်ကျော်ခန့် ကွာသည်။ ဆင်ဖြူချည်၊ ဆင်ခုံတိုင်ရွာ။ ။ အခြားတစ်ဖက် တောင်တွင်း၊ ကျေးလက်၊ ပိန်အင်းရွာမြေနှင့် ကျောခိုင်း။ ။ အနောက်တောင် ကို ၇ တိုင်ခန့်ကွာ တောင်တွင်းကြီး၊ မြစ်ကွေ့၊ နတ်မောက် ၃ မြို့ဆုံ ဦးကျောက်ပုံအခြား။ ။ အနောက်ကို ၆ တိုင်ခန့်ကွာ၊ ကုန်းရိုးရေလွှဲသပြေပင် ဖြူ။ ။ အခြားတစ်ဖက် မြစ်ကွေ့ကျေးလက်၊ တက်ဝန်ရွာမြေနှင့် ကျောခိုင်း။ ။ အနောက်မြောက်ကို ၉ တိုင်ကျော်ခန့်ကွာ–ရုံးပင်လင်။ ။ အခြားတစ်ဖက် ပင်းမြို့ ကျေးလက်၊ စခန်းမရွာမြေနှင့် ကျောခိုင်း။ ။ မြောက်ကို ၆ တိုင်ခန့် ကွာကျော်လျှင် ကျောက်ပုံရွာ၊ လက်ပံပွင့်ဖြူပင်။ ။ အခြားတစ်ဖက် ပင်းမြို့ ကျေးလက် (................) မြေနှင့် ကျောခိုင်း။

*မှတ်ချက်။ လက်သည်းကွင်းနေရာ၊ ပုရပိုက်မှာမူ၊ စာလုံး မထင်ရှားပေ။*

"တစ်ကျောင်းတစ်ဆရာ။ တစ်ရွာတစ်ပုဒ်ဆန်း။ တစ်ကျမ်း တစ်ဂါထာ" ဆိုသည်နှင့်အညီ၊ ဤဖော်ပြခဲ့သော သမိုင်းဟောင်းအပြင်။ သိမ်တော်

mgyoe.com

ကျောင်းမှ ရရှိသည့် နတ်မောက်မြို့တည် သမိုင်းမှုကွဲတစ်စောင်အရ ဖော်ပြပါဦးအံ့။

## နတ်မောက်မြို့တည်သမိုင်း

သက္ကရာဇ် ၄၂၃ ခု၊ တပေါင်းလဆန်း ၅ ရက်၊ တနင်္လာနေ့နံနက်။ တစ်ချက်တီးကျော်၊ ၄ မောင်းနှင့် တစ်ဖီလာအချိန်တွင်၊ နတ်မောက်မြို့ကို တည်သည်။ မင်းကား နန္ဒဗာဟု၊ နံတော် တနင်္လာသားတည်း။

(၁) မြို့အရှေ့-ကန်ကြီးတံခါး၊ ၎င်းက ၇-တောင်တာ အတာ ၅၀။

(၂) တောင်မျက်နှာ။ တောင်ပုံတံခါးအထိ။ ၎င်းက ၇-တောင်တာ အတာ ၅၀။

(၃) အနောက်မျက်နှာ။ ဝက်တိုးတံခါးအထိ။ ၎င်းက ၇-တောင်တာ အတာ ၅၀။

(၄) မြောက်မျက်နှာ။ ပြူတံခါးအထိ၊ ၎င်းက ၇-တောင်တာ အတာ ၅၀။

အရပ်ရပ်တာ ၄၀၀၊ မြို့ဝန်းကျယ်သည်။

တစ်ချိန်တည်းတည်သည့် ၇ ဌာနကား။

(၁) နတ်မောက်မြို့တော်။

(၂) နန်းတော်။

(၃) မြို့ကျုံးတော်။

(၄) ဆင်ကျုံး။

(၅) နတ်ကွန်း။

(၆) ကန်တော်။

(၇) ရွှေဘုံသာဘုရား။

ရွှေဘုံသာဟူရာ၌

ရွှေကား။ ။ မြို့၏အမြစ်၊

ဘုံကား။ ။ မြို့တော်၏ နံ၊

သာကား။ ။ မြို့တော်၏အညွန့်

၎င်းမြို့တည် သက္ကရာဇ်ကို ၁၂၄၂ ခု၊ တော်သလင်းလဆန်း ၂ ရက်နေ့၊ အတွင်းဝန် ရွှေတိုက်စိုး၊ မင်္ဂလာမြင်းဝန် တောင်ငူမြို့စား သတိုးမင်းကြီး

mgyoe.com


မဟာမင်းထင်စည်သူကို လျှောက်ထား၍ မစသောကြောင့် ရေကူးရသည့် နတ်မောက်မြို့တည် သက္ကရာဇ်တည်း။

နန္ဒပါဟော်၊ လင်းကြက်ဆော်၊ မြို့တော်နတ်မောက်တည်။

လင်း(၄)၊ ကြက်(၂)၊ ဆော်(၃)။ ။ ၄၂၃ ခုဟူလို။

ထိုအဆိုပါ၊ မင်္ဂလာနတ်မောက်မြို့၏ ဂုဏ်ပုဒ်များကို ဘုရားကြီး ဂိုဏ်းချုပ် ဆရာတော်ဘုရားက နောက်သားနောင်လာ ပညာဗဟုသုတ လိုလားသူတို့ အကျိုးငှာ၊ သဒ္ဒါနည်းအလို ဝိဂြိုဟ်ဝစနတ်၊ ဗျုပ္ပတ်နှင့်အညီ၊ ဤဆိုလတ္တံ့သော အာဘော်ဖြင့် ထုတ်ဖော်မိန့်မြွက်တော်မူသည်ကား။

## နတ်မောက်မြို့ ဝိဂြိုဟ်

နဂရံ တာယတိ ရက္ခတိတိ နတ်။ ။

ဘယံ မောစေတီတိ မောက်။ ။

နတ်စ သော မောက်စာတိ 'နတ်မောက်'။

နဂရံ၊ မြို့ကို တာယတိရက္ခတိ၊ စောင့်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ နတ်၊ နတ်မည်၏။ ။

ဘယံ၊ ဘေးကို။ မောစေတိ၊လွတ်စေတတ်၏။ ဣတိသ္မာ၊ ထို့ကြောင့်။ မောက်၊ မောက်မည်၏။ ။

နတ်စ၊ မြို့ကိုစောင့်တတ်သော နတ်လည်းဟုတ်တည်း။ သော၊ ထိုဟုတ်သည် ဟူသည်။ မောက်စ၊ ဘေးလွတ်စေတတ်သည်လည်း ဟုတ်တည်း။ ဣတိတသမ္မာ။ ထိုနှစ်ပါးသောသတ္တိကြောင့်၊ 'နတ်မောက်'။ "နတ်မောက်" မည်၏။

ထိုနတ်မောက်မြို့ကို။ မြင်းဖြူရှင်နတ်စောင့်၍၊ ဘေးရန်ကင်းသည်ဟူ၍၊ မြို့သူမြို့သား၊ပတ်ဝန်းကျင်လူအများတို့၊ အားထားယုံကြည်ကြလေသည်။

## ဘေးကင်းရန်ကွာသည်

ကောဇာ သက္ကရာဇ် ၁၂၄၇ ခုနှစ်၊ အရေးတော်ပုံတွင် နတ်မောက်မြို့ကို တိုက်ခိုက်ရန် ချီတက်လာသော ရန်သူများ တပ်ချနေရာ၊ မြင်းခွာသံတွေကို ကြားသဖြင့် မြင်းတပ်ကြီးဝိုင်းရံလာပြီထင်၍ ရန်သူတို့ တပ်လန်ပြေးကြရသည်။

mgyoe.com

ထို့ပြင် သာသနာတော် ၂၄၈၅ ခုနှစ်၊ မြန်မာ့ဝေါဟာ၊ ကောဇာသက္က ရာဇ် ၁၃၀၃ ခုနှစ်။ အောင်–ဆန်း–နင်း–ဆုတ်၊ အင်္ဂလိပ်ပြုတ်”ဆိုသည့် အတိုင်း၊ ခနရှင်ဝါဒ၊ နယ်ချဲ့သမား အင်္ဂလိပ်များ အပြေးတွင်လည်း၊ နတ်မောက်မြို့၏ အနောက်ဘက်ရှိ တမာပင်ရွာ၊ ၎င်း အနောက်မြောက်ဘက်ရှိ ကန်ကြီးရွာနှင့် ကျောင်း။ ၎င်းမြောက်ဘက်ရှိ မြို့ကုန်းရွာများကို။ “ကုလား မနိုင်၊ ရခိုင်မဲ” ဟူသကဲ့သို့လည်းကောင်း၊ “ကြွက်မနိုင်၊ ကျည်မီးနှင့်တိုက်” ဟူဘိသကဲ့သို့လည်းကောင်း။ အင်္ဂလိပ်စစ်သားများ မီးရှို့ဖျက်ဆီး၍၊ အကုန်လုံး လောင်ကျွမ်းပျက်စီးကြရသည်။ ။ နတ်မောက်မြို့ကိုမူကား၊ တစ်ခါရှို့ တစ်အိမ်သာ လောင်သည်။ ၂ ခါ ၃ ခါ ရှို့လျှင် ၂ အိမ် ၃ အိမ်သာ လောင်သော ဟူ၏။

၎င်းနောက် တစ်ဖန် အင်္ဂလိပ်ပြန်အဝင်မှာလည်း စက်သေနတ်ဖြင့်၊ မီးယမ်းတောင့် ၂၀၀ ကျော်လောက်နှင့်၊ ဖျော်ဖျော်ကြီးမြို့တွင်းသို့ ပစ်ခတ်သော်လည်း မီးမကူးပေရကား၊ ဘုရားကြီး ဂိုဏ်းချုပ်ဆရာတော်၏ ဝိဂြိုဟ်ဝစနတ္ထ၊ အာဘောဂအလျောက် “နတ်မောက်”ကို “နတ်မ”သည်ဟု ယုံကြည်လေးစားကြသည်မှာလည်း၊ ဝေသာလီပြည်၊ လိစ္ဆဝီမင်းသားတို့အား၊ ဘုရားရှင်စော၊ ဟောကြားတော်မူသည့် အပရိယာနိယတရားနှင့်၊ အများကြီး ညီညွတ်ပါပေသည်။

## နတ်မောက်မြို့ ယခုအခြေအနေ

ဗိုလ်ချုပ်အောင်ဆန်းတို့၏ နတ်မောက်မြို့ အနောက်မြောက် ၆ ဖာလုံခန့်ကွာ၊ ကန်ကြီးရွာ တောင်ဘက်ကျောင်း ပရိဝုဏ်အတွင်း “ရွှေဘုံသာဘုရား” ရှိသည်။

၎င်းကန်ကြီးရွာမြောက်ဘက်မှာ ရေကန်ကြီးရှိသည်။

ကန်ကြီးရွာအရှေ့ဘက် “မြစည်းခုံဘုရား”နှင့် နတ်နန်း နတ်ကွန်းဟောင်း နေရာများရှိသည်။ ။ (ဤသို့ ဘုရားနှင့် နတ်ကွန်း အနီးအပါးထားပုံမှာ၊ ကဝိလက္ခဏာသတ်ပုံတွင် “မိစ္ဆာအားလုံး၊ လွှမ်းပိတ်ဖုံး၊ တောင်ပြုး ညီနောင်နန်း”ဟူသည်နှင့်အညီ၊ ပေါက္ကံ–နော်ရထာမင်းစော အမိန့်တော်နှင့် တောင်ပြုးအရပ်တွင်၊ ဆုတောင်းပြည့်ဘုရား တည်ထားသည့်ပြင်၊ ဘုရား၏ အနီးအပါး၌၊ စစ်သူကြီးများဖြစ်သော ရွှေဖျဉ်းညီနောင်နတ် ၂ ပါး စံမြန်းဖို့၊

mgyee.com

mgyoe.com

နတ်နန်း နတ်ကွန်း ဆောက်လုပ်တည်ထားခဲ့ပုံများနှင့် နှိုင်းစာထောက်ချင့် လျှင်။ ယခင်မကြာမီက ကျဆုံးကွယ်လွန်ရှာသော ဗိုလ်ချုပ်အောင်ဆန်း၊ ဝန်ကြီးသခင်မြ စသော အာဇာနည် ၇-ပါးတို့ကို၊ ရွှေတိဂုံဘုရားကြီး အနီး အပါးမှာ၊ အာဇာနည်ဗိမာန် ပုထိုးနှင့် ကိုးကွယ်ကြသည့် ကိစ္စမှာ၊ ဧယျမင်္ဂ လာ၊ ရှေးအခါက၊ မြန်မာပြည်ထောင်စု၏ လက်သုံး၊ ကျင့်ထုံးဥပဒေသကြီး တစ်ရပ် ဖြစ်ကြောင်းကိုလည်း၊ ကောင်းမွန်စွာ နှလုံးသွင်းအပ်ပေသည်။

၎င်း၏အရှေ့တောင်ဘက်တွင် "ရန်အောင်မြင်ဘုရား" ရှိသည်။

နတ်မောက်မြို့မြောက်ဘက် ၄ ဖာလုံခန့်အကွာ၊ ဈေးနှင့် ဌာနာအကြား ဆင်ကျုံး ရှိသည်။ (ယခုအခါ၊ ဆင်ကျတွင်း ခေါ်ဝေါ်သည်)။

၎င်းမြောက်ဘက် နှစ်ဖာလုံခန့်အကွာမှာ မြန်မာနိုင်ငံတွင် အကြီးဆုံး၊ အမြင့်ဆုံး တံတိုင်းမီးတားနှင့်၊ ဆုတောင်းပြည့်ဘုရားရှိသည်။ ။(၎င်းဘုရား ကို ဘုရားကြီး ဂိုဏ်းချုပ်ဆရာတော် ပြုပြင်သည်)။

ဆုတောင်းပြည့်ဘုရားအရှေ့တောင်ဘက် တံတိုင်းပြင်က၊ သိမ်တော် ကျောင်း ရှိသည်။ ထိုကျောင်းတွင် ဗိုလ်ချုပ်အောင်ဆန်း၏ မိခင်မောင်အရင်း၊ လူအမည် ဦးငွေဒိုင်၊ ရဟန်းမည် ဆရာတော် ဦးဃောသိတ သီတင်းသုံးတော် မူသည်။

၎င်းဆုတောင်းပြည့် ဘုရားမြောက် နှစ်ဖာလုံခန့်ကွာ၊ မြို့မ ခေါ် မြို့ ကုန်းရွာနှင့် ကျောင်းရှိသည်။

မြို့မနှင့်နတ်မောက်အကြား၊ လူနေအိမ်ခြေတစ်ဆက်တည်း ဖြစ်နေပြီ။

သိမ်တော်ကျောင်းတောင်ဘက် ကပ်လျက် ရုံးရှိသည်။

ဆုတောင်းပြည့်ဘုရား၊ ပရိဝုဏ်အတွင်း၊ ဘုရားကြီး ကျောင်းတိုက် အရှေ့ဖျား၊ ရှင်အဂ္ဂသမာဓိကျောင်းနေရာတွင်၊ ဗိုလ်ချုပ်အောင်ဆန်း၏ (ဘိ) တော်သော သွေးသောက်ကြီး ဦးရိပ်ကြီး၊ ဇနီးမယ်ခဲတို့က ဘုရားတည်ထားခဲ့ သည်။ ။ (ဤဘုရားကို ဗိုလ်ချုပ်အောင်ဆန်း၏ မိဘများက၊ ထပ်ပွား ပြင်ဆင်သည်။)

၎င်းဘုရားတံတိုင်းမြောက်ဘက်ကပ်လျပ်၊ ရှင်အဂ္ဂသမာဓိ၏ ကျောင်း ဦး လေှကားနားတွင်၊ စောင်ချမ်းပင်ကြီးတစ်ပင် ပေါက်ရောက်လျက်ရှိလေ သည်။

ဤမှတစ်ပါး၊ တိုင်းကားပြည်ရွာ၊ မြန်မာနိုင်ငံတော်အလုံးကို၊ လက်ရုံး

mgyoe.com

နှင့် နှင်းနှိပ်ခဲ့ကြသော အင်္ဂလိပ်–ဂျပန်၊ နှစ်ရန် နှစ်ဖက်ကို၊ ထက်မြက်သော (တေဇ)တန်ခိုး၊ ဘုန်းကျိုးတေဇော်၊ အာနုဘော်ဖြင့်၊ မြန်မာ့မြေပေါ်မှ မောင်းနှင်ထုတ်ကာ၊ "ဒါတို့ပြေ၊ ဒါတို့မြေ"အစစ်ဖြစ်အောင်၊ အသက်နှင့် ထမ်းဆောင်ခဲ့ပါပေသော ဗိုလ်ချုပ်အောင်ဆန်း၏ ဂုဏ်အသရေ ဆွေစဉ်မျိုးဆက်စာရင်းကို ထည့်သွင်းဖော်ပြပေလတ္တံ့။

### နတ်မောက်မြို့ မြို့အုပ်သွေးသောက်ကြီး

ဦးရိပ်ကြီး၊ ဇနီးမယ်ခဲတို့မှ ပေါက်ဖွားသူများမှာ –
ဦးမှုံး၊ ဦးပေတံ၊ မယ်ဖောင်၊ မယ်အောင်၊ မယ်ပြောင်၊ မယ်စိုး။
ဦးမှုံးမှပေါက်ဖွားလာသူများမှာ –
ဦးမင်းရောင်၊ ဦးမင်းမောင်၊ မယ်ကော၊ မယ်ပွေ။
ဦးပေတံမှပေါက်ဖွားသူများ –
မသက်ရှည်၊ မသက်ဝေ၊ ကိုဘိုးစံ၊ မသိ။
မယ်ဖောင်မှ ပေါက်ဖွားသူများ –
ဦးမြို့၊ ဦးရွှေလန်း၊ ဦးရွှေစိုး၊ မမေ၊ မရွှေ၊ မထွေး။
မယ်အောင်မှ ပေါက်ဖွားသူများ –
မယ်ဖွား၊ ဦးဘိုးစိ၊ မယ်မညီး၊ မယ်ပိုးချော။
မယ်ပြောင်မှ ပေါက်ဖွားသူများ –
မကြူး၊ မထား၊ ကိုငြိမ်း၊ ကိုသိမ်း။

### မယ်စိုး၊ ဦးရွှေနီ နတ်မောက်မြို့သူကြီးတို့မှ ပေါက်ဖွားသူများ

မယ်သူဇာ၊ ဦးမင်းခေါင်၊ မငယ်မ၊ ဦးဘိုးမြ၊ ဦးဘိုးထွန်း။ မြို့သူကြီး ဦးရွှေနီ၏ အဘမှာ မြို့အုပ်ဦးချင်း။

### မြို့သူကြီးဦးရွှေနီ၏ မွေးချင်းများ

ညီ–ဦးလူကြီး၊ ရန်ကုန်–ဆိပ်ကမ်းအုပ်ဝန်။
ငင်းဦးပွါး၊ တလုပ်မြို့ဝန်၊ သံတော်ဆင့်၊ ကသည်းမြင်းဝန် မြို့ဝန်၊ မန္တလေး–ဘုရားကြီးတိုက် ဒါယကာ၊ မြင်ကွန်းမင်းသားဆရာ။
ငင်းဦးကောက်။ ။ တောင်သူလယ်ယာလုပ်ကိုင်စားသူ၊ ဦးမှုံး၏

mgyoe.com

mgyoe.com

သား–ဦးမင်းယောင်နှင့် မယ်ပြောင်သမီး မထားတို့ကို၊ မောင်နှမတစ်ဝမ်းကွဲချင်း လက်ထပ်သည်။

ငင်းညီ–ဦးမင်းမောင်နှင့် မယ်စိုးသမီး မယ်သူဇာတို့ လက်ထပ်မည်ရှိရာ၊ မယ်သူဇာက ငြင်းပယ်၍၊ ဦးမြတ်အေးနှင့် လက်ထပ်သည်။

### မယ်ပြောင်သမီး မကြူးမှာ ဦးထွန်းသာနှင့် လက်ထပ်၍

မရွှေမြစ်၊ ဦးသာဒင်၊ ဦးမင်းဆင်၊ မခင်၊ ဦးဘိုးဆင်၊ ဦးဗန္ဓု၊ ဦးအောင်ဒွေးတို့ကို မွေးဖွားသည်။

### အမိန့်တော်ရ ဦးမင်းဆင်၊ မစောမေတို့မှ မွေးဖွားသူများမှာ

ဦးတင်လှ၊ လွှတ်တော်ရှေ့နေ၊ တက္ကသိုလ် ဆုမြိုင်–ဘီအေ စသည်တို့ဖြစ်သည်။

ဦးတင်လှ၊ ဆုမြိုင်တို့နှင့် ဗိုလ်ချုပ်အောင်ဆန်း၊ ညီအစ်ကို ၃ ဝမ်းကွဲ။

ဗိုလ်ချုပ်အောင်ဆန်း အဘိုး–ဦးမြတ်အေးနှင့် မကွေးကျေးလက် အရှေ့မြောက်ပိုင်း၊ နတ်မောက်မြို့–တိုင်းပြု ပြည်ပြုလွှတ်တော်အမတ်။ (ပထမကျော်) မောင်ဉာဏ်ရှိန်၏အဘိုး ဆေးဆရာကြီး ဆရာလှတို့–ညီအစ်ကို တစ်ဝမ်းကွဲ။

ဗိုလ်ချုပ်အောင်ဆန်း၏မိခင် ဒေါ်စုနှင့် ဒေါ်ဆွယ်–ညီအစ်မ ၂ ဝမ်းကွဲ။

ဗိုလ်ချုပ်အောင်ဆန်းနှင့် အမတ်မောင်ဉာဏ်ရှိန်–ညီအစ်ကို ၃ ဝမ်းကွဲ။

ပျော်ဘွယ်ဝန်ကြီး ဦးမြ၏ဇနီး၊ ခင်မြကြီးသည်၊ ဦးမင်းမောင်၏မြေးဖြစ်၍၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် ပျော်ဘွယ်ဝန်ကြီး ဦးမြမှာ ၃–ဝမ်းကွဲ သမီးယောက်ဖ တော်စပ်သည်။

### ဦးမြတ်အေး၊ ဒေါ်သူဇာတို့မှ ပေါက်ဖွားသူများ

မယု၊ မစု၊ ဦးဘိုးသင်၊ မပု၊ မခင်မေ၊ ဦးငွေတိုင်၊ ဦးငွေဆိုင်။

### ဦးမြတ်အေး၏မွေးချင်းများ

ဦးမျောက်မှာ အစ်ကို၊ နှမမှာ မယ်လုံးမ။

(ဦးမြတ်အေးမှာ တောင်သူလယ်ယာလုပ်ကိုင်စားသော်လည်း၊ မြို့ရွာ

mgyoe.com

mgyoe.com



၏ ခေါင်းဆောင်ကြီးတစ်ဦးဖြစ်သည့်ပြင်၊ ဆုတောင်းပြည့်ဘုရား ဂေါပက လူကြီးဖြစ်သည်။)

အမိန့်တော်ရ ဦးဖာ-ဒေါ်စုတို့မှ ပေါက်ဖွားသူများ

(၁) မခင်ညွန့်။ ။ လယ်ဝန်ကတော် (ကွယ်လွန်ပြီ)။
(၂) မဝက်။ ။ အိမ်ထောင်မပြု
(၃) မောင်ဘဝင်း။ ။ ဘီအေ, ဘီအက်စီ–ဝန်ကြီး (ကွယ်လွန်ပြီ)
(၄) မရွှေမှန်။ ။ ၁၃ နှစ်ရွယ်က (ကွယ်လွန်ပြီ)။
(၅) မောင်နေအောင်။ ။ အမိန့်တော်ရရှေ့နေ
(၆) သား ၂ ယောက်။ ။ (ပုခက်တွင်းကပင် ကွယ်လွန်သည်။)
(၇) မောင်အောင်သန်း – ဘီအေ။ ။ မကွေးအရှေ့မြောက်ပိုင်း၊ တိုင်းပြုပြည်ပြု လွှတ်တော်အမတ်။ အစိုးရအဖွဲ့ဝန်ကလေး။
(၈) သခင်အောင်ဆန်း–ဘီအေ၊ ဗိုလ်ချုပ်။ (ကွယ်လွန်ပြီ)

* * *

ဗိုလ်ချုပ်အောင်ဆန်း ဇာတာပြပုံ




သက္ကရာဇ် (၁၂၇၆) ခုနှစ်၊ တပေါင်းလဆန်း (၁) ရက်။ ဗနေနေ့ နံနက်။ နေမထွက်မီအချိန်တွင် ဖွားမြင်သည်။

(အမိန့်တော်ရ–ဦးဖာမှာ၊ မြေပိုင်ရှင် ဦးဒေကိုး၊ ဒေါ်ဆွဲလေးတို့မှ မွေးဖွားသည့်၊ တစ်ယောက်တည်းသောသားဖြစ်သည်။)

ဤကား ဗိုလ်ချုပ်အောင်ဆန်း၏ ဆွေစဉ်မျိုးနွယ်၊ ဘယ်ဝယ်ဘယ်သို့သော အကြောင်းများပေတည်း။

mgyoe.com

mgyoe.com

## စစ်ကိုင်းမင်း မျိုးတော်စဉ် ချောင်းမှ ကောက်နုတ်ဖော်ပြချက်

ထိုသို့လျှင် သခင်အောင်ဆန်းဆိုသည့်၊ ဗိုလ်ချုပ်တို့၏ မွေးပေါက်ဖော် ၉ ဦးတို့ကို တွေ့မြင်ရသောအခါ (၁) ရတနာသိဃ်၊ (၂) ရန်ကြီးအောင်၊ (၃) ကုန်းဘောင်၊ (၄) ရွှေဘို၊ (၅) မုဆိုးဘိုမှ– ဦးညိုစံ၊ ဒေါ်ငြိမ်းဦးတို့၏သား၊ အလောင်းမင်းတရားကြီး အစစ်ဖြစ်တော်မူလတ္တံ့သော ဦးအောင်ဇေယျနှင့် ဒေါ်ယွန်းစံတို့မှ ပေါက်ဖွားသည့် သားသမီးရတနာ ၉ ပါးတို့နှင့် တစ်သား တည်း ကိုက်ညီနေပုံများကိုလည်း စဉ်းစားဆင်ခြင် ထင်မြင်အောက်မေ့မိ သည့်အတိုင်း၊ တွင်းသင်းမင်းကြီး မဟာစည်သူ၊ စပ်ဆိုသည့် စစ်ကိုင်းမင်း မျိုးတော်စဉ် ဧချင်းမှ၊ အလျဉ်းသင့်ရာ၊ အောက်ပါဆောင်ပုဒ်ကို၊ ထုတ်နုတ် ဖော်ပြလိုက်ရပေသည်။

## မုဆိုးဆက်ရာဇဝင်ဆောင်ပုဒ်

ဘေးတော်နေမျိုး၊ ထွတ်ထိပ်မိုးနှင့်၊ တန်ခိုးထွန်းမြူး၊ မင်းစောဦး၏၊ ရှုမူးမျက်ဖျော်၊ အံ့တုံမြော်သည်၊ မောင်တော်တမွတ်။ ရေနေနတ်၏၊ သည်း ပွတ်ဆုံစု၊ ပြာနုထွားထွား၊ ရစ်သောင်းဖျားနှင့်။ သိကြားမင်းလက်ထပ်၊ နှင်း ဖက်စပ်လျက်၊ မိုးရပ်အချာ၊ ထက်အာကာက၊ ဗြဟ္မာရေသွန်း၊ တင်မော်ကွန်း ဖြင့်၊ ရွှေနန်းသိဃ်၊ ရတနာထက်၊ စကြာမန္ဓာတ်၊ လေးကျွန်းပတ်သို့၊ လောကနတ်ပိပိ၊ ကျူးချီပဋ္ဌင်၊ ဘေးလောင်းရှင်တို့၊ အောင်မြင်သောနှယ်၊ တန်ခိုးကြွယ်လျက်၊ စံပယ်ထွန်းတင်၊ ပြန့်ပြူးရွှင်သော်၊ ဆင်းပြင်လက္ခဏာ၊ ရုပ်ဝါခြားနား၊ သားရရား တည့်။ ✱ (၉) ပါးမျက်စုံ၊ မြင်လေတုံသည်။ ။ သည်းဆုံတည့် ကြင်ရေး–ရွှေရင်သွေး။

၎င်းအထက်ပါ ဆောင်ပုဒ်၏ အကျဉ်းချုပ် အဓိပ္ပာယ်မှာ ရတနာသိဃ် မြို့တည် နန်းတည်၊ အလောင်းမင်းတရားကြီးတည်းဟူသော ဦးအောင်ဇေယျ သည်၊ မယ်တော် မဟာဒေဝီ မောင်တော် မင်းသီရိရန္တဇသ္မီးတော် မယ်ယွန်းစံ တည်းဟူသော၊ မဟာမင်္ဂလာ ရတနာဓိပတိ သီရိရာဇာစန္ဒာဒေဝီ–ရှင်မိဖုရား ကြီးကို၊ တောင်နန်းညာစံတင်တော်မူသည်တွင်၊ ရတနာ ၉ ပါးတည်းဟူသော နဝရတ်ရတနာကဲ့သို့၊ သားတော် ၆ ပါး၊ သမီးတော် ၆ ပါး၊ ထွန်းကားတော် မူသည် ဆိုလိုသည်။

(ကုန်းဘောင်ရာဇဝင်ကြီး၌ကား၊ သားတော်သမီးတော် ၁၀ ပါးဟု

mgyoe.com

mgyoe.com

ပါရှိလေသည်။)

ဤအခန်းကား အောင်ဆန်းကဏ္ဍပထမတည်း

ထိုမှတစ်ပါး၊ အလွန်တရာမှ ကြားရ နာရခဲလှစွာသော၊ ဆရာအရှင်နှင့်၊ သခင်အဖွဲ့က၊ တပည့်အပေါင်း၊ သောင်းပြောင်းရောရာ၊ တွေ့ကရာတို့သည်၊ အညာတစ်ခွင်၊ အကြေတစ်ခွင်၊ ပြံပြံစင်အောင်၊ အတွင်လျှောက်၍၊ ရောက်တတ်ရာရာ၊ ဟောချင်ရာဟော၊ ပြောချင်ရာပြော၊ တွေးချင်ရာတွေး၊ ရေးချင်ရာရေးနှင့်၊ အားပေးတော်မူခဲ့ပုံတွေမှာလည်း။

(၁) ဩဘ်–အနေလှလှ၊ အသေလှလှ၊ နေမပဆိုတဲ့။ ... ဇေယပဗ္ဗတံ–ခေတ်သာတဲ့ တောတွင်မှ၊ ကေဝလကပ္ပ–ချစ်စရာ တပည့်ပေါချိန်မို့၊ တစ်နှစ်တစ်ခါ–လှည့်မကောရယ်လို့၊ တောမလဲ တောရပီပီ၊ (အိုကွယ်) မေတ္တာရဲ့သဘောတွေနဲ့ ဟောလဲဟောလှပြီ။ ... စသည်ဖြင့်လည်းကောင်း။

(၂) ဩဘ်–အတွင်လှည့်ပြီး၊ သခင်အဖွဲ့ဆီက၊ တပည့်–သူငယ်လူမမယ်အပေါင်းတို့နှင့်၊ ဆောင်းအကုန် နွေအပေါက်တွင်ဖြင့်၊ အကြေအောက်မကျန် တစ်သောင်း၊ ဒီဇမ္ဗူ ကြည့်မယ်လို့၊ ပြည်ပေါက္ကံ အလောင်းစည်သူတို့ လှည့်သလိုပေါ့၊ ....ဟူ၍လည်းကောင်း။

(၃) ဩ–ကြငှန်း လစ်ခုပါတဲ့။ မန်းတစ်ခေတ်တွင်ဖြင့်၊ ပခန်းအစစ်တွေနှင့်။ နန်း သစ်–ရွှေပြည်တည်ကြမည့်။ အေ ဘီ စီ အမောင်တပည့်တို့ကိုဖြင့်၊ မသေမီ နောင်ကဝိရယ်က၊ အောင်ဘိသေ ရေစင်ဖျန်းပါလို့၊ မဏ္ဍပ်နှင့် ပလ္လင်မှာနေဘ်ကွယ်၊ ဗန်းအထပ်ထပ်၊ ကမ္ဗဋ္ဌာန်းတပ်တွေနှင့်၊ နန်းအပ်ခဲ့ချင်။ ... စသည်ဖြင့်လည်းကောင်း။

(၄) ဩဘ်–အခြေမကောင်း၊ အနေမကောင်းနှင့်နှော ... ရွှေဒေါင်းအောင်လံ တံခွန်မလှစ်နိုင်တဲ့၊ ကျွန်ခေတ်မှာ လူရာမဝင်ချင်သနဲ့၊ တစ်ဆူဆရာအရှင်–တရားကြည့်က–မထူးပြီလို့၊ သူဇာအသွင်–အများတပည့်မ အနူးတို့နှင့်၊ ထူပါဝင်–ဘုရား ရှိသမျှဖူးပါလို့... စသည်ဖြင့်လည်းကောင်း။

(၅) ယခင်ဟိုသရော်–အကြင်အပျိုတော်ဝိုင်းတွင်ဖြင့်။ ရှင်ဘုရင် ကိုယ်တော်ပလ္လင် ဗဟိုပျော်အတိုင်းသာပ၊ ထင်သလို နော်စိုင်းမယ်လို့–ဂူသမိုင်းရှိသမျှ အစိအငှလယ်၊ (အိုကွယ်) သခင်ကိုယ်တော်မှိုင်းရယ်လို့–လူတိုင်းသိကြတယ်။ ... စသည်ဖြင့်လည်းကောင်း။

mgyoe.com

mgyoe.com

(၆) ဩ–ကမ္ဘဌာန်း သေဝိပြည့်ပေတဲ့၊ ဇာန်းအနီတပည့်တွေနဲ့၊ ပခန်းတစ်ချည် လှည့်ခဲ့ရပြန်ပေါ့၊ (အိုကွယ်) ကြင့်နန်းတည်ရှိ။ မန်းဂီရိရယ်နှင့်၊ နန်းသီရိပြည်ကြီးကျက်သရေ။ စသည်ဖြင့်လည်းကောင်း။

(၇) ကမ္ဘဌာန်းအခြေရှာကာ နန်းမြေအမတာ ရောက်ချင်သနဲ့။ မန်းတဖေယာမှာ ဘန်းပဒေသာ ပေါက်ချိန်မို့၊ မှန်းခြေ ဆရာမပေါက်မူ၍၊ တထောက်, နောက်တစ်ဖန် တံခါး (အိုကွယ်) အလွမ်းပြေ–ဆရာလျှောက်ပါလို့–တစ်ခါတစ်ခေါက် ရောက်ပြန်ပါ။... စသည်ဖြင့်လည်းကောင်း။

(၈) ဩော်– ရှစ်လုံးဘွဲ့ ဂါထာအသွားတွေနှင့်၊ အချစ်ဆုံး တပည့်ဆရာသနား၊... ဟူ၍လည်းကောင်း။

(၉) အေးဆု မြတ်လှူ–ယမုန် သောင်ငွေကမ်းရယ်နှင့်။ လေးဆူ့ဓာတ်ပုံ–ဒဂုန်တောင်ခြေစခန်းဆီက၊ အောင်သပြေမနွမ်းစေဖို့– ပန်းပွဲပန်းအပြည့်လှယ်။ (အိုကွယ်) ထောင်ရောင်နေ ကမ္ဘဌာန်းရယ်နှင့်။ အောင်ပစေမှန်းရက်ကနှင့်။ "အောင်" အသေ "ဆန်း" ရှာတဲ့။ (အိုကွယ်) အောင်မြေဗဟာန်းဆီသို့လွမ်းပဲလွမ်းမိတယ်။ ... စသည်ဖြင့်လည်းကောင်း။

ဤတွင်ရှေ့ကား၊ ရသေ့အသွင်။ သခင်ဆရာ၊
ယောဂီငါ၏၊ တပည့်ကဏ္ဍ၊ ဒုတိယတည်း။

ဒုတိယကဏ္ဍ၏ အခြားမဲ့တွင်၊ သခင်အောင်ဆန်းတည်းဟူသော ဗိုလ်ချုပ်၏၊ ထိုထိုလုပ်ငန်းတို့ကို၊ ဝမ်းမြောက်ချီးကျူး၊ အထူးဝမ်းမြောက်သည့်အလျောက်၊ နောက်သောအခါ၊ ဆရာရေးသား၍၊ အားပေးအားမြှောက်၊ ထောက်ပင့်ခဲ့ပုံများကို၊ တခြားတသန့်၊ ခံ့ခံ့ထည်ထည်၊ ဘယ်ဝယ်ဘယ်လို၊ ချိုချိုသာသာ၊ လင်္ကာတေးများ၊ ရေးသားခဲ့သည်ကို၊ ပြဆိုမည့်အခန်း၌၊ ဇာန်းစကြာဂါထာကို၊ အောက်ပါအတိုင်း ဖော်ပြလိုသည့်ဆန္ဒနှင့်၊ သီလရင်တို့ဆန်ခံသည့်၊ အတန်တန်သော ဇာန်းကြီး–ဇာန်းလတ်–ဇာန်းကလေးနှင့်။ အသေးဆုံးသော ဇာန်းတည်းဟူသော။ ဇာန်းလေးဇာန်းမှာ၊ ကွန်ပါကိုသုံးသကဲ့သို့၊ ဇာန်းခုံးတည်းဟူသော စက်ဝန်းဖြင့်၊ လက်စွမ်းကုန်နဝင်းပြဖို့၊ အင်းချပုံမှာလည်း၊ အောက်ပါအတိုင်းပင်ဟူလို။

mgyoe.com

mgyoe.com

## ဗန်းစကြာဂါထာ၊ ပတ္ထနာဆုတောင်း




ငှင်းအထက်ပါ ဗန်းခုံးတို့က၊ ၂၅ လုံးသော စမဗျည်းတို့ကို။ တစ်နည်းတနဲ၊ ဆွဲဆန့်ပြီးသော်၊ ခံ့ထည်သော ၃၂ လုံးမျှနှင့်၊ အဌကွရာဂါထာမှ–ဤသို့တည်း။

### ဗန်းစကြာဂါထာကို ဆွဲဆန့်ပုံ

ကဗျာ ရသော ကဝိ ကန္တော။
ကန္တပ္ပဒ ကရော သုဘော။
သုဘံ သဘော သဘေ သန္တော။
သန္တပ္ပဒ နရာ သဘော။ ။

### ယောဇနာအနက်သော်ကား

ကဗျာရသော။ သီရိတမျိုး၊ ပီတိပျို့လောက်တဲ့၊ ကဝိတို့ဥစ္စာ၊ ကဗျာတည်းဟူသော အရသာရှိထသော။ ... ကဝိကန္တော၊ ပညာရှိဟူ၊ တံခွန်ထူသူတို့၊ ကြည်ဖြူနှစ်သက်၊ မပြစ်မျက်အောင်၊ ချစ်မက်စွဲလန်းအပ်ထသော။ ... ကန္တပ္ပဒကရော၊ ကဗျာလင်္ကာ၊ အဆင်တန်ဆာနှင့်၊ မင်္ဂလာသရုပ်ပြတဲ့၊ ပုဒ်ပဒ အစုစုကို ပြုတတ်ထသော။ ... သုဘော၊ ဝင့်ဝင့်ထယ်ထယ်၊ အသင့်စံပယ်လို့၊ တင့်တယ်သောမင်္ဂလာ၊ အင်္ဂါရှိတဲ့၊ ဤသည့်ရုပ်ခွင်၊ တင့်တယ်သော ပတ္တမြားပလ္လင်၊ တရားသဘင်၌၊ ... သန္တော၊ မြိန်မြိန်ရှက်ရှက်၊ အကြိမ်ကြိမ် မက်လောက်အောင်၊ ငြိမ်သက်ခြင်းဆိုတဲ့၊ ထိုတကဲ့အရေးကို၊ လေးလေး

mgyoe.com


စားစား၊ ပေးသနားတော် မူတတ်ထသော ...ဝါ၊ ထင်ရှားရှိတဲ့၊ အရိယဝေဇ သန်၊ နေရဇန်ကို၊ ကောန်မနေး၊ ပေးတတ်သသူ၊ ဟူဟူသမျှတို့၌၊ ပဝရ–ပဝရာ၊ မဟာပရမ၊ နာယကဆိုတဲ့၊ အာသဘ မြွောက်တော်မူထသော။ ... မုနိန္ဒော၊ မုနိငါးမျိုး၊ အချုပ်မိုး၍၊ အုပ်စိုးတော်မူသော ရှင်စောဘုရားသည်။ ... မေ၊ သခင်ကိုယ်တော်မှိုင်း၊ သခင်ကိုယ်တော်မှိုင်းနှင့်။ တစ်တိုင်းလုံး–တစ်ပြည်လုံး–တစ်နိုင်ငံလုံးက၊ ခြိမ့်အုန်းမှည့်ခေါ်။ တစ်လှည့်ပေါ်ရပြန်သော၊ တပည့်တော်အား၊.. ကဗျရသံ၊ အလှကပြတဲ့၊ နဋ္ဌရသ၊ ကဗျရသ၊ စသည် ဥသုံ၊ ကျေးဇူးဂုဏ်ကို...။ ဒေတု၊ မနေးယခု၊ အလေးပြု၍၊ ပေးဆုရစေ ရပ္စေလို့၊ မျှဝေသနားတော်မူပါစေသတည်း။

ထိုကဲ့သို့သော ဇန်းစကြာဂါထာအရကို၊ ပါဠိဒေသနှင့်တကွ၊ အတ္ထယောဇနကို၊ မြန်မာပြန်ချက်၊ အနက်ပေးပြီးသော်၊ ဩော်–ယခုအခါ၊ မြန်မာပြည်၏ တိုင်းရေးပြည်ရေးမှာ၊ ရှုပ်ထွေးပွေလီ၊ ဤမည်ထိုမည်သော(ဖ–ဆ–ပ–လ)ဝါဒ၊ (ဆိုရှယ်လစ်)ဝါဒ။ (ကွန်မြူ နစ်)ဝါဒ၊ (လူသတ်)ဝါဒတွေနှင့်၊ မြန်မာများ ဇာတ်ကွက်မလယ်ပုံမှာ၊ ဟိုယခင်အခါက၊ စလေဆရာကြီး ဦးပုည ရေးခဲ့တဲ့ တဘောင်တေးထပ်အလိုက်နှင့်၊ ကိုက်နေတာပဲဟု၊ စိတ်ထဲက ထင်မြင်ပုံမှာလည်း၊ အောက်ပါအတိုင်းပင်တမုံ့။

### ဦးပုညရေးခဲ့သည့် တိုင်းရေးပြည်ရေး သိုက်တဘောင်တေးထပ်

နှစ်ပြည်ထောင် တယ်ကြ၊ အလယ်က ကျောင်းဆောင်၊ အနောက်က ရွှေဂူချောင်၊ ဝေဘူတောင်အရှေ့။ ။ မင်းကြီးနှင့် ကိန္နရာ၊ ဣန္ဒာပါထွက်တဲ့ ရသေ့။ ။ ဂဠုန်မိုက်အလာ၊ နာဂါကိုအတွေ့၊ ထောင်ဂုမ္ဘာဏ်ရုံကြွေ့လို့၊ စံမွေ့သည့် ကြာပျော်။ ။ ဇော်ဇေဂီ–တပသီဝိဇ ကယ်တို့၊ တညီစိတ်–မြန်းကြဟော မော်။ ။ လင်းကြက်ဖြင့်၊ အတန်ဆော်ပြီ၊ ဘယ်ဇာတ်တော် လေမှန်းမသိ၊ အခန်းခန်း အထွေထွေ၊ များနိုင်မျှပေ။ ။ နိပါတ်–ကနှယ်ရှုပ်ပေသည်။ အရုပ်တွေ ပြည်ဖုံးနှင့်လေး။

*(၎င်းမူရင်းက 'သုဗဏ္ဏ'ပါဠိကို၊ သိလွယ်စေလိုသောအာရုံဖြင့် 'ဂဠုန်'ဟူ၍ ပြင်ထည့်လိုက်သည်။)*

ဤမှတစ်ဖြာ။ ။ ရှေးသရောအခါက၊ မြန်မာပြည်လူထု၌၊ ရတုခေတ် ထွန်းကား ခဲ့သော အလှည့်တွင်၊ အဖြည့်ခံရတုများကို၊ ထိုထိုပညာရှိတို့က၊

mgyoe.com

ထပ်မံဖြည့်စွက်သမှု၊ အလိုက်ရတုများ၊ ရေးသားသည့်ပမာ။ အဆိုပါ တေးထပ်၏ သရုပ်ကို၊ ကျွန်ုပ်တို့စိတ်ကူးဉာဏ်ဖြင့်၊ တစ်ဖန်ဖြည့်စွက်ရေးသားလိုသည်မှာလည်း၊ အောက်နားကအတိုင်းပင်တည်း။

## ဗန်းစကြာဂါထာအရနှင့် မြန်မာများ သိုက်တဘောင်ဘွဲ့ လေးချိုးကြီး

(၁) ဩော်–ကမ္ဘာမှာ ထိပ်ကျတဲ့၊ အာဒိစ္စ"ဒေါင်း"ပရမေ။ (န) မပြောင်သနှင့်၊ အထွေထွေမှောင်လို့မို့၊ သေတောင်သေကြရတဲ့။ ... သပြေဘောင်နယ်သာစွတွင်ဖြင့်၊ နှစ်ပြည်ထောင် တယ်ရှာကြတဲ့ပြင်၊ အကျယ်မဟာဝနပေမို့–မောစရင်းတောင်၊ (အိုကွယ်) စံပယ်ယာပထစေဖို့–တောရကျောင်းတစ်ဆောင်။

(၂) ဩ–အနောက်တစ်လွှားဆီက၊ ချောက်ကမ်းပါးမှာတော့၊ သနားသင့်သကွာ–မေသူယောင်တို့နှင့်၊ တရားကျင့်စရာ–ရွှေဂူချောင်ငဲ့ပြင်၊ စနေ၊ ကဂူအမြွှာင်–တစ်ကွေ့ နှစ်ကွေ့ ခရီးတွင်မှ၊ ဝေဘူတောင် အရှေ့ကဆီးပါလို့၊ ယင်းအနီးမဖြင့်၊ ချိန်ဆရာ ပိန်မသာ, လိမ်မသာ, အသွင်ကလေ့တွေဖြင့်၊ မင်းကြီးနှင့်ကိန္နရာ တက္ကန္ဓာ ရှင်ရသေ့ငဲ့ပြင်။ အကြင်တစ်ကွေ့ ထိုရဂုံမတော့၊ ကိုဂဋ္ဌုန်ရာဇာ–နဂါးကိုတွေ့ရာက၊ နှစ်ပါးဟိုဓလေ့–နောင်ရန်လုံဖို့။ မယားပျိုတမေ့–စောင်ခြံဟုန်သို့၊ တစ်ထောင်ကုမ္ဘဏ်–အစောင့်အရှောက်တွေကလဲများ လိုက်ပါဘိသနှင့်၊ မဟာဒရား လိုက်မဟေ–ဖေဇော်ဂျီတို့နှင့်၊ တပသီ–ဝိဇ္ဇာ အပေါင်းတွေကလဲ၊ ပြီတီတီပိတ်လျာချောင်းကြတဲ့ပြင်။ ... (ဩော်) ရမ္မက်အလို တစ်မျိုးရယ်နှင့်၊ အကွက်တို ပုဆိုးမစိုအောင်ကို၊ တက္ကသိုလ်မိုးခိုလို့ ညောင်းကြပေါ့လို့၊ ဆောင်းတခို–တန်ဆောင် မုန်းတွင်ဖြင့်၊ အပေါင်းတကွ ထိုထိုမရှောင် ရန်းလိမ့်မထင့်၊ ထုံးအသင့်တွင်အောင်ကိုနော်ကွယ်၊ မမုန်းသနှင့်၊ မုန်းသနှင့်တွေနှင့်၊ ဘုန်းဖြင့်ထင်ယောင်။ ။

(၃) နှစ်လောနှစ်ဖက် ညွှန်စရာ၊ အကျိုးဆောင်သတင်းတွေနှင့်။ တောကြက်တွန်ကာ–မိုးတောင်လင်းလုပေါ့။ အမျိုးဘောင်အတွင်းတွင်ဖြင့်–အချင်းချင်း ပါးစပ်ပြောင်။ မလင်းသည့် ဓာတ်အမှောင်ပေထင့်၊ တညီမသုံး၊ တစ်ပြည်လုံး၊ မညီဆုံး ဘဝကြုံသကော၊ (အိုကွယ်) ခင်းမည့်ဇာတ်ကိုတောင်မှ–အနိဋ္ဌတထုံး။ မကြည်မုန်းကြရောဟဲ့လို့–ပြည်ဖုံးချကာထား။

mgyoe.com

(၄) ခက်လဲခက်တယ်၊ ရှက်ပဲရှက်ဖွယ်နှင့်၊ အဆက်ပြယ်တယ်တယ်–ပြည်မြင့်မာက၊ ဝသီဝါသနာ–ငရဲ ရှင်ဘုရင်နှင့်ပဲ ပေါင်းချင်ရှာ့သလား၊... ဩော် မပီကလာ ပီကလာနှင့်။ ရယ်စရာပေါ့နော။ မညီမညာ – အဆဲတွင်တွင်နှင့်၊ ကွဲချင်ပြဲချင်တဲ့ခေါင်းတွေ မဖြင့်။ ... နမူနာယူစရာလဲ ကောင်းပေသပေါ့။ အလောင်းတော် နေလာအညွှန့်တို့လို။ အပေါင်းအဖော်–ဆွေညာ တကာမစွန့်မှု၍။ အကြောင်းပေါ်သော သေမှာလဲ မရွံ့ပေဘု၊ စွန့်ခြင်းငါးလီ–စာဂီမယုတ်တဲ့ပြင်၊ ပါရမီအလုပ်–အဟုတ် ပြောလောက်ပေသမို့၊ ဗောဓိညောင်ရွှေပလ္လင်နန်းရယ်နှင့်၊ လောကီအောင်မြေ–အကြင်စခန်းဆီက။ ကြံကြံစည်စည်–ဂန္ဓီလွှမ်းမိတဲ့ပြင်။ ကမ္ဘဋ္ဌာန်းအကျင့်ဝါသနာအခံဖြင့်။ မဟာဆန်ဆန်– အတန်းအဆင့်–ဗြဟ္မဏမှန်သမို့၊ မဟာဆန်ဆန် Brahmn, ဗရာမန်ဇာတ်ကယ်နှင့်။ (အမယ်မင်း) အမှန် မြတ်သပ၊ မန္တာတ် သမတ–ကမ္ဘာပြောလောက်စေကွဲ့။ ... (အို စောရွှေသိုက်ကဲ့) ယမန် တလက်က၊ အဟံအနတ္တ တည်းဟူသော ဆရာဟောခဲ့တဲ့၊ သန္တပ္ပဒ–နရာသဘော။ ။

ယင်းအထက်ပါ၊ ကဗျာလေးချိုးကြီးအဆုံးတွင်၊ ယခင်အခါ၊ ဆရာနေဟောင်း၊ အလောင်းတော်ကဿပ တောရည်၊ ဂေါစရခြင်းဖြင့်။ သိတင်းသုံးနေထိုင်လေ့ရှိပေသော၊ ယောဂီနွယ်ဝင်၊ သီလရင်ကလေး သာမာဝတီက၊ ဤမည်သော အောက်ပြည်အောက်ရွာသို့ စုန်သည့်။ ။ လေ့ကြုံတွင် ပါးလိုက်သည့်။ ။ "မတရားသသူ–တဆူဆူ တပူပူမုန်းသော်လဲ့။ ဘုရားတစ်ဆူ ဂူတစ်လုံးလိုမို့ (အို–ကိုအောင်ဆန်းရယ်) အပူဆုံး ပူမိတယ်"... အစချီသည့်စာ၊ ကဗျာတစ်ပုဒ်ကို။ ကျုပ်တို့ရရှိပါသော်လည်း၊ ဆရာမှာ စိတ်လက်မကြည်တုန်းမို့၊ ဆုံးအောင်ပင် မဖတ်မရှုတော့ဘဲ၊ ပြုစုရေးသားဆဲဖြစ်သော "အာဇာနည်ဗိမာန်" အဓိဋ္ဌာန် ကုသိုလ်တော်ကြီး၊ ပြီးစီးရန်အတွက်၊ ဆက်လက်၍ ရေးသားပြန်သည်မှာလည်း၊ အောက်ပါအတိုင်းပင်တည်း။

### (၁) ဗိုလ်ချုပ်အောင်ဆန်း၏အဘိုး၊ မျိုးရိုးသန့်စင်၊ မြို့လုလင် သူကြီးဦးမင်းရောင်ဘွဲ့ ကဗျာ ၄ ချိုးလတ်။

(၁) မြို့လုလင်သာတဲ့၊ ကွန်းဆီသို့။ တို့တစ်စု ရှင်ဘုရင် စာဖွဲ့လို့ညွှန်းလိုက်တဲ့။ (အောင်ဆန်းရယ်) ဒါနဲ့ လွှမ်းကြပေတော့ကွာ။

(၂) ဩော်–မြို့သူကြီးရယ်လို့။ ။ တစ်မြို့ချီးလောက်တဲ့။ တို့ထီး(နေ့)

mgyoe.com

တမျှပေပ၊ "ရွှေလရောင်"ဘွဲ့သတင်းရယ်နှင့်၊ "ဦးမင်းရောင်"ဗိုလ်ဝင်ခံလို့မို့။ ဗဟိုပလ္လင်ပျံ–ဓမ္မရာဇ် အရှင်မကင်းအောင်လို့တဲ့၊ ဟိုအရင်ယမန်–စစ်အင်ကျင်းခဲ့တယ်ကွယ်၊ ခင်းတဲ့ဗျူဟာ။

(၃) မြတ်လောကီ သဘာဝတွင်ဖြင့်၊ ဓာတ်ကောလီခါ မရတာမို့၊ မြန်မာများ ဘုန်းသမ္ဘာ။ (အို) မရန်းသာသပေါ့၊ ရှုံးတာမတော့ကံတစ်မျိုး။

(၄) မန်းပျက်မှာ၊ စန်းလက်မသာမယာမို့၊ ဗမာ ဗမာချင်းတောင်မှ။ အတင်းရန်မူလို့။ ရန်သူ – ရန်ဟူ၍ မမှတ်တဲ့ပြင်၊ ကိုယ့်တပ်ကိုယ်ပြန်လို့နင်းကြတဲ့၊ ဖျင်းလှတဲ့–ကမြင်းမ အကောင်ဗိုလ်တချို့ရယ်က၊ ကိုယ့်ဖို့ အလွန်ရှန်းရှော့မလို့၊ တောင်ကုန်း သာသာယာယာ၊ "မြင်းမထိ"စခန်းဆီက၊ တရှောင်ရှောင်ပုန်းကာ–အစင်းသိတဲ့၊ အတွင်းတပည့်တွေကတောင်။ (မင်း) အမိဖမ်းချင်ကြသနဲ့။ ပရမ်းပတာ–တော်ရာရော်ရာ ပြေးကြတော့။ "လေးတိုင်စင်" စစ်တလင်းတွင်ဖြင့်။ အင်္ဂလိပ်တွေကို။ အတင်းကြိတ်မလေလို့ စမ်းခဲ့တဲ့။ ... သြော်–တဖောင်ဖောင်သတင်းတွေနှင့်၊ တပြောင်ပြောင်လင်းခဲ့တဲ့။ ... တောင်တွင်းက သခင်ကို၊ အောင်တြင်းမရခင် ဖမ်းတဲ့ပြင် အကြမ်းပတမ်း မလုပ်ကောင်းသော်လဲ။ ဦးခေါင်းဖြတ်ခါ အသေသတ်ကြသတဲ့။ မကျေနပ်ရှာ သူ–ချောင်တပည့်ဗန်းတို့ရဲ့။ ပြည်ရပ်မှာ တဘောင်နဲ့လွမ်းရပါတော့၊ (အမယ်မင်း) တောင်တမန်းမြို့ (နေ)(လ) နှစ်ဆောင် အညှိုးတွင်ဖြင့်။ ပြည်မြန်မာ့ဘောင် မစိုးလိုက်ရမူ၍။ ... သြော်–အခေါင်မမြန်း။ မမှောင်သမ်းသမို့။ အောင်ပန်းညှို့ခဲ့ရတဲ့၊ "အောင်ဆန်း"တို့ "ရွှေလရောင်"အဘိုး။

(၎င်းအထက်ပါကဗျာ၏ဆိုလိုရင်းသရုပ်မှာ ဗိုလ်ချုပ်တည်းဟူသော အောင်ဆန်း၏အဘိုး။ တိုင်းကျိုးပြည်ကျိုးကို သည်ပိုးရွက်ဆောင်၊ မအောင်မြင်ခဲ့သည်ကို။ ထိုသခင်အောင်ဆန်းလက်ထက်၌၊ ဆက်လက်ဆောင်ရွက်စေလိုသော၊ ယောနိသော မနသိကာရဖြင့်။ ဋီကာလှခေါ်တွင်လောက်သည့်။ "သခင်ဋီကာ"စာအုပ်၌၊ ကျွန်ုပ်တို့ ရေးသားထည့်သွင်းလိုက်သော မူရင်း အတိုင်း ဖြစ်သည်။)

## (၂) အလောင်းမင်းတရားနှင့် ညောင်ရမ်းမင်းသား မောင်သစ္စာတို့ကဲ့သို့ အောင်ဆန်း၏ ခေတ်အခါဘွဲ့လေးချိုးကြီး

(၁) ဆန်းဒေးနေ့ တစ်နေမကွာ–ဆန်ခံရင်းသာပ၊ မန္တလေးအရှေ့

mgyoe.com

သာသာယာယာမှာ–အလံ,ဝင်းဆိုတဲ့ အခင်းအကျင်းတွေဖြင့်–အကြံအဖန် မကင်းသူတို့နှင့်၊ စံခင်းဖောင်ကတို့။ နောင်ကိုပို့ပေမည့်။ အောင်မြို့မင်္ဂလာ။ (အိုကွယ်) ရန်ကင်းတောင်သို့။ မရှောင်သမို့၊ အောင်ဖို့တမင်လာ။

(၂) သြော်–တဘောင်အတိတ်။ အောင်နိမိတ်တွေနှင့် နော။ ... တောင် ထိပ် သဘင်ပွဲတွင်ဖြင့်၊ တဆင်နွဲကာ–တစ်နည်းတစ်ဖုံ ကြားရတာက၊ နွား တမျှ အကောင်တွေ။ ယောင်ပေယောင်ပေနှင့်၊ တောင်ခြေ–စကျက်ကွင်းတွင် မှ၊ မြက်ခင်း တကိုယ် တကိုယ်စောင်ပြီး။ ဂျိုတထောင်ထောင်–အမျက်နဲ့ ခွေ့ကြတဲ့။ မြက်အတွေ့တွင်–မြက်လုပွဲလိုမို့။ ကြေကွဲကာ ဆရာသနားတာ နှင့်။ သည်ပွဲမှာ မလာအားတာပေါ့။ အများဒကာမ–ဝေနေယျာတွေပါနော်ပါ ကွယ်။ တရားမျှတ။ မစားရသော်လဲ၊ ... သြော်–အားမကျလေနဲ့။ ကြားစ ခေမာ။

(၃) သြ–အနိုယခု၊ သည်ရတုမှာတော့။ .... ပြည်သူ့အောင်သဘင် အခြေစရတာက။ မညီမှု အရောင်တင်ထင့်နော။ ... သောင်မတင်–ရေမကျ ပေမို့။ မရေမရ တစ်မျိုးကွ ဆိုသည့်၊ တန်ခိုးမပြနိုင်တဲ့–အစိုးရကြားဖြတ်အခါ မှာ။ တရားမြတ်ဘာဝနာရယ်နှင့်–ဆရာ့တကယ်မအေး။ (အိုကွယ်၊ မစားရ တတ်၊ စားရတတ်ဆိုတဲ့။ အစားငတ်ရှာသူတွေကိုဖြင့်–အစပထမ ကယ်ဆယ် ရေး)

(၄) ၎င်းပြင်။ ခေတ်ဟောင်း–ရာဇဝင်သို့။ မြန်မာတစ်ခွင်မှာ–အရှင် သခင်တို့ မီးတန်ခိုးတော်ကြောင့်၊ တစ်နည်းတစ်မျိုးသော်–မသာမယာ ပြည် ပါ မှောက်ပြီး၊ ထီးကျိုးကာ စည်ပါပေါက်စဉ်က၊ အလျောက်ကြမ္မာဝဋ်နှင့် ရာဇဝတ်အရေးပေပ၊ ခမျာမလွတ်သေးသူတို့ကဖြင့်။ အမြန်လွတ်ပေးဖို့ရာ– သဒ္ဒါဖြူဖြူသန့်သန့်နှင့်၊ ဆရာမှုတစ်ဖန်–အခါအခါ အလှူခံလို့ တောင်း လိုက်ပါရဲ့၊ ... တစ်ကြောင်းထို့ပြင် တစ်ဖန်မတော့။ မျှိုပလ္လင်ပျံစံလော့် ပတ္တမြားလိုပ။ ဗဟို့အင်္ဂလန်မှာ အကြံအဖန် တော်သကားဆိုတဲ့။ တို့ဘုရင်ခံ– ထံတော်ပါးတွင်ဖြင့်။ ခစားရှာသည့်၊ မဟာသူကောင်း၊ ကျိုင်းထီးမဆောင်း ရတဲ့၊ ၎င်းကဲ့သို့သော အဖူးတံခွန်၊ ဦးဝန်ကြီးတို့နှင့်၊ အထူးချွန်သတည်း ဆိုသူ–ဗမာအမတ်တွေကဖြင့်၊ အာပတ်သင့်မှာ ဆရာ မကြောက်နိုင်ဘု၊ ရောက်တတ်ရာရာကို–နောက်ထပ်တခါ ဟောရမှာဖြင့်၊ ကမ္ဘာလောက တစ်ခွင် မနုဿဆိုတဲ့ ဘရုတ်သုတ်ခနဲ့၊ အရှုပ်ဘာဝပေမို့နော။ ... "ဥစ္စာ

mgyoe.com

ရင်လို–ဉစ္စာရင်ခဲ"ရတဲ့၊ အပွဲပွဲသဘင်၊ ယခင်ကသမိုင်းမှတော့၊ ...(၁)တလိုင်း၊ ကျွန်–မြန်မာအဖြစ်တွင်ဖြင့်၊ အညာတစ်ခေတ်မှာ ဗမာအစစ်တွေက–မကြေတဲ့ နှလုံးရယ်နှင့်၊ ပြည်ဆုံးတောင်– ရွှေကုန်းဘောင်က ထမဟဲ့သို့၊ နေတန္ခန်းတပြောင်ပြောင်–ဘုန်းခေါင်သမတပေမို့။ ဘုန်းရောင် ရုံးပြောင်ပြလျှင်–အောင်နေကြပေပေ့။ "အောင်ဇေယ" ပရိတ်ကိုဖြင့်၊ တဆိတ်နမ်းစရာ–သဒ္ဒါကြေးသာပ။ အကြိတ်အနှိပ်မန်းကာ ဆရာပေးလိုက်တဲ့ပြင်။ ... (၂) အရေးပုံ–ပန်ချာပီတို့နှင့်၊ ဘေးမလုံ–ဖန်လာသည်မို့၊ မကြံသာပြီ တရားပျက်ကွက်သနဲ့ "သတိုး"ရယ်ကြောင့်၊ စံဌာနီ–ကုလားတစ်ဖက်ကလည်း ညှိုးချိန်ပေါ့၊ ဟံသာဝတီ– ဆားထွက်တဲ့ ပဲခူးမှာတော့၊ သဝေထိုးကာ ပလ္လင်မှောက်ပြီး၊ ဘုရင်အပျောက်တွင်ဖြင့်၊ ... ဩော် ဆင်ပေါက်က ငါးစီး၊ ကျွန်သီးငါးရာ၊ သံဃာက နှစ်ပါး၊ ပုဏ္ဏားက ရှစ်ယောက်ကဲ့ပြင်၊ ယုံစားလောက်သူတွေကို ဗိုလ်ဝင်ခဲ့လို့မို့၊ ဟိုအရင်ယမန် "ဖက်ဆစ်"ချိုးမဟဲ့လို့။ ... "သက္ကရာဇ်ကိုးရာ ခြောက်ဆယ်သာတွင်၊ သမ္မာမှည့်ရွှမ်း၊ ညောင်ရမ်းမင်းတရား၊ ထောင်ကိန်းထား၍၊ ဆင့်ပွားနိုင်းရဲ့၊ ရန်မနဲ့အောင်၊ ထပ်ချဲ့တည်ကာ၊ ရတနာပူရ၊ ရွှေဝမြို့ကြီး၊ သမိုက်ပြီးသော်၊ ကောင်းချီးမြှောက်မြှင့်၊ ရှစ်နှစ်ဖွင့်မှ"ဆိုတဲ့ ... ထိုတကယ့်အထောက်အထားတွေနှင့်၊ အသောက်အစား တရီရီ–အမှောင်သမ်းတဲ့၊ ယောင်ကန်းကန်းနဲ့၊ အကောင်သွမ်းတွေသို့၊ ယောကျာ်းပီပီ–အချောင် မမှန်းမူ၍၊ ... (အမယ်မင်း) အောင်စတမ်းမချို့ခဲ့တဲ့၊ ညောင်ရမ်းမြို့–ဓမ္မရာဇ်ရာဇာတည်းဟူသော မစ္စတာ–သစ္စာတို့ အရေးလိုပ၊ ... အဆောင်ဆောင်ကြငှန်း၊ အခေါင်မြန်းတို့၊ အောင်ပန်းမညို့စေနဲ့၊...(ဩော်) "အောင်ဆန်း"တို့ခေတ်ဟာ မသေး။

ထိုအထက်ပါကဗျာ၏အလိုမှာ၊ ဗိုလ်ချုပ်တည်းဟူသော အောင်ဆန်းသည်၊ ဤမည်သော ရတနာသိင်္ဃ၊ ပြည်များတန်ဆောင်၊ ရန်ကြီးအောင်နှင့်၊ ကုန်းဘောင်ရွှေဘို၊ မုဆိုးဖို၊ ထိုမြန်မာ့နန်းကို၊ ရစတမ်းကြိတ်ခဲ့–နှိပ်ခဲ့သကဲ့သို့လည်းကောင်း။ ။ တစ်ကြောင်းတစ်လမ်း၊ ညောင်ရမ်းမြို့စား၊ မင်းသားမောင်သစ္စာသည်၊ ရတနာပူရ၊ အင်းဝတစ်ခွင်၊ ရှင်ဘုရင်ဖြစ်အောင်၊ ရွက်ဆောင် အားထုတ်ကာ၊ မြန်မာပြည်ထီးနန်း၊ သိမ်းမြန်းပြီးကာလ၊ ဆဋ္ဌမသင်္ဂါယနာတင်၊ ဘုရင်တစ်ဆူ ဖြစ်တော်မူစေချင်သောကြောင့်လည်းကောင်း၊ အကြောင်းအားလျော်စွာ၊ ဆရာရေးသား စီကုံးဘိသောဟူ၏။

mgyoe.com

mgyoe.com


## (၃) ဗိုလ်ချုပ်အောင်ဆန်း၊ နတ်နန်းနတ်ဘုံ၊ ခိုလှုံသည့်အခြင်းအရာ၊ ဘာဝနာတမ်းချင်းကြီး

(၁) ဩော်–အဆောင်ဆောင်နန်းတွေ–ကြွင့်န်းတွေနှင့်နှော။... အခေါင်မမြိန်းခင်က၊ အောင်စတမ်းချို့စေဖို့။ အောင်ပန်းညို့ရရာတဲ့ ... တောင်တမန်း၊ တို့ဗမာမှာ အပေါင်းသံသရာအငုတ်တွေနှင့်။ ... "အောင်ဆန်း"တို့ မသာမယာဟာ၊ ၎င်းကံကြမ္မာ အလုပ်ပေထင့်။ သောင်းမြန်–မရဏာစမုတ်မှာတော့၊ ချုပ်သနှင့်–ယင်းအလိုတွင် (အိုကွယ်) "ဒေါင်းလံ" ပုဝါအုပ်ပါလို့–ကျုပ်ဖြင့်သဂြိုဟ်ချင်။

(၂) ဩော်–တပည့်အရင်းတွေမို့၊ ကတိဝမတင်းနိုင်ဘုကွဲ့ သတိကင်းကာ–မျက်ရည်ကျကျပြီး၊ ... ခက်ကပြီ ... လက်ဆည်လို့မရနိုင်ဘု၊ သောကဘလောင်ဆူတော့... (၁) တောင်ဇမ္ဗူ ပုဂံခေတ်ဆီက၊ ယခေါင်မူ–ယမန်သနစ်တွေပေါ့။ ရန်အဖြစ် မကွဲ့မနှေးသနော်၊ တစ်သောင်း–ဒီဇမ္ဗူရမ်းနေကြ။ ကျန်ရစ်တဲ့ မြေးတော်–အလောင်းစည်သူရဲ့ နန်းကိုဖြင့်၊ လူကြမ်းဓားပြတွေ–ကြမ်းလာ–ရမ်းလာတဲ့အရေးတွင်မှ၊ ဘေးအပေါင်းကြီးစွာ ဝေဒနာအစုံနှင့်၊ သွေးချောင်းစီးကာ၊ သေရွာပုံရဲ့ပြင်။ ... (၂) ရွှေမြန်မာဘုံမှာ–အမင်းမင်းသမ္ဘတတွေနဲ့၊ သတင်းလှခဲ့တဲ့၊ အင်းဝရာဇာအမွန်–သာလွန်မင်းကိုမှ၊ သားရင်း–ရှင်တရုပ်ကယ်က၊ ရှင်ဘုရင်လုပ်မယ်–အကျယ်ဇယားတွင်ဖြင့်၊ (ဘဆွေတို့) ထားဝယ်သားတွေ ဗိုလ်ခံဝင်လို့မို့၊ ဟိုအရင် ယမန်နန်းတော် စီးစဉ်က၊ အပျက်ကြီးပျက်ခါ–အသက်ခန္ဓာတွေဆုံးပုံနှင့်၊ ... (၃) တထုံးနောက်တစ်နည်းမှာတော့၊ မင်းရဲရန္တမိတ်ခမျာမှာ–ညီသနင်းပေပျ၊ ပြည်မင်း ဂုဏ်ခံလို့၊ မှုန်မှုန်ဆန်ဆန်–ပုန်ကန်တဲ့အတိုင်းရဲ့ပြင်၊ ... (၄) တလိုင်းနယ်ရွှေပြည်တစ်ခွင်မတော့ ဓမ္မစေတီဘုရင်–လက်ထက်တုံးဆီက၊ လက်ရုံးရည် တသိန်လျှမ်းပေတဲ့၊ သမိန်ဗရမ်းဆိုတဲ့–စစ်ဗိုလ်ချုပ်ကိုဖြင့်၊ မဟုတ်တရုတ် အကောင်တေလေ –တဇွေကိုက်တာနဲ့၊ ... ဩော် ဖွေဖွေရှာရှာ၊ မကြေစရာပေပေါ့နှော၊ ... မရေမရာ–သေရွာဆိုက်သလိုပ၊ အခိုက်အခါတူလို့မို့၊ ... (၅) ဆရာတစ်မူမကြာ မကြာလွမ်းရပါတဲ့ ... ဘမရာအဆူဆူ–ကြာကြွင့်န်းထွေနှင့်။ မြန်မာဇမ္ဗူ–အညာမန်းတွင်ဖြင့်၊ ငါတလူ–ငါသရမ်းရှော့မဟဲ့လို့၊ သာခန်းပလ္လင်ညွှန်းပြီး၊ မြင်ကွန်းပိုင်–သူပုန်ထစဉ်က၊ ကြုံရသူ–မသာတော်တို့နှင့်၊ ပမာသော်–တူတယ်လို့နှိုင်းမိတယ်၊ ရိုင်းသနဲ့ အတိတ်ယခင်လိုနော်ကွယ်၊ စစ်

mgyoe.com

ကိုင်း တပည့်၊ ဂိုဏ်းအဖွဲ့တွေနှင့်၊ မှိုင်းရဲ့စိတ်ထင်။

(၄) နန်းမြို့တည်ရန်၊ မှန်းလို့ရည်ကာသန်တဲ့။ ညီလာခံ ဗိုလ်ရှုပွဲတွင်မှ၊ ထိုထိုလူ့ခပဲကို မကြည်ညိုတဲ့၊ ဝသီအလို တဖြည်းဖြည်း ရှုးမဟဲ့လို့၊ တနွေး နွေး မှုးမှုပြီး၊ ခွေးဘီလူးလို အကောင်မိုက်တွေက။ ... သြော် အမှောင်စရိုက် ကယ်နှင့်။ ပြောင်ပြောင်ပဲ မိုက်မပေါ့လို့။ ဖြောင်ကိုက်သဟာမှာ ယာယီ ယတြာအချိန်နှင့်၊ ဇာတာမိုန်မို့လို့။ ဂနာမငြိမ်–တာဝတိံ ယွန်းကြပေါ့။ .. ဖြေမကြည်–နေရီတော့ လွမ်းစေဖို့။ ... မြန်မာ့ပြည်ပေါ်ကို ဓမ္မစည်တော် ရှန်းချိန်မို့၊ အစွမ်းကုန်–သည်တစ်ခါဖြင့်။ ပြည်ရှာ–ညီညာဖို့အလုပ်ပေပေါ့၊ သုသာန်တံခွန် စောင်းရရှာတဲ့။ ရုပ်အကျန် ခုနစ်လောင်းရယ်နှင့်။ အလွန် ကောင်းစွာ ကမ္ဘာတည်မည့်။ "အာဇာနည်ဗိမာန်" ပုထိုးကိုဖြင့်၊ ပါရမီအဓိဋ္ဌာန် တစ်မျိုးရယ်နှင့်၊ ရှိခိုးကာ ဆရာကန်တော့ ချင်ရဲ့၊ မြန်မာ–မတော့ပူစရာဖို့၊ တစ်ဗျူဟာ–အောင်ခမန်းတွင်မှ၊ လူမသမာ အမှောင်သန်းချိန်မို့၊ .... (အမယ် မင်း) သောင်ကမ်းမို့မို့ဆီက၊ ဖောင်နန်းကတို့နှင့်– အကြေဒဂုန်တည်း ဟူ သော၊ ရေစုန်မျောလေရဲ့၊ ... သြော်–တောင်နန်း မြောက်နန်း။ အဆောင် ဆောင် ကြငှန်းနဲ့၊ အခေါင်မမြန်းရခင်က၊ အောင်ပန်းညို့ရရှာတဲ့။ ... "အောင် ဆန်း"တို့ သေပုံနမြော။

ဤကဗျာဝယ်၊ အဓိပ္ပာယ်လွယ်၏။

ဣဒံမေပုညံ အာသဝက္ခယံ ဝဟံဟောတု။

ဣဒံမေပုညံ နိဗ္ဗန္နသ ပစ္စယော ဟောတု။

သာသနာတော် ၂၄၉၁ နှစ်၊ ကောဇာသက္ကရာဇ် ၁၃၀၉ ခုနှစ်၊ နတ်တော်လဆုတ် ၁၄–ရက်၊ ကြာသပတေးနေ့ညဘက် စက်နာရီ ၃ ချက် တီးအချိန်မှာ "အာဇာနည်ဗိမာန်" ကုသိုလ်တော်ကြီး အပြီးအဆုံး နိဂုံးချုပ် သတည်း။

◆

သခင်ကိုယ်တော်မှိုင်း(နာယက)။
ဘုရင့်ဆွေတော်မျိုးတော်အသင်း။
မန္တလေး-ရန်ကုန်။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# အာဇာနည်ခေါင်းဆောင်ကြီး
# ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝဖြစ်စဉ်

၁၉၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် နတ်မောက်မြို့၊ ရှေ့နေကြီး ဦးဖာ + ဒေါ်စု တို့မှ ဖွားမြင်သည်။

၁၉၃၂ ခုနှစ်တွင် ၁၀ တန်းစာမေးပွဲကို ရေနံချောင်းမြို့ အမျိုးသား အထက်တန်းကျောင်းမှ အောင်မြင်ပြီး ရန်ကုန်တက္ကသိုလ်သို့ စတင်ရောက်ရှိခဲ့သည်။

၁၉၃၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သမဂ္ဂ အမှုဆောင်အဖွဲ့နှင့် အိုးဝေမဂ္ဂဇင်း အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ ထိုသို့ အယ်ဒီတာအဖြစ် ဆောင်ရွက်နေစဉ် အိုးဝေမဂ္ဂဇင်းတွင်ပါရှိသော HELL HOUND AT-LARGE 'ခွေးသရမ်းကြီး လွတ်နေသည်' ဆောင်းပါးရေးသူကို ဖော်ထုတ်မပေး၍ တက္ကသိုလ်မှ ထုတ်ပယ်ခြင်းခံရသည်။

## ၃၆ သပိတ်

၁၉၃၆ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် တက္ကသိုလ်သပိတ်မှောက်သည့် အကြောင်းမှာ ကိုအောင်ဆန်းကို ကျောင်းမှထုတ်ပစ်ခြင်းကြောင့်ဖြစ်သည်။

၁၉၃၇ ခုနှစ်တွင် ဝိဇ္ဇာတန်းကို အောင်မြင်သည်။ ထိုနှစ်မှာပင် ရန်ကုန်

mgyoe.com

mgyoe.com


တက္ကသိုလ် ပဲခူးဆောင်သဟာယနှင့် စာဖတ်အသင်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

၁၉၃၇-၃၈ ခုနှစ်တွင် တက္ကသိုလ်သမဂ္ဂ ဒုဥက္ကဋ္ဌနှင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

## တို့ဗမာအစည်းအရုံး

၁၉၃၈ ခုနှစ်တွင် ကိုအောင်ဆန်း ခေါင်းဆောင်သော ကျောင်းသားကိုယ်စားလှယ်များ အဖွဲ့တစ်ခု အိန္ဒိယပြည်သို့ သွားခဲ့သည်။ ၎င်းနှစ်တွင် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်သည်။ ၎င်းနှစ်မှာပင် တက္ကသိုလ်ကျောင်းသား ကိုယ်စားလှယ်၊ တက္ကသိုလ်ကောင်စီဝင်အဖြစ် တင်မြှောက်ခြင်းခံရသည်။ တို့ဗမာအစည်းအရုံးတွင် အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။

၁၉၃၉ နှစ်တွင် မော်လမြိုင်၌ ကျင်းပသော တို့ဗမာအစည်းအရုံး ညီလာခံတွင် စစ်အတွင်း ဗြိတိသျှကို မကူစတမ်းအဆို တင်သွင်းသည်။

## ဂျပန်ပြည်သို့

၁၉၄၀ ပြည့်နှစ်တွင် ဗမာ့ထွက်ရပ်ဂိုဏ်း ဖွဲ့စည်းတည်ထောင်ရာတွင် အထွေထွေ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။ ထိုနှစ်မှာပင် ဂျပန်ပြည်သို့ လျှို့ဝှက်သွားရောက်ခဲ့သည်။


## ဗိုလ်တေဇ

၁၉၄၁ ခုနှစ်တွင် ရုပ်ဖျက်၍ မြန်မာပြည်သို့ ခေတ္တပြန်လာပြီး ရဲဘော်သုံးကျိပ်ဝင်များ စုဆောင်း၍ ဂျပန်ပြည်သို့ ခေါ်ဆောင်သွားသည်။ ဟိုင်နမ်ကျွန်းတွင် စစ်ပညာသင်ကြားသည်။ ထိုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ယိုးဒယားပြည် ဘန်ကောက်မြို့၌ ရဲဘော်သုံးကျိပ်နှင့်အတူ (ဘီ-အိုင်-အေ) ခေါ် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖွဲ့စည်းခဲ့သည်။ ရဲဘော်သုံးကျိပ်လက်မောင်းသွေးဖောက်၍ သွေးသောက်ခဲ့ကြသည်။ ထိုကဲ့သို့ (ဘီအိုင်အေ) တပ်မတော် ဖွဲ့စည်းပြီး ဗိုလ်ချုပ်အောင်ဆန်းသည် ဗိုလ်တေဇအမည် ခံယူသည်။

mgyoe.com



ဗိုလ်ချုပ်အောင်ဆန်းနှင့် အတူ ကျဆုံးသွားသော အာဇာနည်ကြီးများအား အလေးပြုရန် ချီတက်လာကြသော ရဲမေတပ်ပွဲဝင်များ



ဗိုလ်ချုပ်အား အမြဲသတိရနေသည့် အိုရိဂလာဝါဒေါ် ဘာဘူကြီးတစ်ဦးက နို့စားနွားမနှင့် ကလေးများ ပေါင်း ၅ ကောင်အား ဒေါ်ခင်ကြည်သို့ လှူဒါန်းပေးအပ်နေပုံ

၁၉၄၂ ခု နှစ်ဦးပိုင်းတွင် ဂျပန်များနှင့် ပူးပေါင်း၍ ဗိုလ်တေဇ ခေါင်းဆောင်သော ဗမာ့လွတ်လပ်ရေးတပ်မတော်သည် မြန်မာနိုင်ငံကို ချီတက်တိုက်ခိုက်သည်။ ထိုနှစ် မတ်လ ၈ ရက်နေ့တွင် ဗိုလ်တေဇ ဦးဆောင်သော (ဘီအိုင်အေ) တပ်မတော်ကြီးသည် ရန်ကုန်မြို့ကို သိမ်းပိုက်သည်။

mgyoe.com


## လက်ထပ်

ထိုနှစ် မေလတွင် ဒေါ်ခင်ကြည်နှင့် လက်ထပ်သည်။ ဇူလိုင်လတွင် ဗိုလ်မှူးကြီး ရာထူးဖြင့် ဗမာ့ကာကွယ်ရေးတပ်မတော် စစ်သေနာပတိအဖြစ် ဆောင်ရွက်သည်။

၁၉၄၃ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ဒေါက်တာဘမော်၊ ဒေါက်တာ သိန်းမောင်၊ သခင်မြတို့နှင့်အတူ လွတ်လပ်ရေးအတွက် ဆွေးနွေးရန် ဂျပန် ပြည်သို့ သွားခဲ့သည်။ ထိုနှစ် မတ်လ ၂၂ ရက်နေ့တွင် ဂျပန်ဘုရင်၏ ဆုတံဆိပ်ချီးမြှင့်ခံရသည်။

ဩဂုတ်လတွင် ဒေါက်တာဘမော် အစိုးရအဖွဲ့၌ စစ်ဝန်ကြီးအဖြစ် ဆောင်ရွက်သည်။ ထိုနှစ်တွင်ပင် အိန္ဒိယပြည်ရှိ မဟာမိတ်စစ်ဌာနချုပ်များ နှင့် လျှို့ဝှက်ဆက်သွယ်ခဲ့သည်။

၁၉၄၄ ခုနှစ်၊ ဩဂုတ်လတွင် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့ လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးကို လျှို့ဝှက်ဖွဲ့စည်းသည်။ စက်တင်ဘာလ ၄ ရက်နေ့ တွင် ရန်ကုန်မြို့၌ ဂျပန်ဘုရင်၏ ဆုတံဆိပ် ထပ်မံချီးမြှင့်ခြင်းခံရသည်။

၁၉၄၅ ခု၊ မတ်လ ၁၇ ရက်နေ့တွင် ရန်သူကို တိုက်ခိုက်ရန်အတွက် တပ်မတော်ကို ဦးဆောင်၍ စစ်မြေပြင်သို့ ထွက်ခဲ့သည်။ မတ်လ ၂၇ ရက်နေ့



ခေါင်းဆောင်ကြီးများ၏ ရုပ်ကလာပ်အား လွမ်းသူ့ပန်းခွေ လာရောက်ချကြသည့် ၁၉၄၇ ခုနှစ်က အမျိုးသမီးများ

mgyoe.com

mgyoe.com


တွင် ဖက်ဆစ်ဂျပန်ကို တော်လှန်သည်။ ဩဂုတ်လ ၁၉ ရက်နေ့တွင် နေသူရိန် အစည်းအဝေးကြီး၌ သဘာပတိအဖြစ် ဆောင်ရွက်၍ ဗမာ့လွတ်လပ်ရေး တောင်းဆိုသည်။

၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလတွင် ရွှေတိဂုံအလယ်ပစ္စယံ၌ ပြည်လုံးကျွတ် ဖဆပလညီလာခံကို ဦးစီးကျင်းပခဲ့သည်။ ထိုနှစ် ဩဂုတ်လတွင် အစိုးရအမှုထမ်းများကို သပိတ်မှောက်စေကာ ဗြိတိသျှအစိုးရကို အံတုသည်။ စက်တင်ဘာလတွင် ဘုရင်ခံ၏ အမှုဆောင်ကောင်စီ၌ ဒုတိယသဘာပတိ ရာထူး လက်ခံသည်။

## ပထမ တိုင်းပြည်ပြုလွှတ်တော်

၁၉၄၇ ခု၊ ဇန်နဝါရီလတွင် အင်္ဂလန်ပြည် လန်ဒန်မြို့၌ အောင်ဆန်း အက်တလီစာချုပ် ချုပ်ဆိုသည်။ ထိုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် တိုင်းရင်းသားများ သွေးစည်းညီညွတ်ရေးအတွက် ပင်လုံညီလာခံ ကျင်းပသည်။ မေလ ၁၉ ရက်နေ့တွင် ဂျူဗလီဟော၌ ကျင်းပသော ဖဆပလ ပဏာမ ပြင်ဆင်မှုညီလာခံ၏ သဘာပတိအဖြစ် ဆောင်ရွက်သည်။ ဇွန်လ ၁၆ ရက်နေ့တွင် ပထမတိုင်းပြည်ပြု လွှတ်တော်၌ အချုပ်အချာအာဏာပိုင် သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းရန် အဆိုတင်သွင်းသည်။

ဇူလိုင်လ ၁၃ ရက်နေ့တွင် မြို့တော်ခန်းမ၌ အရေးကြီးသော မိန့်ခွန်း မြွက်ကြားသည်။ ထိုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင်ကား တိုင်းပြည်၏တာဝန်ကို ထမ်းဆောင်နေရင်း မသမာသူများ၏ လက်ချက်ဖြင့် ကျဆုံးခဲ့ရသည်။

◆

အမှတ် ၇၁၊ အိုးဝေကျောနယ်၊
၁၅-၇-၁၉၇၁။

mgyoe.com

mgyoe.com

# လူသေသော်လည်း သူ မသေ

မောင်နေဝင်း

၁၉၆၉ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်သည် မြန်မာပြည်သူတစ်ရပ်လုံး၏ လေးစား မြတ်နိုးလှစွာသော ခေါင်းဆောင်ကြီးလည်းဖြစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ လွတ်လပ်ရေး ဗိသုကာကြီးလည်းဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းနှင့် အခြား ခေါင်းဆောင်ကြီးများအား လုပ်ကြံသတ်ဖြတ်ခြင်းခံရသည့် ၂၂ နှစ်မြောက်နေ့ ဖြစ်လေသည်။

မြန်မာပြည်သူ လူထုကြီးတစ်ရပ်လုံးက ဤနေ့ကို 'အာဇာနည်နေ့' ဟု သတ်မှတ်ကာ လွတ်လပ်ရေးအတွက် အသက်နှင့်ခန္ဓာကိုယ်ပါ စုပုံပေး အပ် စွန့်လှူသွားသော ခေါင်းဆောင်ကြီးကို အလေးပြုကြ၊ အမှတ်ရကြ၊ လွမ်းဆွတ်တသကြသည်။

တကယ်ဆိုတော့လည်း ဗိုလ်ချုပ်အောင်ဆန်းသည် ပြည်သူလူထု တစ်ရပ်လုံးက အလေးပြုထိုက်၊ အမှတ်ရထိုက်၊ လွမ်းဆွတ်တသထိုက်သော ထူးခြားပြောင်မြောက်သည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်၏။ ထူးခြားပြောင်မြောက်သည့် ပုဂ္ဂိုလ်ဟု ကျွန်တော် ဆိုပါသည်။ အဘယ့်ကြောင့်ဆိုသော် ဗိုလ်ချုပ်အောင် ဆန်းသည် မြန်မာနိုင်ငံသမိုင်း၏ ၂၀ ရာစုခေတ် လွတ်လပ်ရေးတိုက်ပွဲကို ဦးစီးခေါင်းဆောင်ရာ၌ မိုးပေါ်ကကျလာသည့် မိုးကျရွှေကိုယ် ခေါင်းဆောင် မျိုး အဖြစ်မဟုတ်ဘဲ ပြည်သူလူထုအများစုကြီး၏ တိုက်ပွဲအတွင်းမှ ပေါ်

mgyoe.com

ထွက်လာသူ၊ ပြည်သူလူထု၏စွမ်းပကားကို အကြွင်းမဲ့ယုံကြည်သူ၊ ပြည်သူလူထုအကြားတွင် နေ၍ ယင်းပြည်သူလူထု၏ အရေးအတွက် ကိုယ်ကျိုးစီးပွားဟူသမျှကို စွန့်လှူ အလုပ်လုပ်ခဲ့သူ ဖြစ်သောကြောင့်ပေတည်း။

ဤမျှသာလော မဟုတ်သေးပါ။ ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ တွေးခေါ်ရှင်လည်းဖြစ်၏။ သူ ယုံကြည်သော အယူဝါဒဘက်တွင် ပြတ်ပြတ်သားသား ရပ်တည်သူလည်း ဖြစ်ပါသေး၏။

၁၉၄၀ ခုနှစ်တစ်ဝိုက်တွင် မြန်မာပြည်၏နိုင်ငံရေးမှာ ရှုပ်ထွေးလျက်ရှိလေသည်။ ရာထူးယူသူ၊ ကပ်ဖားရပ်ဖားလုပ်သူ၊ ကိုယ်ရေးကိုယ်တာအကျိုးစီးပွားအတွက် အမျိုးသားရေးကို သစ္စာဖောက်သူ၊ ဝံသာနုရက္ခိတတရားလောက်၌သာ လွတ်လပ်ရေးတိုက်ပွဲကို ဘောင်ခတ်ကြသူ စသည်ဖြင့်နိုင်ငံရေးဇာတ်ခုံ၌ ကတိမ်းကပါး ဖြစ်နေကြသည်။ "နိုင်ငံရေး ဆိုတာအင်မတန်ညစ်ပတ်တဲ့အလုပ်" ဟူ၍ ပြောသူက ပြောပြီး "နိုင်ငံရေးဆိုတာကုသိုလ် တစ်ပဲ၊ ငရဲတစ်ပိဿာ" ဟု ဆိုသူကဆိုကာ နိုင်ငံရေးလုပ်ငန်းကိုသေးသိမ်အောင် လုပ် နေကြသည်။

ထိုအခိုက်တွင် ဗိုလ်ချုပ်အောင်ဆန်းက နိုင်ငံရေးကို ကာကွယ်သည်။ နိုင်ငံရေးဟူသည် မွန်မြတ်သောလုပ်ငန်းဟု ကြွေးကြော်သည်။ မင်းလောင်းမျှော် နိုင်ငံရေး၊ မှော်ဆရာ ပထမံဆရာ နိုင်ငံရေး၊ တဘောင်စနည်းဘဝေါနိုင်ငံရေးကို ထိုးနှက်တိုက်ခိုက်သည်။ နိုင်ငံရေးကို လောကဓာတ်အရ မြင်ရထင်ရမည်ဟုဆိုကာ "နိုင်ငံရေးဆိုသည်မှာ လူအစွမ်းနှင့် ပေါင်းသင်းဆက်ဆံရေး ကူးလူးအုပ်ချုပ်သော ကိစ္စပင်ဖြစ်၏။ ထို့ကြောင့် နိုင်ငံရေးကို(ဆိုရှယ်ဆိုင်းယင့်စ်) ပေါင်းသင်းဆက်ဆံမှု (လောကဓာတ်) ပညာဟု ယူဆရမည်"ဟု ခွဲခြားစိစစ်ပြခဲ့သည်။ "နိုင်ငံရေးသည် လူမှုသူမှုကိစ္စအားလုံးဖြစ်၏။ လူ၏ အသိဉာဏ်ဖြင့် လူ၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ကြရာ ပိုမိုများပြား ရှုပ်ထွေးလာသောအခါ နိုင်ငံရေးတည်းဟူသော လူ့ပင်မတရား ပေါ်ပေါက်လာ၏"

နိုင်ငံရေးတည်းဟူသော လူ့ပင်မတရားဟု ဗိုလ်ချုပ်အောင်ဆန်းကတိုတိုနှင့် လိုရင်းရောက်အောင် ဖော်ပြရှင်းလင်းပါသည်။ "လူ့ပင်မ" တရားဟူသော စကားကိုသုံးရာ၌ ဗိုလ်ချုပ်အောင်ဆန်းသည် တောရမ်းမယ်ဘွဲ့

mgyee.com

mgyoe.com

သုံးသည်မဟုတ်။ လူမှာ ကိစ္စတွေ ထွေပြား နက်နဲလာသည့်အခါ လူတစ်ဦးတည်း၊ တစ်အိမ်ထောင်တည်း၊ တစ်မျိုးတစ်ဘာသာတည်း၊ တစ်နိုင်ငံလုံးတည်းဆိုသော ကိစ္စမျိုးထက်မကတော့ဘဲ တစ်ဆင့်တက်လာသည်။ ထိုသို့တက်လာသော အဆင့်အတန်းမှ နိုင်ငံရေးတည်းဟူသော လူ့ပင်မတရားပေါ်လာသည်ဟု သရုပ်ခွဲ ရှင်းပြထားခဲ့သည်မှာ မှတ်သားဖွယ်ဖြစ်ပါသည်။ အမှန်အားဖြင့် နိုင်ငံရေးကို သိပ္ပံနည်းကျစွာ အဖြေထုတ်ခဲ့ခြင်း ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံရေးဟူသည် ညစ်ပတ်သော အလုပ်မဟုတ်၊ မွန်မြတ်သော လူ့ပင်မတရားဖြစ်သည်ဟု နိုင်ငံရေးဘက်မှ ခုခံကာကွယ်ရုံသက်သက်မျှဖြင့် ရပ်တန့်မနေသေးဘဲ ဤနိုင်ငံရေးမျိုး၌ ဝင်ကြ၊ လုပ်ကြဟုလည်း နှိုးဆော်သူဖြစ်လေသည်။ "လူညံ့စိတ်ကိုဖျောက်ပြီး နိုင်ငံရေးကို လိုက်စားကြစမ်းပါ"ဟု ရဲရင့်စွာ တိုက်တွန်းသည်။

တစ်ဖန် ဝါဒရေးရာနှင့်စပ်လျဉ်း၍လည်း ဗိုလ်ချုပ်အောင်ဆန်းက ခွဲခြားရှင်းလင်းပါသေးသည်။ "နိုင်ငံရေးအကြောင်းတွေးလျှင် ဝါဒပါစမြဲဖြစ်၏။ ဝါဒမရှိလျှင် ဘယ်နိုင်ငံရေးမျိုး လုပ်နိုင်မလဲ"ဟု ဝါဒရှိသော နိုင်ငံရေးမျိုးကိုမှ နိုင်ငံရေးအစစ်ဖြစ်ကြောင်း ဖွင့်ဟ ပါသည်။ ဤသည်မှာ နိုင်ငံရေးတွင် ဝါဒမလို၊ ဗမာဆိုလျှင် ဗမာစိတ်ရှိပြီး ဖြစ်ကြသဖြင့် ဗမာကောင်းစားရေးအတွက် ဗမာတိုင်းလိုလားကြသည်။ ထို့ကြောင့် ဓနရှင်ဝါဒ၊ ဆင်းရဲသားဝါဒစသည်ဖြင့် အထူးအထွေ ဋ္ဌီကာချဲ့စေရန်မလိုတော့ပြီဟူသော ဓနရှင်နှင့် ဓနရှင်ပေါက်စ နိုင်ငံရေးဝါဒဆိုင်ရာ အတွေးအခေါ်များကို အခိုင်အမာ ခုခံချေပခြင်းပင် ဖြစ်လေ သည်။

တိုင်းပြည်ကောင်းအောင်လုပ်ချင်တိုင်း ပြီးပြည့်စုံသော နိုင်ငံရေးမဟုတ်။ တိုင်းပြည်ကောင်းအောင်လုပ်ချင်တာကတော့ မှန်ပါသည်။ သို့သော် ဘယ်နည်းဘယ်ပုံ ကောင်းအောင်လုပ်မည်နည်း။

တိုင်းပြည်၏ လွတ်ရာလွတ်ကြောင်းဖြစ်သော လောကနိဗ္ဗာန်ကို မည်သို့တည်ဆောက်မည်နည်း၊ စိတ်ကူးထုတ်ဖို့ လိုသည်။ ယင်းသို့ တိုင်းပြည် အနာဂတ်ကံကြမ္မာ ဖန်တီးရေးအတွက် ပုံစံချ စိတ်ကူးတတ်ရန် အဓိကအရင်းခံသည် ဝါဒဖြစ်သည်ဟု ဗိုလ်ချုပ်အောင်ဆန်းက ဆိုပါသည်။

ယောင်ဝါးဝါးလုပ်ခြင်းသည် ဝါဒအခြေခံ မရှိကြောင်း ထင်ရှားစေ၏။ ထို့ကြောင့် နိုင်ငံရေးနှင့်ဝါဒ ခွဲလို့မရ။ ဝါဒရှိမှရမည်"ဟု နိုင်ငံရေး

mgyoe.com

mgyoe.com

လုပ်ငန်း၌ ဝါဒရှိရန် အခိုင်အမာ ရပ်တည်လိုက်ပြီးနောက် ဝါဒဟူသည်မှာ သူ့အလိုအလျောက် အကြောင်းအထောက်အခံ မရှိဘဲ၊ ဘာမျှမရှိဘဲ ပေါ်မလာ။ စေ့ဆော်သော အကြောင်းတရားများကြောင့်သာ ဝါဒဟူ၍ ပေါ်လာရသည်။ တိုင်းပြည်၏ အနာဂတ်ကံကြမ္မာကို ဖန်တီးရာတွင် မည်သည့်ဝါဒဖြင့် မည်သို့မည်ပုံ ဖန်တီးတည်ဆောက်မည်နည်းဆိုသော ပြဿနာနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်အောင်ဆန်းက ဆိုရှယ်လစ်အယူဝါဒရေးကို ဖော်စပ်ပေးခဲ့သည့် ဂျာမန်အဘိဓမ္မာပညာရှင်ကြီး ကားလ်မတ်စ်၏ ရုပ်ပိုင်းရာဇဝင်ကို ထောက်ခံဖော်ပြပါသည်။

အထက်တွင် ကိုးကားခဲ့၍ ယခုစာပိုဒ်တွင်လည်း ထပ်မံကိုးကားရန်လိုအပ်သော သခင်အောင်ဆန်း၏ ရေးသားချက် (၁၉၄၀ ခုနှစ်၊ ဖေဖော်ဝါရီနှင့် မတ်လထုတ် ဒဂုန် မဂ္ဂဇင်းပါ သခင်အောင်ဆန်းရေး နိုင်ငံရေးအမျိုးမျိုး) တွင် ရုပ်ပိုင်းရာဇဝင်ပါ လူတန်းစား ပဋိပက္ခများကို ဖော်ပြပြီးနောက် ဤလူတန်းစား ပဋိပက္ခများသည် 'မူလတရားတည်းဟူသော စီးပွားရေး အခြေခံကြောင့် ဖြစ်၏။ စီးပွားဖြစ်သည့် နည်းပြောင်းလျှင် စီးပွားရေး စနစ်လည်းပြောင်း၏။ စီးပွားရေးစနစ်ပြောင်းလျှင် လူမှုဆက်ဆံရေး၊ နိုင်ငံရေး၊ ရာဇဝင်အဆင့်အတန်းပါ ပြောင်းလာပေ၏။ ဤသို့လျှင် တစ်ခုနှင့်တစ်ခု အညမညပစ္စည်း ဆက်သွယ်နေ၏။ ဤသို့ နိုင်ငံရေးအဘိဓမ္မာဆရာကြီး ကားလ်မတ်စ်က မြင်၏။ ထင်၏။ ဟိ' ထိုစကား သင့်စွ' ဟု ဆိုထားပါသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးဆိုင်ရာ အယူအဆ အတွေးအခေါ်အချို့ကို အထက်တွင် ကျွန်တော် ဖော်ပြခဲ့ပြီးပါပြီ။

ယခု စစ်ရေးနှင့် ပတ်သက်သော အယူအဆ အတွေးအခေါ်ကို ထပ်မံ စောကြောကြည့်ရန် ဖြစ်ပါသည်။ "စစ်ရည်ရွယ်ချက်များမှအပ စစ်ဖြစ်ခြင်း၏ အကြောင်းရင်းကို စဉ်းစားလျှင် လူတစ်ဦးက တစ်ဦး၊ တစ်တန်းစားက တစ်တန်းစား၊ တစ်နိုင်ငံက တစ်နိုင်ငံကို အနိုင်ကျင့်နေသော၊ သွေးစုပ်နေသော ဝါဒ (ဝါ) ဓနရှင်ဝါဒ လွှမ်းမိုးသမျှ စစ်ဖြစ်မြဲ ဖြစ်မည်ပင်"ဟု စစ်ဖြစ်ရခြင်း သဘောသကန်ကို အနက်ဖွင့်ပါသည်။ တရားသောစစ်နှင့် မတရားသောစစ်ကို စနစ်တကျ စည်းခြားကာ အရင်းရှင်ဆန့်ကျင်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေးစစ်၌ ဗမာပြည်သူတို့ တက်တက်ကြွကြွ ပါဝင်ဆင်နွှဲကြဟု တိုက်တွန်းပါသည်။

mgyoe.com

mgyoe.com

"ယခု ကမ္ဘာတစ်လွှားတွင် ဖြစ်သမျှစစ်၊ အစမှုမှုတို့မှာ နယ်ချဲ့စနစ်၏ ပယောဂကြောင့် ဖြစ်ရကား ယခု စစ်နှင့်ပတ်သက်၍ ဗမာပြည်တွင် ပြည်သူပြည်သားတို့၏ လက်ငင်းတာဝန်မှာ ကမ္ဘာတွင် ရှိရှိသမျှသောအားများနှင့် ဝိုင်းဝန်း၍ ဓနရှင်နိုင်ငံချဲ့စနစ်ကို အမြစ်မှနေ၍ သုတ်သင်ရန်သာ ဖြစ်၏"ဟု ကမ္ဘာစစ်နှင့် ဗမာ" ခေါင်းစဉ်ပါ ဆောင်းပါးတွင် ဗိုလ်ချုပ်အောင်ဆန်းက ရေးခဲ့သည်။

ယင်းသည် ကမ္ဘာတစ်ဝန်းလုံးရှိ နယ်ချဲ့ဆန့်ကျင်ရေး အင်အားစုများနှင့် ပူးပေါင်းလျက် နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲဝင်ကြမည်ဟု မြန်မာပြည်သူတို့အား တပ်လှန့်လိုက် ခြင်းပင် ဖြစ်ပေ၏။ တစ်နည်းဆိုရသော် ဗမာ့လွတ်လပ်ရေး တိုက်ပွဲကို နိုင်ငံတကာ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲနှင့် အမြော်အမြင်ကြီးမားစွာ ဆက်စပ်ပေးလိုက်ခြင်း ဖြစ်ပေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ကျောင်းသား ခေါင်းဆောင်ဘဝမှ အမျိုးသား ခေါင်းဆောင်ဘဝအထိ ဖြတ်သန်းခဲ့ရာ၌ ဆင်းရဲငတ်ပြတ်သော နိုင်ငံရေးသမားဖြစ်ခဲ့သလို ကြမ်းတမ်း ခက်ထန်သော စစ်သားလည်းဖြစ်ခဲ့သည်။ သို့သော် သူ့အတွေးအခေါ်တွင် လူငယ်လူရွယ်တွေ ပညာရေး၌ စိတ်ဝင်စားကြဖို့လည်း ထက်သန်ခဲ့လေသည်။

ဗိုလ်ချုပ်အောင်ဆန်းက ပညာဟုဆိုရာ၌ မည်သို့သော ပညာမျိုးကို ဆိုလိုပါသနည်း။ "ပညာသည် စာအုပ်များထဲ၌သာ ရှိသည်မဟုတ်၊ စာအုပ်ကို ကျော်၍ မြင်စွမ်းနိုင်ခြင်းကို ဆောင်နိုင်ရပေမည်။ ပညာသည် လူ၏ဉာဏ်ကို ပြုပြင်တိုးချဲ့ရုံသာမဟုတ်၊ လူ၏ စိတ်နေစိတ်ထား အယူအဆများကိုလည်း တိုးတက်စေရမည်။ လူထု၏ဆန္ဒအား လုပ်အားကို နှုးညွတ်စေရမည်။ ရာဇဝင်သိရုံသာမဟုတ်၊ ရာဇဝင်ကို ဖန်တီးစေရမည်။ လောကအကြောင်းကို နားလည်စေရုံသာမဟုတ်၊ သည့်ထက်ကောင်းသော လောကကို ဖန်ဆင်းနိုင်စေရမည်။ ဤကား ပညာ၏သရုပ်အကျဉ်းတည်း"ဟု ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိတွင် ပညာကို သရုပ်ခွဲထားခဲ့လေသည်။

ဤသို့လျှင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့၌ စနစ်ကို မှန်ကန်သော ပိုင်းခြားသုံးသပ်မှုတို့ဖြင့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးတိုက်ပွဲကို ဦးဆောင်ဆင်နွှဲခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေး တိုက်ပွဲကို နိုင်ငံတကာ၏ လွတ်လပ်ရေးတိုက်ပွဲ၊ အထူးသဖြင့် အာရှနိုင်ငံ

mgyoe.com

များ၏ လွတ်လပ်ရေးတိုက်ပွဲနှင့် ဆက်စပ်ခဲ့လေသည်။ ထို့ပြင် လွတ်လပ်ရေး တိုက်ပွဲပုံစံနှင့် ပတ်သက်၍လည်း အလွန်ပြတ်သားစွာ သိမြင်နားလည်ထားသော ခေါင်းဆောင်ကြီးဖြစ်သည်။

၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့တွင် လန်ဒန်၌ ကျင်းပသော သတင်းစာ ကွန်ဖရင့်တွင် ဗိုလ်ချုပ်အောင်ဆန်းက ဗြိတိသျှ၏စေတနာကို ယုံကြည်ပါသလားဆိုသော သတင်းစာဆရာတစ်ဦး၏ မေးခွန်းနှင့်စပ်လျဉ်း၍ "နိုင်ငံရေးတွင် စေတနာရှိ မရှိ မေးရန် ပြဿနာမပေါ်ကြောင်း၊ ကိစ္စတစ်ခု ပြောပြီးခဲ့လျှင် ထိုကိစ္စကို ရယူရန်၊ တန်ဖိုးနှင့် ဝယ်ယူရန်ပင် ဖြစ်ကြောင်း။ ထိုသို့ ဝယ်ယူ၍မရဟု သက်သေသာဓက ရှိလာသောအခါမှပင် ထိုမရမှုကို မူတည်လျက် ရှေ့သို့ နည်းလမ်းစခန်းရှာပြီး ရယူရန်လုပ်ဖို့ပင်ဖြစ်ကြောင်း"ဖြင့် ပွင့်ပွင့်လင်းလင်း ဖြေကြားခဲ့လေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် လန်ဒန်သို့ မသွားရောက်မီကပင် လွတ်လပ်ရေးကို အနုနည်းဖြင့် မရလျှင် ရသည့်နည်းဖြင့် တိုက်ယူမည်ဟု အတိအလင်း ကြေညာထားခဲ့ပြီး ဖြစ်သည်ကို သတိချပ်သင့်ပါသည်။

အဆိုပါ သတင်းစာကွန်ဖရင့်၌ပင် ဗိုလ်ချုပ်အောင်ဆန်းက ပထမဆုံး လွတ်လပ်သည့်အစိုးရသည် လက်ဝဲဘက်ခပ်သန်သန်ဖြစ်လိမ့်မည်ဟူ၍လည်းကောင်း၊ လွတ်လပ်ပြီးနောက် ညီညွတ်သော မြန်မာပြည်ဖြစ်ရေးမှာ ဗြိတိသျှအစိုးရနှင့် မြန်မာပြည်ရှိ ၎င်း၏ ကိုယ်စားလှယ်များက ဝင်ရောက်နှောင့်ယှက်ခြင်း မရှိလျှင် ညီညွတ်သော မြန်မာပြည် ချက်ချင်းဖြစ်နိုင်ကြောင်း စသည်ဖြင့် ထုတ်ဖော်ပြောဆိုပါသေးသည်။

တစ်ချိန်တည်းမှာပင် လွတ်လပ်ရေးတိုက်ပွဲဝင်ဖက်ဖြစ်သော အင်ဒိုချိုင်းနား ပြည်သူများအား စာနာထောက်ခံကြောင်း၊ အရှေ့တောင်အာရှ ပြည်သူများ၏ လွတ်လပ်ရေးနှင့် စည်ပင်ဝပြောရေးကို မြန်မာပြည်သူတို့က စိတ်ဝင်စား လိုလားကြောင်းဖြင့်လည်း အဖိနှိပ်ခံများ၏ နိုင်ငံတကာ သွေးစည်းရေးသဘောထားကို တင်ပြခဲ့ပြန်သည်။ ဤသည်မှာ ဟိုချီမင်း ကြီးမှူးသော ဗီယက်နမ်ပြည်သူတို့၏ လွတ်လပ်ရေးတိုက်ပွဲကို လည်းကောင်း၊ ဒေါက်တာဆူကာနို ဦးစီးသော အင်ဒိုနီးရှားပြည်သူတို့၏ လွတ်လပ်ရေး တိုက်ပွဲကိုလည်းကောင်း၊ မဟတ္တမဂန္ဓီနှင့် ဂျဝါဟာလာနေရူးတို့ ဦးစီးသော အိန္ဒိယအမျိုးသား ကွန်ဂရက်၊ မိုဟာမက်ဂျင်းနားဦးစီးသော အိန္ဒိယ

mgyue.com

mgyoe.com


အမျိုးသားလုံးဆိုင်ရာ မူဆလင်အဖွဲ့ချုပ်တို့၏ လွတ်လပ်ရေးကိုလည်းကောင်း၊ လူသိရှင်ကြား ထောက်ခံကြောင်း ကြေညာလိုက်ခြင်းပင် ဖြစ်ပေသည်။

အချုပ်ဆိုရလျှင် ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံရေးခေါင်းဆောင်၊ စစ်ရေးခေါင်းဆောင် မည်ကာမတ္တမဟုတ်။ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ တွေးခေါ်ရှင်လည်း ဖြစ်ပေသည်။ ၂၀ ရာစုခေတ် မြန်မာနိုင်ငံသမိုင်းတွင် အထူးခြားဆုံး အပြောင်မြောက်ဆုံး ပုဂ္ဂိုလ်ကြီးလည်းဖြစ်သည်။ မြန်မာနိုင်ငံသမိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်း၏ လုပ်ဆောင်မှု၊ တွေးခေါ်မှု၊ ပြည်သူလူထုကြီးတစ်ရပ်လုံးအတွက် ရိုးရိုးသားသား ကိုယ်ကျိုးမငဲ့ အလုပ်အကျွေးပြုမှုများသည် ခမ်းနားထည်ဝါစွာ မော်ကွန်းထိုးထားရမည့်အကြောင်း ခြင်းရာများသာ ဖြစ်ပါသည်။

'အာဇာနည်နေ့' ဟု ကျင်းပတိုင်း၊ သူ့ကို အလေးပြုတိုင်း၊ အမှတ်ရတိုင်း ဤထူးခြားပြောင်မြောက်လှသည့် ပုဂ္ဂိုလ်ကြီး၏ ကျင့်ဝတ်သိက္ခာ၊ အလုပ်အဆောင်နှင့် အတွေးအခေါ်များကိုပါ ကျွန်တော်တို့ ပြန်ပြောင်းတသသတိရကြရပါလိမ့်မည်။

◆

မောင်နေဝင်း

အတွဲ ၁၇၊ အမှတ် ၉၊ မြဝတီမဂ္ဂဇင်း

ဇူလိုင်လ၊ ၁၉၆၉ ခုနှစ်

mgyoe.com

mgyoe.com



## ထိုတစ်နေ့

အထောက်တော်မင်းအောင်

“မိုးကစိုစို၊ ကျီးအုပ်ပြို၍
ထိုမှဤမှ တို့လမ်းမတွင်
ပျံကြဝဲကြ၊ ငရဲထသို့
အုံကြွမြည် အာ၊ မသာယာကို
ငါကြားခဲ့ မှတ်မိ၏။
ထိုနေ့မှပင် ထိုချိန်ထင်၏
သခင်အောင်ဆန်း၊
ပြည်သူ့ပန်းသည်၊
ပွင့်လန်းခါစ၊ ကြွေလိုက်ရ၏၊
မြေခသတင်း၊ မိုးကြိုင်းခွင်းသို့၊
အိမ်တွင်းအိမ်ပြင်၊ တို့လမ်းခွင်၌
မချင့်မရဲ၊ ဝမ်းနည်းခံခက်၊
မျက်စိမျက်နှာ၊ ညှိုးကြရှာသည်၊
ရွာဦးပိုင်းမှ သချိုင်းထိ”

ဇော်ဂျီ

mgyoe.com

mgyoe.com

ထိုနေ့နံနက်တွင် စိတ်ထဲ၌ တစ်မျိုး ဖြစ်နေသည်။ ရင်ထဲ၌ ဟာနေသလိုလို၊ တစ်ခုခုကို ကြောက်ရွံ့နေသလိုလို၊ ဝေခွဲမရ နိုင်သော ခံစားမှုတစ်ရပ် စိတ်အာရုံတွင် စွဲကပ်နေသည်။ အလိုလိုနေရင်းပင် စိတ်ထဲဝယ် မကြည်မသာ ဖြစ်နေသည်။

## သေနတ်သံ

သတင်းတစ်ပုဒ်နှစ်ပုဒ်လောက်ရှာပြီး သတင်းစာတိုက်သို့ စောစောပြန်မည်ဟူသော စိတ်ကူးဖြင့် ဝန်ကြီးများအစည်းအဝေးလုပ်နေသော ခန်းမဆောင်သို့တက်ရန်အတွက် အတွင်းဝန်များ ရုံးလှေကားဆီသို့ လျှောက်လာသည်။ အချိန်မှာ နံနက် ၈ နာရီခွဲပြီးပြီ ဖြစ်၍ ဝန်ကြီးများရောက်နေကြမည်ဟု စိတ်ထဲမှ တွက်ချက်ခန့်မှန်းလိုက်သည်။

ကြောက်မက်ဖွယ်ကောင်းအောင် ထွက်ပေါ်လာသော သေနတ်သံများကြောင့် လှမ်းနေသော ခြေထောက်များမှာ တုံ့ခနဲရပ်သွားသည်။ ဟိုဟိုဒီဒီ ကြည့်ရှုသော်လည်း ဘာမျှမတွေ့ဖြစ်နေသည်။ ဝန်ကြီးများ စည်းဝေးခန်းကို သတိရသဖြင့် လှေကားဆီသို့ ပြေးသွားရန် ဟန်ပြင်လိုက်စဉ်မှာပင် "ဟေ့ကောင် မပြေးနဲ့"ဟူသော အော်သံကို ကြားလိုက်ရသည်။

## ခြသေ့်တံဆိပ်နှင့်

သေနတ်များကိုင်ဆောင်ပြီး ဒရောသောပါး ပြေးထွက်လာသော စစ်ယူနီဖောင်း ဝတ်သုံးလေးဦးကို မျက်နှာချင်းဆိုင်တွင် တွေ့လိုက်ရသည်။

ရုတ်တရက် ထွက်ပေါ်လာသော အသိဉာဏ်ကြောင့် ကြမ်းပေါ်သို့ မှောက်ချလိုက်သည်။ ဤအချိန်မှာပင် "ရှုပ်တယ်ကွ၊ ပစ်ထည့်လိုက်မယ်"ဟု တစ်ယောက်သောသူ၏ ပြောသံကို ကြားလိုက်ရသည်။

"ကျွန်တော် သတင်းထောက်ပါဗျာ၊ ဘာမှ မသိပါဘူး"

ပါးစပ်မှ ပြောမိပြောရာ ဤသို့ ပြောလိုက်သည်။ 'ပစ်လိုက်မယ်'ဟု ပြောသူကို အခြားတစ်ယောက်က ဟန့်တားလိုက်ပြီး ဂျစ်ကားပေါ်သို့ အပြေးအလွှားတက်၍ မောင်းထွက်သွားကြသည်။ သူတို့ဝတ်ဆင်ထားသော ယူနီဖောင်းမှာ ၁၂ နံပါတ် စစ်တပ်တံဆိပ် ခြသေ့်တံဆိပ်များ တပ်ဆင်ထားသည်။ သူတို့အထဲမှ တစ်ယောက်ကို သေသေချာချာ မှတ်မိလိုက်သည်။

mgyoe.com

mgyee.com

## မေးခွန်းထုတ်

ဗိုလ်ချုပ်အောင်ဆန်းလုပ်ကြံမှုနှင့်ပတ်သက်၍ တရားလိုပြသက်သေအဖြစ် ရုံးတွင် သက်သေခံရသည်။ ထိုနေ့နံနက်က ကြမ်းပြင်ပေါ် ဘာကြောင့်မှောက်ချရသလဲဟု တရားခံရှေ့နေက မေးခွန်းထုတ်သည်။

"ဗမာ့တပ်မတော်တွင် ၇ လခန့် အမှုထမ်းခဲ့ဖူး၍ အန္တရာယ်နှင့်ရတ်ခြည်း ရင်ဆိုင်မိလျှင် ဝပ်ချတတ်သော အလေ့အကျင့်ရှိနေသည့်အတွက် ထိုနေ့က ကြမ်းပေါ်သို့ မှောက်ချခဲ့သည်"ဟု အဖြေပေးခဲ့သည်။ လူစီတန်းပြသောအခါ ရန်ကြီးအောင်ကို ဆွဲပြနိုင်ခဲ့သည်။

ဤသည်တို့မှာ လုပ်ကြံမှုဖြစ်ပွားသော ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက် စနေနေ့က အတွင်းဝန်ရုံးထဲတွင် ရှိနေသော စီးပွားရေးသတင်းစာသတင်းထောက် ကိုသန်း (ယခု မန္တလေးမြို့ ဟံသာဝတီသတင်းစာ သတင်းထောက်ချုပ် ဦးသန်း)၏ ကိုယ်တွေ့ကြုံရသော အဖြစ်အပျက်များ ဖြစ်ပါသည်။

## မမေ့နိုင်

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးခဲ့သည်မှာ ယခု (ဇူလိုင်လ)၊ ဆိုလျှင် ၂၃ နှစ်တင်းတင်း ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။

သို့သော် ... ကျွန်တော်တို့သည် ဗိုလ်ချုပ်အောင်ဆန်းကို အမြဲတမ်းသတိရနေသည်။ ဗိုလ်ချုပ်အောင်ဆန်းကျဆုံးရသော "ထိုတစ်နေ့"ကိုလည်း မမေ့နိုင် ဖြစ်ခဲ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ကျွန်တော်တို့၏ စိတ်အာရုံတွင် အမြဲတမ်းရှေ့ဆောင်မှု ပေးလျက်ရှိသည်။ အစဉ်မပြတ် လမ်းညွှန်လျက်ရှိသည်။ ဤမျှသော ၂၃ နှစ်အချိန်ကို မဆိုထားဘိ နှောင်နှစ်ပေါင်းရာထောင်မက ကြာသည့်တိုင်အောင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကျဆုံးခဲ့ရသော 'ထိုတစ်နေ့'ကို ကျွန်တော်တို့သည် မေ့နိုင်ကြမည် မဟုတ်ပါ။

◆

အထောက်တော်မင်းအောင်
အမှတ် ၄၇၊ အိုးဝေဂျာနယ်၊
၁၅-၇-၁၉၇၀။

mgyee.com

mgyoe.com

# ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆုံးနေ့

ဦးဝင်းမောင်

၁၉၄၇ ခု၊ ဇူလိုင်လ ၁၉ ရက်၊ စနေနေ့ဖြစ်၏။ ထိုနေ့က ရန်ကုန်တခွင်၌ မိုးသည် တဖွဲဖွဲနှင့်သာ ရွာနေဆဲ၊ ကောင်းကင်ပြင်ဝယ်မူ အုံ့ဆိုင်းညို့မှိုင်းနေလေ၏။

ဗိုလ်ချုပ်သည် သူပြောလေ့ပြောထရှိသည့်အားလျော်စွာ "စစ်သားတွေဟာ စစ်ပွဲပြီးရင် အရပ်သားစိတ်မွေးပြီး အရပ်သားလိုနေတတ်ဖို့ အရေးကြီးတယ်"ဟူသောစကားကဲ့သို့ သူဝတ်နေကျယူနီဖောင်းအစား ယနေ့တွင်မူ ထူးထူးခြားခြားဘန်ကောက်လုံချည်ရွှေဖလားရောင်၊ မန္တလေးပိုးတိုက်ပုံအင်္ကျီ၊ သဲကြိုးဖြူလေယာဉ်ပျံဖိနပ်ကိုစီးကာ အပတ်စဉ်ဗုဒ္ဓဟူးနေ့၌သာ ကျင်းပလေ့ရှိသော်လည်း ယခုအပတ်တွင် စနေနေ့သို့ ပြောင်းရွှေ့ကျင်းပမည့် ဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ရန် အဆင်သင့်ဖြစ်နေလေသည်။ နံနက် ၁၀ နာရီတိတိ စလေ့ရှိသော အစည်းအဝေးသို့တက်ရန် ချစ်သမီးထွေးလေးအား တစ်ချက်မွေး၍ ပြုံးရွှင်စွာ ထွက်ခဲ့သော ဗိုလ်ချုပ်သည် မော်တော်ကားပေါ်၌ တစ်စုံတစ်ခုကို လေးနက်စွာ တွေးလာခဲ့ပုံရလေသည်။

### ကလဲ့စားချေရန်

ထိုစဉ်က တိုင်းပြည်အခြေအနေမှာ တင်းမာခက်ထန်ပေသည်။

mgyoe.com



ငွေရတုသဘင်အခမ်းအနားသို့ တက်ရောက်လာသော
ဆာဟူးဘတ်ရန့်စ်နှင့် ဗိုလ်ချုပ်အောင်ဆန်း

၁၉၄၆ ခုနှစ် အတွင်း၌ ရဲအဖွဲ့အပါအဝင် စာရေးစာချီနှင့် အလုပ်သမားပြည်လုံးကျွတ် သပိတ်မှောက်ခဲ့၏။ ထိုနှစ်အတွင်း၌ပင် မြန်မာပြည်ဘုရင်ခံ ဆားဟူးဘတ်ရန့်ခ်နှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ အစိုးရဖွဲ့စည်းရန် လုံးပန်းနေခိုက် တစ်နေ့တွင် ပြည်လမ်းမကြီးပေါ်၌ ဂဠုန်ဦးစောအား အမည်မသိလူအချို့က သေနတ်ဖြင့်ပစ်၍ လုပ်ကြံကြောင်း သတင်းထွက်လာသည်။

ဖဆပလမှ အစိုးရအဖွဲ့ ဖွဲ့စည်းသောအခါ ဂဠုန်ဦးစောသည် ပညာရေး ဝန်ကြီးနေရာသို့ ရရှိလေသည်။ သို့သော် သူကားအခဲမကျေပေ။ သူ့အား သေနတ်ဖြင့် လိုက်လံပစ်ခတ်ကြောင်းဖြင့် စွဲလမ်းနေရာ ဗိုလ်ချုပ်အား ကလဲ့စားချေရန် သူအမြဲ ကြိုးစားနေလေတော့သည်။

## သီးသန့်လေယာဉ်ဖြင့်

ထိုအတွင်း သေနတ်ပစ်ခံရသော ဒဏ်ရာ ဒဏ်ချက်တို့ကို ဆေးကု

mgyoe.com


ရန် ဦးစောသည် အိန္ဒိယသို့ သွားရောက်ခဲ့လေသည်။ ဦးစော အိန္ဒိယ၌ရှိစဉ် ဖဆပလ အစိုးရအား လွတ်လပ်ရေးအတွက် ဆွေးနွေးရန် ဘိလပ်အစိုးရက ဖိတ်ကြားသောကိစ္စပေါ်လာရာ ဦးစောသည် ဘိလပ်သို့ လိုက်လိုသည်ဟု ဘုရင်ခံထံသို့ အကြောင်းကြားလိုက်၏။ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဗမာ့ကိုယ်စားလှယ်အဖွဲ့သည် ဘိလပ်သို့သွားရန် စီစဉ်သောအခါ ဦးစောသည် အိန္ဒိယမှနေ၍ ၎င်းအတွက် ဘိလပ်သို့သွားရန် လေယာဉ်ပျံ တစ်စင်း သပ်သပ်စီစဉ်ပေးရန် ဘုရင်ခံထံသို့ အကြောင်းကြားချက်အရ ဘုရင်ခံက စီစဉ်ပေးရပြန်သည်။

## ဗိုလ်ချုပ်သြဇာချရေး

ဦးစောကား ကပ်ဖဲ့လုပ်နေခြင်းဖြစ်သည်။ ဘိလပ်၌ ဗမာ့လွတ်လပ်ရေးအတွက် ဆွေးနွေးကြစဉ်ကလည်း သူသည် ကိုယ်စားလှယ်အဖွဲ့နှင့် ဆန့်ကျင်ဘက် ဝွတိုက်ခဲ့သည်။ သူရည်ရွယ်ချက်ကား ဗိုလ်ချုပ်အောင်ဆန်း၏ သြဇာကျဆုံးရေးနှင့် ဗိုလ်ချုပ်လုပ်ငန်းများ ပျက်ပြားရန်ဖြစ်ပေသည်။

## အကြမ်းနည်းဖြင့်

သို့သော် ဗိုလ်ချုပ်သည် လူထု၏ထောက်ခံအားပေးမှု၊ လမ်းစဉ်မှန်ကန်မှု၊ သတ္တိ ရှိမှုများကြောင့် ဦးစော၏အကြံမှာ အချည်းနှီးဖြစ်ရပေတော့သည်။

ထို့ကြောင့်လည်း ဦးစောသည် ဗိုလ်ချုပ်ကို အကြမ်းနည်းဖြင့် လုပ်ကြံ သတ်ဖြတ်မှသာ တိုင်းပြည်ဖရိုဖရဲဖြစ်မည်။ ထိုအခါ အဆင်သင့် ခေါင်းဆောင် တက်လုပ်၍ အခြေအနေကို ပြန်ထိန်းမည်ဟူသော အကြံကို တွေးတောလေသည်။

## လက်နက်အားကိုးသော ဦးစော

ဆန်ကောလောက်မှ စောက်မနက်သည့် ပက်စက်သောအကြံ အစည်ရှင် ဦးစောသည် ပထမဆုံး သူ့လုပ်ငန်းစဉ်အနေဖြင့် နယ်မှ လူငယ် လူရွယ်ကလေးများကို စုဆောင်းရှာဖွေ၍ သေနတ်မျိုးစုံ ကိုင်ဆောင်ပစ်ခတ်နည်းများကို သင်ကြားပေးသည်။ ထိုလူငယ်များထဲမှ ယုံကြည်စိတ်ချရသူ

mgyoe.com

များကို ရွေးချယ်ကာ မျက်နှာဖြူအရာရှိတစ်ဦး၏ အကြံပေးချက်အတိုင်း ဘရင်းဂန်း အလက် ၂၀၀ ကို ရဲထောက်ပံ့ရေးဌာနမှ ထောက်ပံ့ရေး ရဲဝန် လက်မှတ်တုထိုးကာ ထုတ်ယူခဲ့သည်။ ထိုလာက်နက်များကို ပေပါပုံးကြီးများသို့ ခွဲထည့်ကာ သူ့နေအိမ်ပတ်ဝန်းကျင် အင်းလျားကန်ထဲသို့ မြှုပ်၍ ဖုက်ထားခြင်း၊ အချို့လက်နက်များကို သူ၏ ဂဠုန်အဖွဲ့ဝင်များထံသို့ ဖြန့်လိုက်ခြင်းများကို ပြုလုပ်တော့သည်။

ထိုအစီအစဉ်များကို ပြုလုပ်ကတည်းက ဦးစောသည် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော အစိုးရအဖွဲ့အား တစ်နည်းအားဖြင့် အနှောင့်အယှက်ပေးရန် ကြံရွယ်နေကြောင်း သိသာလှသည်။ ဗိုလ်ချုပ်သည် အတွင်းဝန်ရုံး အဆောက်အအုံကြီး၏ အနောက်ဘက်လှေကားကြီးမှတက်ခါ အစည်းအဝေးကျင်းပမည့် ခန်းမဆောင်သို့ဝင်သောအခါ အားလုံးသော ဝန်ကြီးများပါ စုံညီစွာ ရောက်ရှိနေကြပြီဖြစ်သည်။

## အမည်းစက်ကြီး စွန်းလေပြီ

လမ်းပန်းဆက်သွယ်ရေးကိစ္စများနှင့်ပတ်သက်၍ မေးမြန်းရန် ခေါ်ယူထားသော အတွင်းဝန် ဦးအုန်းမောင်သည် သခင်မြအနီး၌ ဝင်ထိုင်၍ ၂ မိနစ် ၃ မိနစ်အကြာတွင် မျက်နှာစာတံခါးပေါက်ကြီး ၃ ပေါက်အနက် မြောက်ဘက်ဆုံးအပေါက်မှ လက်နက် ကိုယ်စီကိုင်ထားသော စစ်ယူနီဖောင်းဝတ် လူသတ်သမားများ ဝင်လာကာ (ဂ)ငယ်သဏ္ဍာန် စားပွဲကြီး၏ အလယ်ဗဟို ဗိုလ်ချုပ်နှင့် မျက်နှာချင်းဆိုင်သို့ အရောက်တိုးလာကြလေသည်။

ဗိုလ်ချုပ်သည် လက်နက်ကိုင်တို့၏ အပြုအမူကို သတိထားမိသည့်အလား မတ်တတ်ရပ်ကာ လက်ကာ၍ တစ်စုံတစ်ရာပြောလိုက်သေးသော်လည်း သွေးဆာနေသူ လူသတ်သမားများကား ဗမာ့ရာဇဝင်တွင် မပျောက်ကွယ်သော အမည်းစက်ကြီး ထင်ကျန်ရစ်လေတော့သည်။

## သဲသဲမဲမဲလုပ်ကြံမှု

သူတို့သည် ရှေးဦးစွာ ဗိုလ်ချုပ်ကို မဲ၍ပစ်ခတ်ကြလေသည်။ ဝန်ကြီးများသည် သေနတ်သံထွက်ပေါ်လာသည်နှင့် ကြမ်းပြင်ပေါ်သို့ လဲချသူချ၊

mgyee.com

mgyoe.com


လက်ဝဲဘက်ရှိ အတွင်းဝန် ဦးရွှေဘော်အခန်းဘက်သို့ ကူးပြောင်းသူက ပြေးကြသော်လည်း လူသတ်သမားတို့သည် လဲကျသွားသူနှင့် လှဲချသူများအား ဒူးထောက်၍ပင် သဲကြီးမဲကြီးပစ်ခါ တက်လာသည့်လမ်းအတိုင်း ဆင်းသွားကြသည်။

လမ်းခုလပ်၌ သေနတ်သံကြား၍ ပြေးတက်လာသော ပညာရေးဝန်ကြီး ဦးရာဇတ်၏ သက်တော်စောင့် ကိုထွေးကိုလည်း လူသတ်သမားများက ပစ်ခတ်ရာ ကိုထွေးပါ ကွယ်လွန်ရှာလေသည်။ လူသတ်သမားများ ထွက်သွားပြီးနောက် အခင်းဖြစ်အရပ်သို့ ပထမဆုံးရောက်ရှိလာသူများကား ရန်ကုန်ရဲမင်းကြီး ဦးအောင်ချိန်နှင့် ဗိုလ်ချုပ်၏ အပါးတော်မြဲ ဗိုလ်ထွန်းလှတို့ဖြစ်ရာ ၎င်းတို့က ကွယ်လွန်သူနှင့် ဒဏ်ရာရသူများအား ဆေးရုံသို့ ချက်ချင်းပို့၍ တဖြည်းဖြည်းရောက်ရှိလာသော တက်ကြွနေသည့် လူထုကြီးအား ဗိုလ်ချုပ်မသေသေးကြောင်းပြော၍ အခြေအနေကို ထိန်းထားရလေသည်။

## သေကံမရောက်သူများ

ထိုနေ့က ဝန်ကြီးများအစည်းအဝေး၌ရှိနေသူများအနက် ဝန်ကြီး ဦးဘဂျမ်း၊ ပျော်ဘွယ်ဦးမြ၊ ဦးအောင်ဇံဝေနှင့် အတွင်းဝန် ဦးရွှေဘော်တို့ လွတ်မြောက်၍ မိုင်းပွန် စော်ဘွားကြီးနှင့် ဒီးဒုတ်ဦးဘချိုတို့မှာ ဆေးရုံရောက်မှ ကွယ်လွန်ကြသော်လည်း ကျန်ဝန်ကြီးများနှင့် အတွင်းဝန် ဦးအုန်းမောင်၊ သက်တော်စောင့် ကိုထွေးတို့ကား နေရာ၌ပင် ကွယ်လွန်ကြခြင်းဖြစ်သည် ဆို၏။

ဝန်ကြီး ဦးကျော်ငြိမ်းမှာ နိုင်ငံခြားသို့လည်းကောင်း၊ ဝန်ကြီး ဝမ်ကိုဟော၊ ဆမား ဒူးဝါးဆင်ဝါးနော်တို့မှာ နယ်သို့လည်းကောင်း အသီးသီးရောက်ရှိနေကြ၍ ထိုနေ့က အစည်းအဝေးမတက်နိုင်ခဲ့ကြချေ။

## လုပ်ကြံမှုသဲလွန်စများ

အခင်းဖြစ်ရပ်စစ်ဆေးချက်အရ သိရပုံမှာ လူသတ်သမားတို့ ပစ်ခတ်သော သေနတ်ကျည်ဆန်ထိပ်ဖူးများကို နံရံ၊ စားပွဲ၊ ကုလားထိုင်နှင့် ကြမ်းပြင်များပေါ်တွင် တွေ့ရ လေသည်။

mgyoe.com

ဗိုလ်ချုပ်ထိုင်သော ကုလားထိုင်၏နောက်မှီတွင် မှန်ထားသည်ကို ကြည့်၍ ပထမကျည်ဆန်သည် ကုလားထိုင်ထုပ်ကို ဖောက်ထွင်း၍ နံရံသွားထိကြောင်းနှင့် ၎င်းကျည်ဆန် အမျိုးအစားဖြစ်သည်ကို တွေ့ရှိရသဖြင့် တော်မီကိုင် လူသတ်သမားတစ်ဦးသည် ဗိုလ်ချုပ် ၏ရှေ့တည်တည့်မှ ဗိုလ်ချုပ်ကို မဲ၍ ပစ်ခတ်ပုံ၊ သို့သော် မထိသေးဘဲ ဗိုလ်ချုပ်မတ်တတ် ရပ်လိုက်သော အခါမှ ဗိုလ်ချုပ်၏ လက်ယာဘေးသို့ ရောက်နေသူ စတင်းသေနတ်ကိုင်က ပစ်ခတ်လိုက်တော့မှ စတင်းမှန်ပြီး ကျလဲသွားကြောင်း သိရလေသည်။

ဦးအုန်းမောင်မှာလည်း ၎င်းစတင်းသေနတ်သံများနှင့် နီးနေသဖြင့် ၎င်း၏လက်ချက်ဖြင့် ကျဆုံးရရှာခြင်းဖြစ်ပေသည်။ တောမီသေနတ်ကိုင် လူသတ်သမားများကား မြောက်ဘက်ပေါက်မှ ဝင်လာကာ မြောက်ဘက်မှ တောင်ဘက်သို့ မျက်နှာမူ၍ ထိုင်နေသူ ဝန်ကြီးများအား ပစ်ခတ်ရာ လှုပ်ရှားမှုပင် မပြုနိုင်ရှာဘဲ ကျဆုံးရခြင်းပင် ဖြစ်လေသည်။

တောင်ဘက်စားပွဲမှ ဝင်လာသူ လူသတ်သမားများအား မြင်ရ၍ တိမ်းရှောင်နိုင်ခြင်းအတွက် အချို့လွတ်မြောက်သွားခြင်းဖြစ်လေသည်။ သွေးဆာနေသူတို့ကား ဤသို့ပစ်ခတ်ပြီးနောက် မကြာမီတက်လာသည့် လှေကားကြီးမှပင် ပြန်ဆင်းလာပြီး စပတ်လမ်း စတော့ကိတ်လမ်းမှတစ်ဆင့် ကန်တော်ကြီးနှင့် ဗဟန်းမှဖြတ်၍ ဦးစောနေအိမ်သို့ ပြန်ကြလေသည်။

ခြံဝရောက်၍ ဦးစောကို တွေ့သောအခါ မောင်စိုးနှင့် သက်နှင်းတို့က ဦးစောအား လက်များပြကာ "အောင်ပြီ အောင်ပြီ အောင်ပြီ" ဟူ၍ အော်ဟစ်နှုတ်ဆက်ရာ ဦးစောကလည်း "အောင်ပြီ အောင်ပြီ အောင်ပြီ" ဟု ပြန်လည် အော်ဟစ်၍ နှုတ်ဆက်ကြသေးသည် ဆို၏။

## ဦးစောအိမ်ကိုဝိုင်း

ထို့နောက် ဗိုလ်ချုပ်တို့အား တက်ရောက်ပစ်ခတ်သူ မောင်စိုး၊ သက်နှင်း၊ စိန်ကြီးနှင့် ရန်ကြီးအောင်တို့က သူတို့ပစ်ပုံပစ်နည်းများကို အားပါးတရပင် ဦးစောကို ပြန်ပြောကြပြီး ဦးစောက သူတို့အား အရက်တိုက်ထမင်းကျွေးပြီး အိပ်နေရာမှ ညနေ ၃ နာရီအချိန်တွင် ရဲအဖွဲ့ဝင်များက အိမ်ကို ရှေးဦးစွာ ဝိုင်း၍ ဝင်ရောက်ဖမ်းဆီးလိုက်တော့သည်။

mgyoe.com

mgyoe.com

## ရဲအဖွဲ့မှ ကြိုတင်သိ

ဦးစောသည် ဗိုလ်ချုပ်အား မလုပ်ကြံမီ ဘရင်းဂန်း အလက် ၂၀၀ ထုတ်ယူသွားပြီးကတည်းက ရဲအဖွဲ့က ဦးစော၏ လက်ချက်ဖြစ်ကြောင်းနှင့် ဦးစော၏ သတင်းစုံကို သက်ဆိုင်ရာသို့ အစီရင်ခံခဲ့သည်။ သို့သော် ဗိုလ်ချုပ်သည် သူက ပြည်သူလူထုကို ချစ်သလို ပြည်သူလူထုက သူ့အား ချစ်၏။ သူချစ်သော ပြည်သူလူထုက သူ့အား ယုံကြည်၏။ သူ့ကို မည်သူမှ မလုပ်ကြံတန်ရာဟု သူတွက်၏။ ထို့ကြောင့်လည်း သူ့အိမ်တွင် အစောင့်အရှောက်သဘော သေနတ်တစ်လက်မှ မထားခဲ့။ အတွင်းဝန်ရုံးတစ်ဝိုက် ရဲအစောင့်အရှောက်ချထားလျှင် သူမကြိုက်၊ မာန်မဲကြိမ်းမောင်းလေ့ရှိလေသည်။ ထို့ကြောင့်လည်း ဗိုလ်ချုပ်တို့ လုပ်ကြံခံရပြီဆိုလျှင်ပင် ရဲချုပ်နှင့် စုံထောက်ရဲမင်းကြီးတို့သည် မူလရရှိထားသော စုံထောက်တစ်ဦး၏ ဇူလိုင် ၁၉ ရက်နှင့် နံနက်ပိုင်း အစီရင်ခံချက်ကို တောင်းယူကြည့်ရှုပြီးနောက် ချက်ချင်းပင် ဦးစောအား ဖမ်းဆီးရန် စီစဉ်လေတော့သည်။

## သွေးအေးအေးဖြင့် အဖမ်းခံ

ထိုအတွင်း ခေတ္တပြည်ထဲရေးဝန်ကြီး ပျော်ဘွယ်ဦးမြသည် ဘုရင်ခံနှင့် သွားရောက်တွေ့ဆုံနေသဖြင့် တိုင်ပင်ရန်ပင် အချိန်မရသောကြောင့် ရဲချုပ်ကပင် စုံထောက်ဌာနအား ဦးစောအား သွားရောက်ဖမ်းဆီးရန် အမိန့်ပေးလိုက်သည်ဟု သိရလေသည်။

စုံထောက်ဌာနအရာရှိများနှင့် ရန်ကုန်ရဲအဖွဲ့ဝင်များ သွားရောက် ဖမ်းဆီးသောအခါ ဦးစောသည် မည်သို့မျှပင် ခုခံခြင်းမပြုဘဲ သွေးအေးအေးဖြင့် အရက်ကလေးတမြမြ သောက်နေရာမှပင် အဖမ်းခံသည့်အပြင် သူ့တပည့် ၁၀ ယောက်ကို အေးချမ်းစွာ ဖမ်းဆီးနိုင်လေသည်။

◆

ဦးဝင်းမောင်
အမှတ် ၇၁၊ အိုးဝေကျွန်ယံ၊
၁၅-၇-၁၉၇၁။

mgyoe.com

mgyoe.com

# နှစ် (၅၀)ကျော်တိုင် လွမ်းမမေ့နိုင်
# ကိုယ်တွေ့သတင်းထောက်၏ နိုင်ငံတော်လုပ်ကြံမှုကြီးသတင်း

မြန်မာ့အလင်းသန်းညွန့်

ရုစ်ခွင်တိုင်း အုံ့ဆိုင်းမှုန်မှိုင်းနေသည်။ နံနက်မိုးသောက်သည်မှစ၍ ရွာသောမိုး မစဲသေး၊ ၁၉၄၇၊ ဇူလိုင်လ ၁၉ ရက်နေ့ နံနက်ပိုင်းဖြစ်ပါသည်။

သတင်းထောက်များမှာ နေပူပူ၊ မိုးရွာရွာ သတင်းရမည့်နေရာကို တော့ အချိန်မီ သွားရပေမည်။

မနေ့က ဇူလိုင် ၁၈ ရက် အလုပ်သမားသမဂ္ဂ အထွေထွေအတွင်းရေး မှူး ဗိုလ်ဗတင် (လက်သီးပုန်း သခင်ဗတင်)သည် ဗမာပြည်ကွန်မြူနစ်ပါတီ ထဲမှ ပထမဆုံး ပုဒ်မ (၅)ဖြင့် အဖမ်းခံနေရသော ဓနိတော ဘီအိုစီအလုပ် သမားသမဂ္ဂ အတွင်းရေးမှူး ရဲဘော်ဘစိန်အား ပြန်လွှတ်ပေးရေးအတွက် ဘုရင်ခံအမှုဆောင်ကောင်စီ ဒုတိယသဘာပတိ (ကိုလိုနီခေတ် နန်းရင်းဝန်၊ လွတ်လပ်ရေးခေတ် ဝန်ကြီးချုပ်ရာထူးဖြစ်သည်)ဗိုလ်ချုပ်အောင်ဆန်းအား တွေ့ဆုံပြောကြားရန် တစ်နေ့ခင်းလုံး လာရောက်စောင့်ဆိုင်းနေသည်။ ဗိုလ်ချုပ်အောင်ဆန်းမှာ ထိုအချိန်တွင် သူ့ရုံးခန်း၌မရှိဘဲ တိုင်းပြည်ပြု လွှတ်တော်ရုံးတွင် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရေး ကော်မတီ အစည်းအဝေးသို့ ရောက်ရှိနေသည်။


ဗိုလ်ချုပ်အောင်ဆန်း၏ ရုံးခန်းနှင့်ကပ်လျက် အတွင်းဝန်များရုံး (ယခု ဝန်ကြီးများရုံး) အနောက်ဘက်အလယ်လှေကားထိပ်အပေါ်ထပ်တွင်

mgyoe.com

mgyoe.com


ဗိုလ်ချုပ်အောင်ဆန်းနှင့် ပထမဆုံး ပြန်ကြားရေးဝန်ကြီး ဒီးဒုတ်ဦးဘချိုတို့၏ စီစဉ်ပေးမှုဖြင့် စားပွဲကုလားထိုင် အစုံအလင် ပါဝင်သော (Press Room) သတင်းထောက်များအခန်း သတ်မှတ်ပေးထားသည်။ အတွင်းဝန်များရုံး၌ တာဝန်ကျသော သတင်းထောက်များမှာ သတင်းထောက်များအခန်းတွင် စခန်းချ၍ ဆည်ဝမှဗျိုင်းများက ငါးရှာသကဲ့သို့ သတင်းရှာကြသည်။ ဗိုလ်ဗတင်သည် ဗိုလ်ချုပ်အောင်ဆန်းကိုစောင့်ရင်း သတင်းထောက်များအခန်းသို့ ကူးလာသည်။ သတင်းထောက်များသည် ဗိုလ်ဗတင်ထံမှ သတင်းအစရပေပြီ။

ထိုအချိန်က မြန်မာပြည်ကွန်မြူနစ်ပါတီအား ဖဆပလမှထုတ်ပစ်ထား၍ အတိုက်အခံ ဖြစ်နေကြသည်။ ခနိတောဘီအိုစီအလုပ်သမားသမဂ္ဂမှာ ဗမာပြည် အလုပ်သမားသမဂ္ဂ လက်အောက်ခံဖြစ်၍ မြန်မာပြည်အလုပ်



ဖ-ဆ-ပ-လ ဌာနချုပ်ရုံးပုံ

mgyoe.com

mgyoe.com

သမား သမဂ္ဂမှာ ကွန်မြူနစ်ပါတီ၏ ဩဇာခံဖြစ်သည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းက အတွေ့မခံချင်၍လောဟု ဗိုလ်ဇတင်က သံသယ ရှိဟန်တူသည်။ မဖြစ် ဖြစ်အောင်တွေ့မည်ဟု ဖွဲဖြင့်စောင့်နေသည်။ ဗိုလ်ဇတင်သည် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ နိုင်ငံလွတ်လပ်ရေးအတွက် တို့ဗမာအစည်းအရုံးတွင် ပါဝင် ဆောင်ရွက်ခဲ့ရုံသာမက ဂျပန်ခေတ် မြန်မာနိုင်ငံတော်အစိုးရ စစ်ဝန်ကြီးရုံး ထောက်ပံ့ရေး ဌာနကြီးလက်အောက်ရှိ ပစ္စည်းဌာနခွဲ စစ်ဝတ်စုံဌာန စိတ်မှူးအဖြစ် ဗမာ့တပ်မတော်၌ အမှုထမ်းခဲ့သဖြင့် တပ်မတော် ရဲဘော်ရဲဘက်ချင်းဖြစ်၍ ဗိုလ်ချုပ်အောင်ဆန်းနှင့် ရင်းနှီးလှသည်။

ရုံးချိန် ကုန်လုနီးပြီ။ ဗိုလ်ချုပ်အောင်ဆန်းသည် လွှတ်တော်မှပင် အိမ်သို့ပြန်တော့မည်ဟု သိရသဖြင့် ဗိုလ်ဇတင်က အတွင်းဝန်များရုံး အလယ်ကောင်ရှိ တိုင်းပြည်ပြုလွှတ်တော် အဆောက်အအုံ ဆင်ဝင်အောက်၌ ရပ်ထားသော ဗိုလ်ချုပ်အောင်ဆန်း၏ မော်တော်ကား (အစိုးရက ဝန်ကြီးများစီးရန် ပေးထားသည့် ဂူစလီ–၁၄) အနီးတွင် သွားရောက်၍ စောင့်နေသည်။ ကျွန်တော်တို့ သတင်းထောက်များလည်း သတင်းရရန် ဗိုလ်ဇတင်နှင့်အတူ ရှိနေကြသည်။

ဗိုလ်ချုပ်အောင်ဆန်း လွှတ်တော်ရုံးမှ ထွက်လာ၍ ဗိုလ်ဇတင်သည် ဗိုလ်ချုပ်အနီးသို့ ကပ်သွားသည်။ မော်တော်ကားတံခါးအဖွင့်တွင် တံခါးပြန်မပိတ်နိုင်အောင် တံခါးကြားထဲသို့ ဝင်ကပ်လိုက်ပြီး ရဲဘော်ဘစိန် ပြန်လွှတ်ပေးရေးကိစ္စကို မရမက တောင်းဆိုသည်။ ဗိုလ်ချုပ်အောင်ဆန်း မော်တော်ကားထဲ ဝင်ထိုင်ပြီးသည့်တိုင်အောင် ကားတံခါးပိတ်မရ၍ တံခါးကြားထဲမှ ဗိုလ်ဇတင်က ဖွတ်ပြောနေသည်။

"မနက်ဖြန်မနက် လာခဲ့ဗျာ"ဟု ဗိုလ်ချုပ်အောင်ဆန်းက စကားပြန်လိုက်သည်။

"နက်ဖြန် စနေနေ့တစ်ဝက်မို့ ဗိုလ်ချုပ်ရုံးတက်မှာလား"ဟု ဗိုလ်ဇတင်က သေချာအောင် ထပ်မံမေးလိုက်သည်။

"ကက်ဘိနက် (ဝန်ကြီးအဖွဲ့) အထူးအစည်းအဝေးရှိတယ်လေ၊ ရုံးတက်ရမှာပေါ့" ဟု ဗိုလ်ချုပ်အောင်ဆန်းက ပြောလိုက်မှ ဗိုလ်ဇတင်သည် မော်တော်ကားတံခါးကြားမှ ဖယ်ထွက်ပေးလိုက်၍ ကားတံခါးပိတ်ပြီး ဗိုလ်ချုပ်အောင်ဆန်း၏ မော်တော်ကား မောင်းနှင်ထွက်သွားတော့သည်။

mgyoe.com

ကျွန်တော်တို့ သတင်းထောက်တွေအတွက် အတော်ပင် သတင်းဖူလုံသွားသည်။ ဧရာမသတင်းကြီးများ ရလိုက်သည်။ ကျွန်တော်တို့ အတွင်းဝန်များ ရုံးမှ ပြန်အထွက်တွင် (R.T.B) ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ အလုပ်သမား အစည်းအရုံးမှ ဦးမြင့် စသော ခေါင်းဆောင်များနှင့် တွေ့ဆုံ၍ နက်ဖြန် ကက်ဘိနက်အထူးအစည်းအဝေးတွင် ကုန်းလမ်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းစီမံကိန်းကို တင်သွင်းမည်ဖြစ်ကြောင်း သတင်းရလိုက်ပြန်သည်။

ထိုစဉ်က မြန်မာနိုင်ငံ၏ ဗဟိုအုပ်ချုပ်ရေးရုံးကြီးဖြစ်သော အတွင်းဝန်များရုံးသည် တံခါးရှိသော်လည်း ဓားမရှိ၊ မည်သည့်အကာအကွယ် အစောင့်အရှောက်မှ မရှိ။ လက်နက်ကိုင် မဆိုထားဘိ၊ လက်နက်မကိုင်သော ပုလိပ်နှင့် လမ်းပြပုလိပ် (ယာဉ်ထိန်းရဲ)ပင်မရှိ။ အဝင်အထွက် အစစ်အဆေး အမေးအမြန်းမရှိ၊ မည်သူမဆို ဝင်ထွက်သွားလာနိုင်သည်။

ထို ဇူလိုင်လမတိုင်မီက အတွင်းဝန်များရုံးဝင်းအတွင်း အနောက်ဘက် မော်တော်ကား လမ်းပေါ်တွင် ရုံးကိစ္စဖြင့်လာသော ရန်ကုန် ဒိစတြိတ် ရာဇဝတ်တရားရုံးမှ တတိယ ရာဘက်ရာဇဝတ်တရားသူကြီး ဦးအောင်ချိန့်မှာ ရုံးကားပေါ်မှအဆင်း အခြားမော်တော်ကားက မတော်တဆ ဝင်တိုက်မိ၍ အနိစ္စရောက်ခဲ့ရသည့်ကိစ္စကြောင့်သာ အတွင်းဝန်များရုံး အဝင်အထွက် မော်တော်ကားများ ထိန်းသိမ်းပေးရန် လမ်းပြပုလိပ်များ တာဝန်ချထားပေးတော့သည်။

အလုပ်လုပ်နေသော ရုံးဝန်ထမ်းများအား ဆူညံသောအသံများဖြင့် အနှောင့်အယှက် မဖြစ်စေရန် "ဤဆင်ဝင်အောက်၌ မော်တော်ဆိုင်ကယ်စက်မနှိုးရ"ဟူသော လှေကား အောက်၌ အင်္ဂလိပ်ဘာသာဖြင့် ရေးထားသည့် သတိပေးတားမြစ်ချက်မှတစ်ပါး အခြားတားမြစ်ချက် မရှိပေ။

အတွင်းဝန်များရုံးသည် ထိုစဉ်က သံဆူးကြိုးမကာရံပေ၊ ဘိလပ်လုပ် သံပန်းနိမ့်နိမ့်သာ ခံ့ညားထယ်ဝါစွာ ကာရံထားသည်။ ရုံးဝင်းထဲတွင် ရာသီလိုက် ပန်းမန်မျိုးစုံတို့ကို မာလီပေါင်းများစွာဖြင့် ဂရုတစိုက် ပြုစုစိုက်ပျိုးပြီး၊ ပန်းမျိုးစုံ ဖူးပွင့်ဝေဆာသည့် ရန်ကုန်မြို့ လယ်ကောင်မှ အလှဆုံးပန်းဥယျာဉ်ကြီးအဖြစ် ကျက်သရေဆောင်လျက်ရှိသည်။ ဂျူဒါအိဗ် ကယ်လမ်း (သိမ်ဖြူလမ်း)ဘက်ရှိ အရှေ့ဘက် မျက်နှာစာဝင်းအတွင်း၌ လျှပ်စစ်မီးတိုင်ကြီးများ

mgyoe.com

mgyee.com

နှင့် တင်းနစ်ကစားကွင်းကြီးများမှာလည်း ဗဟိုအုပ်ချုပ်ရေးရုံးကြီး၏ ဂုဏ်ကို ဆောင်၍ တင့်တယ်လျက်ရှိသည်။

ကျွန်တော်သည် အတွင်းဝန်များရုံးအတွင်းမှ ပြန်ထွက်လာရင်း ရုံးဝင်း အတွင်းရှိ ပန်းမန်များ၏ ပသာဒကို ကြည်နူးမိပြီး ညနေခင်း အတွင်းဝန်များ ရုံးဝင်း ရှုခင်းသာယာမှုကြောင့် ရွှင်လန်းမိသည်။

ဇူလိုင်လ ၁၉ ရက်၊ နံနက် ၉ နာရီအချိန်တွင် ကျွန်တော်သည် ကျောက်မြောင်းနေအိမ်မှ မိုးမှောင်မှောင် မိုးရွဲရွဲကြားထဲ စက်ဘီးစီး၍ အတွင်းဝန်များရုံးသို့ လာခဲ့သည်။ ထုံးစံအတိုင်း အတွင်းဝန်များရုံးထဲသို့ မဝင်မီ ကျွန်တော်တို့သတင်းထောက်များသည် သူရိယသတင်းစာ တိုက် အောက်ထပ်ရှိ နေသူရိန်ကဖေးတွင် စခန်းချတတ်သေးသည်။ ကျွန်တော် နှင့် မရှေးမနှောင်းပင် ရန်ကုန်သတင်းစာမှ ဦးကျော်မြင့် (ကွယ်လွန်)၊ စီးပွားရေး သတင်းစာမှ ဦးသန်း (နောင်အခါ ဟံသာဝတီ၊ ဗိုလ်တထောင် ကွယ်လွန်)တို့လည်း မိုးထဲလေထဲ ရောက်ရှိလာကြသည်။ မကြာမီ ဝဝဖိုင့်ဖိုင့် ဗိုလ်ဗတင်ကြီး ရောက်ရှိလာသည်။ နံနက် ၁၀ နာရီမထိုးမီ ဗိုလ်ဗတင်နှင့် ကျွန်တော်တို့ သတင်းထောက်သုံးယောက်သည် အတွင်းဝန်များ ရုံးထဲသို့ ဝင်သွားကြသည်။

ကျွန်တော်တို့ သတင်းထောက်သုံးဦးသည် သတင်းထောက်များ အခန်းရှိ စားပွဲရှည်ပေါ်တွင် ဦးထုပ်၊ မိုးကာအင်္ကျီနှင့် လွယ်အိတ်များ တင် ထားပြီး ထိုင်နေလိုက်သည်။ ဗိုလ်ဗတင်က ဗိုလ်ချုပ်အောင်ဆန်း၏ အပါး တော်မြဲ (P.A)ဗိုလ်ထွန်းလှ (တက္ကသိုလ်နေဝင်း၊ မကြာမီက ကွယ်လွန်)၏ ရုံးခန်းထဲသို့ ဝင်သွားသည်။

မကြာမီ ပိုးတိုက်ပုံအင်္ကျီအဖြူ၊ နံ့သာရောင်ပုဆိုးဝတ်ဆင်ထားသော ဗိုလ်ချုပ်အောင်ဆန်းသည် ဖိုင်တွဲနှင့် စာအုပ်ကိုကိုင်ကာ အဖော်မပါ တစ်ကိုယ်တည်း လှေကားမှတက်လာပြီး သတင်းထောက်များအခန်းရှေ့မှ ဖြတ်၍ ကျွန်တော်တို့သတင်းထောက်သုံးဦးအား ပြုံး၍နှုတ်ဆက်ကာ သူ့ ရုံးခန်းသို့ လျှောက်သွားသည်။ ခါတိုင်း စစ်ယူနီဖောင်းသာ ဝတ်ဆင်လေ့ရှိ သော ဗိုလ်ချုပ်အောင်ဆန်းသည် ထိုနေ့တွင် မြန်မာအမျိုးသားဝတ်စုံ ဝတ် ဆင်လာ၍ အမြင်ဆန်းသလိုဖြစ်နေသည်။ ထိုနေ့က ဝတ်ဆင်ထားသော မြန်မာဝတ်စုံမှာ တိုင်းပြည်ပြုလွှတ်တော် အစည်းအဝေး စတင်ကျင်းပသည့်

mgyee.com

mgyoe.com


နေ့က ဖဆပလအမတ်များသည် ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ မဟာဗန္ဓုလပန်းခြံမှ လွှတ်တော်သို့ ခြေလျင်ချီတက်သည့် အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်းက မောင့်ကျက်သရေခေါင်းပေါင်းနှင့် ဝတ်ဆင်ခဲ့သော ဝတ်စုံဖြစ်သည်ကို သတိထားမိလိုက်သည်။

ကျွန်တော်တို့ သတင်းထောက်သုံးဦးသည် သတင်းထောက်များအခန်းမှ ဗိုလ်ချုပ်အောင်ဆန်း၏ ရုံးခန်းဘက်သို့ ထွက်၍ အစည်းအဝေးလုပ်မည့် အရိပ်အခြည်ကို အကဲခတ်ကြသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ရုံးခန်းထဲမှာပင် အစည်းအဝေးခန်း ပြုလုပ်ထားသည်။ ဗိုလ်ချုပ်၏ ရုံးခန်းရှေ့ပိုင်းနှင့် ကပ်လျက်မှာ ပါလီမန်အတွင်းဝန် ဗိုလ်ထွန်းလင်း (နောင်အခါ ရာထူးဝန်နှင့် ရဲဘော်ဖြူအလင်းဝင်)၏ ရုံးခန်းဖြစ်၍ နောက်ပိုင်းနှင့် ကပ်လျက်မှာ အပါးတော်မြဲ ဗိုလ်ထွန်းလှ (တက္ကသိုလ်နေဝင်း)၏ ရုံးခန်းဖြစ်သည်။ ဗိုလ်ထွန်းလင်း၊ ဗိုလ်ထွန်းလှတို့၏ ရုံးခန်းနှင့်ကပ်လျက် စကြံထောင့်ချိုးအခန်းမှာ သတင်းထောက်များအခန်းဖြစ်သည်။

သတင်းထောက်များအခန်းနှင့် အခြားဘက်ကပ်လျက် လှေကားထိပ်တွင် ပညာရေးဝန်ကြီး ဦးရာဇာတ်၏ အပါးတော်မြဲ ဦးချစ်ဆွေ (မန္တလာအမျိုးသားကျောင်း၊ နောင်အခါ နိုင်ငံခြားရေးရုံး သံတမန်မိတ်ဆက် အရာရှိ)၏ ရုံးခန်းဖြစ်၍ ဝန်ကြီး ဦးရာဇတ်၏ရုံးခန်းနှင့် တစ်ဆက်တည်းဖြစ်သည်။

ကျွန်တော်တို့ သတင်းထောက်သုံးဦးသည် အစည်းအဝေးခန်းကို အကဲခတ်ရင်း အနောက်ဘက်စကြံ တောင်ဘက်ထောင့်ချိုးအနီးတွင် စစ်ယူနီဖောင်းဝတ်နှစ်ဦး၊ သုံးဦးကို အမှတ်တမဲ့ တွေ့လိုက်မိသည်။ ဗိုလ်ချုပ်အောင်ဆန်းမှာ ကာကွယ်ရေးဌာနပါ တာဝန်ယူ ဆောင်ရွက်နေ၍ စစ်မှုထမ်းများ မကြာခဏ လာတတ်သည်ကို တွေ့နေကျဖြစ်၍ အထူး အဆန်းမဟုတ်ဟု သဘောထားပြီး အမှတ်မထင် နေလိုက်ကြသည်။

အစည်းအဝေးကျင်းပမည့် ဗိုလ်ချုပ်အောင်ဆန်း၏ရုံးခန်းဝတွင် မင်းစေ ကိုသောင်းစိန် တစ်ဦးတည်းသာ ဝင်လိုက်ထွက်လိုက်ဖြင့် အလုပ်ရှုပ်နေသည်။ အခန်းဝတွင် မင်းစေထိုင်သော ခွေးခြေတစ်လုံးသာရှိ၍ မည်သည့်အစောင့်အရှောက်မှ မရှိပေ။

ကျွန်တော်သည် သတင်းထောက်အခန်းသို့ တစ်ဦးတည်း ပြန်ထိုင်နေလိုက်သည်။ ပညာရေးဝန်ကြီး ဦးရာဇတ်မှာ ဝတ်ဆင်နေကျ အနောက်တိုင်း

mgyoe.com

ဝတ်စုံကို ဝတ်ဆင်၍ ဦးခေါင်းမော့ကာ စီးကရက်ခဲပြီး သတင်းထောက် အခန်းရှေ့မှဖြတ်၍ အစည်းအဝေးခန်းသို့ လျှောက်သွားသည်။

ငါးမိနစ်ကျော်ခန့် ကြာသောအခါ ဝန်ကြီးဦးရာဇာတ်၏ သက်တော်စောင့် ကိုထွေးသည် ဝတ်ဆင်နေကျ ပြည်သူ့ရဲဘော်ဝတ်စုံဖြင့် ရုံးတက်လာသည်။ ထိုနေ့က အပါးတော်မြဲ ဦးချစ်ဆွေမှာ အပြင်တွင် ကိစ္စရှိ၍ စနေနေ့ ရုံးနေ့တစ်ဝက်ဖြစ်သဖြင့် ရုံးမတက်တော့ပေ။ ထို့ကြောင့် ကိုထွေးသည် သတင်းထောက်အခန်းသို့ ရောက်လာသည်။

ထိုစဉ်က ဝန်ကြီးများမှာ သက်တော်စောင့်များ သူတို့နောက်မှ တကောက်ကောက် လိုက်နေကြသည်ကို မလိုလားကြပေ။ ရှက်ကြသည်။ ထို့ကြောင့် သက်တော်စောင့်များအား အခြားဝန်ထမ်းများကဲ့သို့ပင် ရုံးချိန် အတိုင်း ရုံးတက်ရုံးဆင်း၊ ရုံးမှာသာ တာဝန်ချထားသည်။ သို့သော် လုံခြုံရေး အကာအကွယ် အစောင့်အရှောက် သဘောမဟုတ်ဘဲ အဆောင်အယောင် သဘောထားကြသည်။ ပြည်သူလူထုက တင်မြှောက်ထားသဖြင့် အန္တရာယ် စိုးရိမ်စရာမရှိ ဟု ယူဆကြသည်။

ဗိုလ်ချုပ်အောင်ဆန်းမှာမူ စီအိုဒီ လက်နက်ပစ္စည်းတပ်မှ ဘရင်းဂန်း ၂၀၀ ပျောက်ဆုံးမှုနှင့် ဆက်နွှယ်၍ စိုးရိမ်ရသည်ဟု ပုလိပ်စုံထောက်ဌာန၏ သတင်းပေးချက်အရလည်းကောင်း၊ ပြည်သူ့ရဲဘော်အဖွဲ့ချုပ်က ဗိုလ်ချုပ် အောင်ဆန်းအတွက် လုံခြုံရေးလိုအပ်သည်ဟု အတင်းအကြပ် စောင့်ရှောက် ပေး၍လည်းကောင်း၊ အိမ်မှရုံးသို့ လက်နက်ကိုင်ရဲဘော် သက်တော်စောင့်များ အစောင့်အရှောက်ဖြင့် သွားလာနေရခြင်းဖြစ်သည်။ သို့သော် ရုံးခန်းတွင် အမြဲထိုင်၍ စောင့်ရှောက်ခြင်းကိုမူ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ကပင် မလိုအပ်ဟု ယူဆဟန်တူ၍ ရုံးခန်းဝတွင် လက်နက်ကိုင်အစောင့်အရှောက် မရှိပေ။

သက်တော်စောင့် ကိုထွေးကို တွေ့တွေ့ချင်း "ခင်ဗျားဆရာကြီး အခုပဲ အစည်းအဝေးကို သွားတယ်"ဟု ကျွန်တော်က ဆီးပြောလိုက်သည်။

ကိုထွေးသည် ဗိုလ်ချုပ်အောင်ဆန်း၏ အခန်းဘက်သို့ လျှောက်သွား ကာ အရိပ်အကဲကြည့်၍ ချက်ချင်းပြန်လာသည်။

"ဦးချစ်ဆွေ ဒီနေ့ ရုံးမတက်လို့ ရုံးစောင့်ရင်း သူ့အခန်းမှာထိုင်ပြီး စကားပြောရအောင် လာပါဗျာ"ဟု ကိုထွေးက ကျွန်တော့်အားခေါ်သွားသည်။

mgyoe.com

mgyoe.com

ကျွန်တော့်အား ဦးချစ်ဆွေ၏ ကုလားထိုင်တွင် ထိုင်စေပြီး၊ ကိုထွေးက မျက်နှာချင်းဆိုင်ရှိ ညှော်သည်ကုလားထိုင်၌ ထိုင်သည်။ ညက သူကြည့်ခဲ့ရသော ဒါရိုက်တာ ရွှေဒုံးဘီအောင်၏ ခုနစ်စင်ကြယ် ရုပ်ရှင်ဇာတ်လမ်းကို ကိုထွေးက ပြောပြနေသည်။

မိုးမှာ မှောင်၍ ရွာသွန်းကောင်းဆဲပင်၊ မိုးအေးအေးတွင် အခန်းထဲ၌ နွေးထွေးစွာ ရုပ်ရှင်ဇာတ်လမ်း ကောင်းနေတုန်းမှာပင် ဝုန်း–ဝုန်း–ဝုန်း ဟူသော မသဲမကွဲ ဆူညံသော အသံကြီးများ အလန့်တကြား တော်တော်ကြာအောင် ကြားလိုက်ရသည်။

"ဟ–ဘာဖြစ်တာလဲ"ဟုဆိုကာ ကိုထွေးသည် ကုလားထိုင်မှ ရုတ်တရက်ထလိုက်၍ အခန်းအပြင်သို့ထွက်ရန် ပြုလိုက်သည်။

"အရမ်းမထွက်နဲ့၊ မိုးရွာရင် အပေါ်ဆုံးထပ်က ဆွေးနေတဲ့မှန်အမိုးကွေ ပြုတ်ကျတတ်တယ်၊ သတိထား"ဟု ကျွန်တော်လည်း ကုလားထိုင်မှထပြီး ကိုထွေးအား ပြောလိုက်မိသည်။

ကိုထွေးသည် သူ့ခါးတွင်ချိတ်ထားသော ကနုကမာလက်ကိုင်ဖြင့် ခြောက်လုံးပြူး သေနတ်ကို လက်ဖြင့်အုပ်ကိုင်ပြီး၊ ဆင်နားရွက်တံခါးကို တွန်းဖွင့်၍ ရုံးခန်းထဲမှ လျင်မြန်စွာ ထွက်သွားသည်။ ကျွန်တော်သည် ကိုထွေးနောက်မှလိုက်သွားရာ ဆင်နားရွက်တံခါးဖွင့်၍ အပြင်စင်္ကြံသို့ ရောက်သွားသည်။ ကိုထွေးသည် ကျွန်တော့်ရှေ့ ခြောက်ပေကွာခန့် စင်္ကြံပေါ် ရောက်နေသည်။ သတင်းထောက်အခန်းဘက် အနောက်ဘက်စင်္ကြံထောင့်၌ ဗိုလ်ချုပ်အောင်ဆန်း၏ရုံးခန်းဘက်မှ သုတ်သီးသုတ်ပျာ ချိုးကွေ့ထွက်လာသော စစ်ဝတ်စုံဖြင့် လက်နက်ကိုင်သုံးလေးဦးမှာ ကိုထွေးနှင့်မျက်နှာချင်းဆိုင် ၁၂ ပေအကွာခန့်တွင် ရင်ဆိုင်တွေ့နေကြသည်။ မိုးမှောင်နေ၍ ထောင့်ချိုးမှာ အတော်မှောင်ကျနေသဖြင့် လူလုံးမသဲမကွဲ၊ မျက်နှာမမှတ်မိအောင် စစ်ဦးထုပ်များကို မျက်နှာတစ်ဝက်ဖုံး ရှေ့ငိုက်၍ ဆောင်းထားကြသဖြင့် မျက်နှာများမှာ မသဲမကွဲ ဖြစ်နေသည်။ သို့သော် ကိုထွေးက လက်နက်ကိုင်များထဲမှ တစ်ဦးကို မှတ်မိဟန်တူသဖြင့် နာမည်ခေါ်လိုက်လေသလား၊ (သို့မဟုတ်) အခြားစကား ပြောသံလား ကြားရသည်။ ကိုထွေး၏စကားသံကို နောက်ခပ်လှမ်းလှမ်းမှ ကျွန်တော်က သဲသဲကွဲကွဲ မကြားလိုက်ရပေ။

လက်နက်ကိုင်တစ်ဦးက ကိုထွေးအား ဒက်–ဒက်–ဒက် ဟု စတင်း

mgyoe.com

mgyoe.com


ဂန်းဖြင့် ပစ်ချလိုက်သည်။ ကိုထွေးမှာ သူ့ခါးမှ ခြောက်လုံးပြူးကို မဖြုတ်ရသေးမီ လက်ဖြင့်အုပ်ထားရင်းပင် "အမယ်လေးဗျာ ... ရက်စက်လိုက်တာ" ဟု အသံထွက်၍ နေရာတွင်ပင် ခွေလဲကျသွားတော့သည်။

ကျွန်တော်သည် တုန်လှုပ်ချောက်ချားပြီး မင်သက်၍ ကြက်သေသေမိနေရာမှ ကိုထွေးအား ဖေးမရန် အနားတိုးသွားမည်ပြုလိုက်သည်။

"ဟေ့ ... မဆိုင်ရင် အောက်ဆင်း"ဟု လက်နက်ကိုင်တစ်ဦးက ကျွန်တော့်အား ငေါက်၍ မောင်းချလိုက်သည်။ ကျွန်တော်မှာ ကိုထွေးဆီမရောက်တော့ဘဲ၊ လှေကားမှ ခပ်သုတ်သုတ် ဆင်းလာခဲ့ရသည်။

ကျွန်တော့်နောက်မှ သုတ်သီးသုတ်ပျာဆင်းလာသော စစ်ဖိနပ်သံများကြားရသည်။ လှေကားအဆင်းတစ်ဝက်ကျော် တစ်ဆစ်ချိုးအရောက်တွင် "ဟေ့ – ရှေ့က မြန်မြန်ဆင်းစမ်း"ဟု ထပ်၍အော်ပြန်သဖြင့် ကျွန်တော်သည် လှေကားပေါ်မှခုန်ချ၍ လှေကားအောက် ဝင်နေလိုက်ရသည်။

အောက်ထပ်ရုံးခန်းမှ ဝန်ထမ်းအချို့လည်း ထွက်ကြည့်နေကြသည်။ အတွင်းဝန်များ ရုံးအလယ် မော်တော်ကားလမ်း အရှေ့ဘက်မှ အမိုးမပါသော စစ်ရောင်ဂျစ်ကားတစ်စင်းသည် ဖြည်းဖြည်းမောင်းနှင်၍ အနောက်ဘက်ဆင်ဝင်အောက်သို့ ရောက်လာသည်။ စစ်ဝတ်စုံဖြင့် လူသတ်သမားများလှေကားခြေရင်းအရောက် အံကိုက်ဖြစ်နေသည်။ အချိန်ကိုက် ရောက်လာသော စစ်ရောင်ဂျစ်ကားပေါ်သို့ အပေါ်ထပ်မှဆင်းလာသော စစ်ဝတ်စုံဖြင့်လူသတ်သမားများ တက်ကြသည်။ စစ်ရောင်ဂျစ်ကားပေါ်တွင် စစ်မိုးကာခြုံထားသော ကားမောင်းသူအပြင် စစ်မိုးကာခြုံ အခြားလက်နက်ကိုင် တစ်ဦးလည်း ပါလာသေးသည်။ စစ်ဂျစ်ကားနောက်မှ နံပါတ်ပြားကို မမြင်ရအောင် တစ်ဦးက ခြေတွဲလောင်းချ၍ စစ်ဖိနပ်ဖြင့် ဖုံးကွယ်ထားသည်။ သူတို့ကိုကြည့်နေသော ကျွန်တော်နှင့် အောက်ထပ်မှ ဝန်ထမ်းအချို့အား မကြည့်ရန်သေနတ်မြှောက်ရမ်း၍ အချက်ပြသဖြင့် ကျွန်တော်တို့မှာ ရုံးခန်းထဲ ဝင်နေလိုက်ရသည်။

ကျွန်တော်မြင်လိုက်သမျှမှာ လူသတ်သမားတို့သည် မိုးကာကိုကျောဥ္စသိုင်းခြုံထားပြီး စစ်ဝတ်စုံလက်မောင်းတွင် ခြင်္သေ့ရုပ်ဖြင့် (XII-Army) ၁၂ နံပါတ်တပ်မတံဆိပ် တပ်ဆင်ထားသည်။ လက်နက်များမှာ စတင်းဂန်း၊ တော်မီဂန်းနှင့် ဘရင်းဂန်းများ ဖြစ်သည်။ လူ သတ်သမားတို့၏

mgyoe.com

mgyoe.com


စစ်ရောင်ဂျစ်ကားသည် အနောက်ဘက်ဝင်းတံခါးမှထွက်၍ စပတ်လမ်း (ဗိုလ်အောင်ကျော်လမ်း)မှ ဒါလဟိုဇီလမ်း (မဟာဗန္ဓုလလမ်း)ဘက်သို့ မောင်းနှင်သွားပြီး ဒါလဟိုဇီလမ်းထဲချိုးကာ ဆူးလေဘုရားဘက်သို့ ဦးတည် မောင်းနှင်သွားလေသည်။

ကျွန်တော်သည် သက်တော်စောင့်ကိုထွေးအား ပြန်ကြည့်ရန် လှေကားအောက်မှထွက်၍ အပေါ်ထပ်သို့အတက် လှေကားရင်း၌ "ဘယ်မှာ ဘာဖြစ်တာလဲဟေ့"ဟု ကျွန်တော့်နောက်မှ အသံခပ်ပြတ်ပြတ်ဖြင့် မေးမြန်း သံ ကြားသဖြင့် လှည့်ကြည့်မိသည်။ လက်ထဲတွင် ခြောက်လုံးပြူးသေနတ်ကို အသင့်ကိုင်ဆောင်လာသော ရန်ကုန်ပုလိပ်မင်းကြီး ဦးအောင်ချိန်အား တွေ့ရ သည်။

"စစ်သားသုံးလေးယောက် သေနတ်တွေနဲ့ အနောက်ဘက်စင်္ကြံက ပြေးထွက်လာပြီး သက်တော်စောင့်ကိုထွေးကို သေနတ်နဲ့ပစ်သွားတယ်။ စောစောက ဆူညံသံတွေကြားလို့ ထွက်ကြည့်တာ သူတို့နဲ့ ရင်ဆိုင်တိုးမိပြီး ပစ်သွားတာပဲ။ အဲဒီစစ်သားတွေကို စစ်ဂျစ်ကားနဲ့ လာခေါ်လို့ တက်လိုက် သွားပြီး ဟိုဘက်မောင်းသွားတာပဲ"

ကျွန်တော်သည် ကိုထွေးအား စတင်းဂန်းနှင့်ပစ်သွားသည်ကိုသာ မျက်မြင်ဖြစ်၍ အခြားဘာဖြစ်သည်ကို မသိသေးသောကြောင့် မျက်မြင်တွေ့ သမျှသာ ဖြေလိုက်နိုင်သည်။

ပုလိပ်မင်းကြီး ဦးအောင်ချိန်သည် မေးမြန်းရင်းပင် အပေါ်ထပ်သို့ ခပ်သွက်သွက်တက်သွား၍ ကျွန်တော်လည်း ဦးအောင်ချိန်၏နောက်မှ တက် လိုက်သွားသည်။ သက်တော်စောင့် ကိုထွေးအား မင်းစေနှစ်ဦးက ပွေ့ဖက် ဖေးမ ကူညီပြုစုနေကြသည်။ ကိုထွေး သွေးသံရဲရဲဖြင့် ဖြစ်နေပြီး မြော့မြော့သာ ဖြစ်နေ၍ မပီသသောအသံဖြင့် သောက်ရေတောင်းနေသည်။ ပုလိပ်မင်းကြီး ဦးအောင်ချိန်သည် သက်တော်စောင့်ကိုထွေး၏ အခြေအနေကို ခေတ္တ ရပ်ကြည့်ပြီး အနောက်ဘက်စင်္ကြံဆီသို့ ဆက်လက်သွား၍ ကျွန်တော်လည်း လိုက်ပါသွားသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ရုံးခန်းဝစင်္ကြံတွင် မင်းစေ ကိုသောင်းစိန်မှာ ဆောက်တည်ရာမရဘဲ ဟိုပြေး သည်ပြေး ဖြစ်နေသည်။

"ဘာဖြစ်တာလဲ"ဟု ပုလိပ်မင်းကြီး ဦးအောင်ချိန်က ကိုသောင်း

mgyoe.com

စိန်အား မေးမြန်းလိုက်သည်။

"သေနတ်ကိုင်စစ်သား သုံးလေးယောက် အခန်းထဲဝင်မလို့လုပ်တာ မဝင်ပါနဲ့လို့ ကျွန်တော်ကတားတော့၊ ကျွန်တော့်ကို အတင်းတွန်းဖယ်ပြီး ဝင်သွားတယ်။ ဗိုလ်ချုပ်က ကုလားထိုင်မှထပြီး ဟော့ – ဟော့ လို့အော်ပြီး လက်ကာတားပါသေးတယ်။ သူတို့က အတင်းဝင်ပစ်တာ၊ ဟိုမှာကြည့်ပါဦး"ဟု ပြောပြောဆိုဆိုဖြင့် စေ့ထားသော ဗိုလ်ချုပ်အောင်ဆန်း၏ ရုံးခန်း တံခါးမကြီးကို ဖွင့်ပြလိုက်သည်။

"ဟာ ...."ဟု ရှည်လျားသော အာမေဋိတ်သံကြီးမှာ ပုလိပ်မင်းကြီး ဦးအောင်ချိန်၏ နှုတ်မှ ထွက်ပေါ်လာသည်။

သွေးသံရဲရဲဖြင့် သွေးချောင်းစီးနေပြီး အတုန်းအရုံးလဲနေကြသော ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများ၏ မရှုမလှမြင်ကွင်းမှာ တုန်လှုပ် ချောက်ချားစရာကောင်းလှသည်။

ပုလိပ်မင်းကြီး ဦးအောင်ချိန်သည် အခန်းဝမှပင် ငါးမိနစ်ခန့် အခြေအနေကိုကြည့်ကာ "ဘယ်သူမှမဝင်ကြနဲ့၊ ဘယ်သူမှလည်း မဝင်စေနဲ့"ဟု ပြော၍ သူကိုယ်တိုင် တံခါးမကြီးကို ပိတ်ထားခဲ့ပြီး ခြေလှမ်းကြဲကြဲဖြင့် ခပ်သွက်သွက် ပြန်ထွက်သွားသည်။ ရာဇဝတ်မှုခင်း ဖြစ်လာ၍ ခြေရာ လက်ရာမပျက်စေရန် ပုလိပ်မင်းကြီးက တားမြစ်ထားခဲ့ဟန်တူပါသည်။ ပုလိပ်မင်းကြီး ဦးအောင်ချိန်သည် ပြည်ထဲရေးဌာနသို့ ရုံးကိစ္စဖြင့်လာရင်း ကြုံကြိုက်၍ ရုတ်တရက်ဝင်ရောက် ကြည့်ရှုခြင်းဖြစ်သည်ဟု နောက်မှသိရပါ သည်။ (လွတ်လပ်ရေး မရမီက ရန်ကုန်ရဲမင်းကြီးဟု မခေါ်ဘဲ၊ ပုလိပ်မင်းကြီး ဟုသာ ခေါ်ပါသည်။ စကားချပ် စာရေးသူ)။

ကျွန်တော်သည် သက်တော်စောင့် ကိုထွေးထံသို့ ပြန်သွားပြီး အခြေအနေကိုကြည့်လိုက်သည်။ ကိုထွေးမှာ အသက်မျှင်းမျှင်းသာ ရှိတော့ သည်။ လူများ ဝိုင်းဝန်းဖေးမ ကူညီပြုစုနေကြပြီး ဆေးရုံပို့ရန် ဆေးရုံကား ခေါ်ပေးပါဟု ပြောကြ၍ ကျွန်တော်သည် အပါးတော်မြဲ ဦးချစ်ဆွေ၏ရုံးခန်းမှ တယ်လီဖုန်းဖြင့် ဗဟိုမီးသတ်သို့ သူနာပြုကားခေါ်ရန် ဖုန်းဆက်သည်။ ဗဟို မီးသတ်ဖုန်းမှာ အလုပ်များနေဟန် တူပါသည်။ ဖုန်းဆက်တိုင်း လိုင်းမအား ဖြစ်နေသည်။ ကျွန်တော်သည် စိတ်စောနေ၍ ဖုန်းထပ်မဆက်တော့ဘဲ စက်ဘီးစီး၍ လူကိုယ်တိုင် (အနော်ရထာလမ်း)ကို ချိုးပြီး စက်ဘီးကို အမြန်

mgyoe.com


နင်းလာသည်။ သူရိယ သတင်းစာတိုက်ရှေ့သို့ ရောက်သောအခါ လက်ခုပ်တီးပြီး အသံကျယ်ကျယ်ဖြင့် ကျွန်တော့်နာမည်ကို လှမ်းခေါ်သံကြားလိုက်မိသည်။ ခေါ်သံဆီသို့ လှည့်ကြည့်လိုက်ရာ ဗမာ့ခေတ် တာဝန်ခံ အယ်ဒီတာ ဦးကိုကိုလေးဖြစ်သည်ကို တွေ့ရသဖြင့် စက်ဘီးကို အရှိန်သတ်ပြီး ရပ်လိုက်သည်။ စက်ဘီးပေါ်မှမဆင်းဘဲ ပလက်ဖောင်းပေါ်တွင် ခြေတစ်ဖက်ထောက်၍သာ နေလိုက်သည်။ ဦးကိုကိုလေးသည် ကျွန်တော့်အနီးရောက်လာသည်။ ကျွန်တော်မှာ အမောတကောဖြင့် ဘာမျှမပြောနိုင်မီ "မင်း ဘယ်သွားမလို့လဲ" ဟု ဦးကိုကိုလေးက မေးမြန်းသည်။

"သက်တော်စောင့်ကိုထွေးလည်း သေနတ်ပစ်ခံရလို့ အတော်အခြေအနေဆိုးတယ်။ ဆေးရုံပို့ဖို့ မီးသတ်ကို သူနာပြုကားသွားခေါ်မလို့"ဟု ကျွန်တော်က ပြောလိုက်သည်။

"မင်းခေါ်သွားဖို့ မလိုတော့ဘူး၊ သူတို့ဆိုင်ရာက အားလုံးစီစဉ်နေပြီ" ဟု ပြော၍ ကျွန်တော့်အား စက်ဘီးပေးမှဆင်းစေသည်။

"မင်း စိတ်ငြိမ်အောင်လုပ်ပါ၊ ခေါင်းအေးအေးထား၊ မြန်မာ့အလင်းတိုက်ကိုပြန်ပြီး အနားယူလိုက်၊ ပြီးမှ သတင်းရေး၊ နောက်ဆက်တွဲသတင်းကိုတို့တာဝန်ထား"

ဦးကိုကိုလေးက ကျွန်တော့်အား ဖြေသိမ့်လိုက်သည်။ သူသည် ထိုစဉ်က မြန်မာပြည် သတင်းထောက်အသင်းဥက္ကဋ္ဌဖြစ်သည်။ ဝါရင့်သတင်းထောက် သတင်းစာဆရာကြီး ဖြစ်သည်။ ဗိုလ်အောင်ကျော် ကျဆုံးသော အရေးတော်ပုံကြားထဲတွင် တိုးတက်ရေးသတင်းထောက်အဖြစ် သတင်းဝင်ယူ၊ ဓာတ်ပုံရိုက်ရာမှ ပုလိပ်နံပါတ်တုတ် ဒဏ်ရာရခဲ့ဖူး၍ ဆေးရုံ တက်ရောက်ခဲ့ရသူ ဖြစ်သည်။ သွေးသံရဲသော အရေးတော်ပုံ ကိုယ်တွေ့သတင်းစာဆရာဖြစ်၍ ကိုယ်ချင်းစာကာ တုန်လှုပ်ချောက်ချား၍ ကျွန်တော်၏ စိတ်လှုပ်ရှားနေမှုကို ထိန်းပေးလိုက်ခြင်း ဖြစ်သည်။

"ကဲ ... မင်းတိုက်ကိုသာ တည့်တည့်မတ်မတ်ပြန်သွား၊ ကောင်းကောင်း အနားယူလိုက်၊ ငါပြောတာ သဘောပေါက်တယ်မဟုတ်လား"

ဦးကိုကိုလေးသည် ကျွန်တော်အခင်မင်ဆုံး ဝါရင့်သတင်းထောက်၊ သတင်းစာ ဆရာကြီး ဖြစ်သည်။ သူသည် ကျွန်တော့်အား ညီငယ်ကဲ့သို့ပင် ခင်မင်၍ ညနေတိုင်း ဘီအေအေကွင်း (အောင်ဆန်းကွင်း)ဘောလုံးပွဲမှ သူနှင့်

mgyoe.com

mgyoe.com

အတူ သူက ဗမာ့ခေတ်၊ ကျွန်တော်က မြန်မာ့အလင်းသို့ တွဲ၍ ပြန်နေကျ ဖြစ်သည်။ ညီငယ်တစ်ဦးကဲ့သို့ ဖြေသိမ့်နေရုံသာမက သတင်းထောက် အသင်းဥက္ကဋ္ဌအနေဖြင့်လည်း အရေးတော်ပုံများ၊ အဓိကရိုဏ်းများ ဖြစ်ပေါ် လာလျက် သတင်းထောက်များ အန္တရာယ်မဖြစ်စေရန်လည်း ထိန်းသိမ်းပေး လေ့ရှိသည့် တာဝန်ဖြစ်သည်ဟု ကျွန်တော် သဘောရမိပါသည်။ ဦးကိုကို လေးနှင့် တွေ့နေစဉ်မှာပင် အတွင်းဝန်ရုံးဆီသို့ သူနာပြုကားများ မောင်းနှင် သွားသည်ကို တွေ့ရသည်။

ကျွန်တော်သည် ဦးကိုကိုလေးနှင့်ခွဲပြီး မြန်မာ့အလင်းတိုက်သို့ စက်ဘီးစီးပြန်ခဲ့သည်။ စောစောကကဲ့သို့ စိတ်အားထက်သန်စွာဖြင့် စက်ဘီး မနင်းတော့ဘဲ စိတ်အားလျော့သွားသဖြင့် စက်ဘီးနင်းရသည်မှာ လေးလံ၍ ပင်ပန်းသကဲ့သို့ ဖြစ်လာသည်။ လမ်းတစ်လျှောက်လုံး မည်သည့်အရာကိုမှ သတိမထားမိပေ။ ကျွန်တော့်စိတ် လေလွင့်နေသည်။ ရွှေဂုံတိုင်ရှိ မြန်မာ့ အလင်းတိုက်သို့ မည်သို့ရောက်လာသည်ကိုပင် သတိမထားမိပေ။ မြန်မာ့ အလင်း ခြံဝသို့ရောက်သောအခါ ခါတိုင်းလို စက်ဘီးကို ကုန်းပေါ်သို့ တွန်း မတင်နိုင်တော့သဖြင့် ခြံဝရှိ လိုင်ချီပင်အောက်ရှိ ခုံတန်းလျားနောက်တွင် သော့ခတ်ထားလိုက်သည်။

အယ်ဒီတာအခန်းသို့ ရောက်သောအခါ စားပွဲပေါ်သို့ လွယ်အိတ်နှင့် မိုးကာအင်္ကျီကို ပစ်တင်လိုက်ပြီး အားမရှိသော လူမမာတစ်ဦးကဲ့သို့ ကုလားထိုင်တွင် ပစ်ထိုင်ချလိုက်မိသည်။

နေ့အယ်ဒီတာ ဦးသန်းဖေ (နောင်အခါ အယ်ဒီတာချုပ်ရာထူးဖြင့် ၁၉၆၈ ခုနှစ်တွင် သတင်းစာလောကမှ လုံးဝအနားယူသွားသူ)က ဖြစ်ပျက်ပုံ ကို သိရှိပြီးဖြစ်၍ ကျွန်တော့်အား စာနာစိတ်ဖြင့် အနားယူနေရန် ကြင်နာစွာ ပြောလေသည်။

ကျွန်တော်သည် စားပွဲပေါ်တွင် ခေါင်းစိုက်၍ တုန်လှုပ်ချောက်ချားမှု၊ စိတ်လှုပ်ရှားမှု၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ဝန်ကြီးများအပြင် အတွင်းဝန်ဦးအုန်းမောင်၊ သက်တော်စောင့် ကိုထွေးတို့၏ မရှုမလှမြင်ကွင်း များကို ယူကျုံးမရဖြစ်ပြီး ဆောက်တည်ရာမရသကဲ့သို့ မျက်ရည်များပင် ဖြိုင်ဖြိုင်ကျမိသည်။

နာရီဝက်ကျော်ကြာမှပင် ခေါင်းပြန်ထောင်ပြီး ရေတစ်ခွက်သောက်

mgyoe.com

mgyoe.com

လိုက်သည်။

"ငါ သတင်းထောက်ပဲ၊ ဘာပဲဖြစ်ဖြစ် သတင်းရေးဖို့ တာဝန်ရှိသေးတယ်၊ ရေးနိုင်ရမယ်"ဟု အားပြန်တင်းလိုက်မိသည်။ ရေဖြင့် မျက်နှာသစ်၊ လက်ဆေး၍ အားသစ်လောင်းလိုက်သည်။ ပြီးမှ သတင်းရေးရန် ပြင်ဆင်လိုက်သည်။

ထိုအခါမှပင် အယ်ဒီတာဦးသန်းဖေက ဖြစ်ပျက်ပုံကိုမေးမြန်း၍ ပြန်လည် ပြောပြနိုင်ပါသည်။

ကျွန်တော်သည် သတင်းရေးရင်း လွန်ခဲ့သော နာရီပိုင်းလောက်က ဗိုလ်ချုပ်အောင်ဆန်းအား ရှင်ပျစွာတွေ့လိုက်ရပြီး တည်ကြည်ခံ့ညားစွာဖြင့် စီးကရက်ခဲကာ အစည်းအဝေးခန်းသို့ လျှောက်သွားသော ဝန်ကြီး ဦးရာဇတ်ကို တွေ့ခဲ့ရသေးသည်။ သူ့သက်တော်စောင့် ကိုထွေးနှင့်လည်း ရယ်မောစွာ စကားပြောနေကြရာမှ လျှပ်တစ်ပြက်အတွင်း အဖြစ်အပျက် မြန်ဆန်မှုများကို ပြန်လည်မြင်ယောင်နေမိသည်။ သတိရနေမိသည်။ ထို့ကြောင့် သတင်းကို ဖြောင့်ဖြောင့်တန်းတန်း မရေးနိုင်ဘဲ ဝမ်းနည်းယူကျုံးမရ ဖြစ်နေသည်။

အယ်ဒီတာ ဦးသန်းဖေက ကျွန်တော့်အရိပ်အကဲကို သတိထားမိ၍ ကျွန်တော့်နှုတ်က သတင်းကို ပြောပြပါ၊ သူက သတင်းကူညီရေးပေးမည်ဟု ပြောသည်။ ဦးသန်းဖေက သတင်းကူညီရေးပေးသည့်တိုင်အောင် ကျွန်တော့် စိတ်လှုပ်ရှားမှုမှာ မပြေပျောက်သေးဘဲ ပြောပြဖို့ပင် တုန့်ဆိုင်းနေသည်။

အတန်ကြာမှ သတင်းထောက်မာန်တင်းပြီး "ကျွန်တော့်ဘာသာပဲ သတင်းဆက် ရေးတော့မယ်"ဟု ပြော၍ သတင်းကို ဖြောင့်ဖြူးစွာ ရေးနိုင်တော့သည်။

နိုင်ငံတော် လုပ်ကြံမှုကြီးသတင်းကို ကျွန်တော်သည် တစ်နေ့ခင်းလုံး ဖြည်းဖြည်းရေးခဲ့ရာ ညနေအတော်စောင်းမှ ပြီးစီးတော့သည်။

မြန်မာ့အလင်း အယ်ဒီတာချုပ် ဦးသောင်းညွန့် (ရွှေပိန်သောင်း-ကွယ်လွန်) အစရှိသော အယ်ဒီတာအဖွဲ့ဝင်များ၊ အခြားသတင်းစာတိုက်မှ သတင်းထောက်များက ကျွန်တော့်ကိုယ်တွေ့အဖြစ်အပျက်သတင်းများ လာမေးမြန်းကြ၍ ပြောပြနေရသဖြင့် မိုးချုပ်မှ အိမ်ပြန်နိုင်တော့သည်။

ကျောက်မြောင်းအိမ်သို့အပြန်တွင် နိုင်ငံတော်လုပ်ကြံမှုကြီးသတင်းမှာ တစ်မြို့လုံး ပျံ့နှံ့သွား၍ ပြည်သူလူထုမှာ ယူကျုံးမရဖြစ်ကာ ဝမ်းနည်းကြသူ

mgyoe.com

mgyoe.com

များ၊ ဒေါသထွက်သူများ စုရုံး စုရုံးဖြင့် စိတ်တုန်လှုပ်ချောက်ချားနေကြသည်။

တရားခံဘယ်သူလဲ၊ ဘယ်သူ့လက်ချက်လဲ တရားခံရှာနေကြသည်။ ထင်ကြေးတွေ အမျိုးမျိုးပေးနေကြသည်။ ရန်ကုန်မြို့တော်ကြီးတစ်ခုလုံး ဝမ်းနည်းမဆုံး၊ ဒေါသတွေဖုံး လွှမ်းပြီး ယူကျုံးမရအဖြစ်ဆိုးနှင့် ကြုံနေရသည်။ ထိုသတင်းမှာ တစ်မဟုတ်ချင်း တစ်နိုင်ငံလုံးသို့ ပျံ့နှံ့သွားလေသည်။

နောက်တစ်နေ့ ဇူလိုင်လ ၂၀ ရက်နေ့မှစ၍ မြန်မာနိုင်ငံအစိုးရက ဝမ်းနည်းခြင်း အထိမ်းအမှတ် ရက်သတ္တပတ် သတ်မှတ်၍ ထိုနေ့တွင် ရုံးပိတ်ရက်အဖြစ် ကြေညာလိုက်သည်။ သတင်းစာတိုက်များကလည်း ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် ထိုနေ့တွင် ပိတ်ထားကြသဖြင့် ဇူလိုင်လ ၂၁ ရက်နေ့တွင် သတင်းစာထုတ်ဝေမည်မဟုတ်ဟု ကြေညာသည်။

ဇူလိုင်လ ၂၀ ရက်နေ့လယ်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ကလပ်ကို တာဝါလိန်းနေအိမ်မှ ရွှေတိဂုံဘုရားလမ်းရှိ ဂျူဗလီဟောသို့ ပို့ဆောင်ရာ နံနက်ပိုင်းကပင် လူထုပရိသတ်မှာ မကြုံစဖူး တိုးမပေါက်အောင် ပြည့်ကြပ်နေသည်။ မျက်ရည်ရွဲ၍ ငိုကြွေးတမ်းတ ယူကျုံးမရ ဖြစ်နေသူများအား တွေ့ရသကဲ့သို့ အံကြိတ်ကာ ဒေါသတွေလွှမ်းနေပြီး စိတ်လိုက်မာန်ပါ တုံ့ပြန်လိုသူများလည်း တွေ့ရသည်။

ဗိုလ်ချုပ်၏ ရုပ်ကလာပ်ကို ဂျူဗလီဟောသို့ပို့ဆောင်သည့် သတင်းကို့ရယူရန် ကျွန်တော်ပင် တာဝန်ကျသဖြင့် မြန်မာ့အလင်းတိုက်သို့ မော်တော်ကား သွားယူသည်။ အသစ်စက်စက် (MORRIS VAN) မောရစ်ဗင် မော်တော်ကားငယ်ကလေး အသင့်ရှိနေသော်လည်း တိုက်ပိတ်ရက်ဖြစ်၍ ကားမောင်းသူများမရှိ ဖြစ်နေသည်။ တိုက်အပေါ်ထပ်တွင် နေထိုင်သော မြန်မာ့အလင်းတိုက်အုပ် (နောင်အခါ–ဘဏ္ဍာရေးဝန်ကြီးနှင့် ပါလီမန်ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ – သတိုးသီရိသုဓမ္မဘွဲ့ရ) မြန်မာ့အလင်းဦးတင်အား အခြေအနေ ပြောပြသည်။ ဦးတင်က ဒရိုင်ဘာမရှိသဖြင့် တိုက်အနီးတွင် နေထိုင်၍ မော်တော်ကားမောင်း ကျင်လည်သော စတိုစာရေးကြီး ဦးဘဌေးအား ခေါ်၍ ကားမောင်းစေသည်။

ကျွန်တော်သည် မြန်မာ့အလင်းမှ မော်တော်ကားဖြင့် တာဝါလိန်းရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်သို့ ပြန်လာရာ လူထုပရိသတ်မှာ ကန်တော်ကြီး တစ်ဝိုက်၌ တိုးမပေါက်အောင် ပြည့်ကျပ်နေ၍ မော်တော်ကားငယ်ကလေး

mgyoe.com

mgyoe.com


ပင် ဝင်ရန်မဖြစ်နိုင်တော့ပေ။ ကျွန်တော်ကဲ့သို့ပင် အခြားသတင်းထောက်များလည်း မော်တော်ကားကို ခပ်ဝေးဝေးတွင် ရပ်ထားခဲ့ပြီး လူအုပ်ကြီးထဲသို့ အတင်းတိုးဝင်ခဲ့ရသည်။

ဗမာ့ခေတ် ဦးကိုကိုလေးလည်း သူ့တိုက်မှ မော်တော်ကားကို လူရှင်းသည့်နေရာတွင် ရပ်ထားခဲ့သည်ဆို၏။ ဗမာ့ခေတ်တိုက်မှ မော်တော်ကားမှာ စစ်တပ်မှ လေလံဆွဲဝယ်ထားသော အရာရှိများစီးသည့် စတေရှင်ဝက်ဂွန်ကားကြီးဖြစ်သဖြင့် ပို၍ပင် လူအုပ်ထဲတွင် မောင်းနှင်ရန်ခက်ခဲမည်။ ထို့ကြောင့် မြန်မာ့အလင်းမှ မော်တော်ကားငယ်ကလေးဖြင့် အတူစီး၍ သွားရန် ကျွန်တော်က ဦးကိုကိုလေးအား ပြောသည်။ ဦးကိုကိုလေးက သူ့တိုက်မှ ကားကို ပြန်လွှတ်လိုက်သည်။ ဗမာ့ခေတ် ဦးကိုကိုလေးနှင့် ကျွန်တော်တို့ သတင်းထောက်တစ်စုသည် အလွန်များပြားလှသော လူထုပရိသတ်အခြေအနေကို အကဲခတ်ပြီး၊ ဂျူဗလီဟောသို့ မော်တော်ကားစီး၍ လိုက်ပါပို့ဆောင်ရန် မဖြစ်နိုင်ဘဲ တာဝါလိန်းမှ ဂျူဗလီဟောအထိ ခြေလျင်ပို့ဆောင်ကြမည်ကို ကြိုတင်သိရှိကြသဖြင့် သတင်းစာတိုက်မှ မော်တော်ကားများကို အပြန်မှစီးဖို့ ဂျူဗလီဟောအနီးသို့ သွားရောက်၍ ကြိုတင်စောင့်ဆိုင်း နေရာယူထားရန် စီစဉ်ရသည်။

ကျွန်တော်တို့ ကြိုတင်အကဲခတ်ထားသည့်အတိုင်း ဗိုလ်ချုပ်အောင်ဆန်း ရုပ်ကလာပ်ကို ဂျူဗလီဟောသို့ ပို့ဆောင်ရာတွင် ခြေလျင်ပင် အတော်လိုက်ပါပို့ဆောင်ကြရသည်။ လမ်းတစ်လျှောက်လုံး လမ်းဘေးဝဲယာ၌ ရပ်ကြည့်နေသူများလည်း ထူထပ်ပြည့်ကျပ်နေသည်။ ဖဆပလ ရုပ်ကွက်အနီး တိရစ္ဆာန်ရုံဝနှင့် မျက်နှာချင်းဆိုင်ရှိ ဂေါ်ရာကုန်း (ယခု စစ်ရုံးချုပ်အနီး)မှ အင်္ဂလိပ်စစ်တပ်၏ ကပ္ပလီကြောင်နက် စစ်သားများနှင့် မျက်နှာဖြူအရာရှိများကလည်း ထွက်၍တန်းစီကာ နောက်ဆုံး အလေးပြုကြသည်။

ဂျူဗလီဟောတစ်ဝိုက် ကြိုတင်စောင့်ဆိုင်းနေသော လူထုပရိသတ်ကြီးမှာလည်း အတော်ပင် ထူထပ်လှသည်။ ဂျူဗလီဟောတွင် အာဇာနည်ခေါင်းဆောင်ကြီး စပ်စံထွန်းနှင့် အတွင်းဝန်ဦးအုန်းမောင်တို့၏ ရုပ်ကလာပ်များကို ကြိုတင်ပို့ဆောင်ထားသည်။ ဝန်ကြီး ဦးရာဇတ်နှင့် သက်တော်စောင့် ကိုထွေးတို့မှာ အစ္စလာမ်ဘာသာ ထုံးစံအရ နေ့ချင်းသင်္ဂြိုလ် လိုက်ပြီးဖြစ်၍

mgyoe.com

mgyoe.com

သူတို့နှစ်ဦးအတွက် ရုပ်ကလာပ်မရှိဘဲ အထိမ်းအမှတ်နေရာသာ သတ်မှတ်ထားသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ရုပ်ကလာပ်များကို ဂျူဗလီဟောတွင် ထားပြီးသည့်တိုင်အောင် လူထုပရိသတ်မှာ မပြန်ကြသေးဘဲ အတင်းတိုးဝှေ့ ကြည့်နေကြသည်။ ကျွန်တော်နှင့် ဗမာ့ခေတ် ဦးကိုကိုလေးသည် သတင်းစာတိုက်သို့ အတူပြန်ကြရန် လူချင်းမကွဲအောင် လက်တွဲ၍ လူအုပ်ထဲမှ အတင်းတိုးဝှေ့ထွက်ခဲ့ကြရသည်။ ဂျူဗလီဟောအနီး တစ်ဝိုက်တွင် မြန်မာ့အလင်းမှ မော်တော်ကားငယ်ကလေးကို ရှာဖွေရာ မတွေ့တော့ပေ။

အစိုးရခေါင်းဆောင်များ၏ မော်တော်ကားအနည်းငယ်သာတွေ့ရပြီး အခြား မည်သည့် မော်တော်ကားများမှ မတွေ့ရ၊ ကျွန်တော်နှင့် ဗမာ့ခေတ် ဦးကိုကိုလေးတို့သည် ရွှေတိဂုံဘုရားလမ်းတစ်လျှောက် ခြေလျင်လျှောက်၍ ရွှေတိဂုံဘုရားထရန်စပို့လမ်းမှ ဖြတ်ပြီး ဗဟန်းဘက်သို့ဆင်းကာ ရွှေဂုံတိုင်ရှိ သတင်းစာတိုက်အထိ လမ်းလျှောက်ပြန်ခဲ့ရလေသည်။

မြန်မာ့အလင်းသို့ ပြန်ရောက်သောအခါ မော်တော်ကားငယ်ကလေးကို ဆင်ဝင်အောက်တွင် တွေ့ရသည်။ ဂျူဗလီဟောတစ်ဝိုက် လူထုပရိသတ် ထူထပ်လာ၍ လမ်းပြပုလိပ် (ယာဉ်ထိန်းရဲ)က အစိုးရခေါင်းဆောင်ကြီးများ၏ မော်တော်ကားမှတစ်ပါး အခြားမော်တော်ကားများကို ရပ်နားမထားရန် စီစဉ်၍ စောင့်ဆိုင်းမနေတော့ဘဲ မော်တော်ကားငယ်ကလေးကို တိုက်သို့ ပြန်မောင်းလာရကြောင်း သိရသည်။

ကျွန်တော်သည် ဗိုလ်ချုပ်အောင်ဆန်း၏ရုပ်ကလာပ်ကို ဂျူဗလီဟောသို့ ပို့ဆောင်သည့် အခမ်းအနားသတင်းသာမက ပုလိပ်စုံထောက်ဘက်နှင့် သောင်းကျန်းနှိမ်နင်းရေးတပ် Striking Force (နောင်အခါ ပြည်ထောင်စုစစ်ရဲတပ် ယူအမ်ပီ)တို့ ပူးပေါင်း၍ စနေနေ့ မွန်းလွဲပိုင်းမှစ၍ အေဒီလမ်း အင်းလျားကန်စောင်းရှိ နန်းရင်းဝန်ဟောင်း ဂဠုန်ဦးစော၏ နေအိမ်ကို ဝိုင်းဝန်းရှာဖွေကြရာ ပြန်လည်ခုခံကြံစည်ပုံ၊ အင်အားချင်းမမျှ၍ အဖမ်းခံပုံ၊ စစ်ယူနီဖောင်းများတွေ့ရှိပုံ၊ ဦးစော၏နေအိမ်အနီး အင်းလျားကန်ထဲသို့ ရေငုပ်ရှာဖွေရာတွင် သေနတ်လက်နက်များ ဆည်ယူရရှိပုံ စသော ကြားခဲ့ရသမျှသတင်းများကို မြန်မာ့အလင်းတိုက်အုပ် ဦးတင်အား ပြောပြလိုက်သည်။

mgyoe.com

mgyoe.com


မြန်မာ့အလင်းဦးတင်သည် ဖဆပလအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဘဏ္ဍာရေးမှူး ဖြစ်၍ ဖဆပလအဖွဲ့ချုပ်မှ အရေးကြီးသော သတင်းများကို သိရှိပြီးဖြစ်သော်လည်း မြန်မာ့အလင်းသတင်းစာသို့ ဖွင့်ပြောလေ့မရှိ၊ နှုတ်လုံလှသည်။ သတင်းစာလုပ်ငန်းပိုင်းက တခြား၊ ဖဆပလလုပ်ငန်းက တခြား၊ သီးခြားကန့်သတ်ထားပြီး ကိုယ်ရောနှုတ်ပါ စည်း စောင့်သည်။ ဖဆပလသတင်းများကို သတင်းထောက်များကသာ ထောက်လှမ်းယူရသည်။ ဦးတင်က ဖဆပလလူကြီးဖြစ်၍ သတင်းစာအတွက် ဖဆပလသတင်းကို စည်းမစောင့်ဘဲ အမြတ်ထုတ်ယူခြင်းမရှိ။ ထို့ကြောင့် သူသိရှိပြီးသော သတင်းများဖြစ်သော်လည်း ကျွန်တော် သတင်းထောက်၏ ထောက်လှမ်း ရရှိခဲ့သော သတင်းအခြေအနေကိုသာ မေးမြန်းလေသည်။

ထို့ပြင် ဖဆပလအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် တိုင်းပြည်ပြုလွှတ်တော် ဥက္ကဋ္ဌသခင်နုအား ဖဆပလအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် တင်မြှောက်လိုက်၍ မြန်မာနိုင်ငံဘုရင်ခံ ဆာဟူးဘတ် ရန့်စ်က ဖဆပလအဖွဲ့ချုပ် ဥက္ကဋ္ဌသစ် သခင်နုအား ဖိတ်ခေါ်ပြီး အစိုးရအဖွဲ့သစ်ကို ခေါင်းဆောင်ဖွဲ့စည်းရန် တာဝန်ပေးလိုက်သည်ဟု ဆိုင်ရာမှ ကြေညာသည်။

ဖဆပလအဖွဲ့ချုပ်မှ ထုတ်ပယ်ထား၍ အတိုက်အခံဖြစ်နေသော ဗမာပြည် ကွန်မြူနစ်ပါတီက ဖဆပလအဖွဲ့ချုပ်နှင့် ပူးတွဲ၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လူသတ်ဝါဒ ရှုတ်ချပွဲများ ပြုလုပ်မည်ဟု ကြေညာသည်။

ယူကျုံးမရ ဝမ်းနည်းနေကြခြင်း၊ ဒေါသထွက်၍ ဆောက်တည်ရာမရဖြစ်နေကြခြင်းကြောင့် တစ်နိုင်ငံလုံးရှိ ပြည်သူလူထုအား အလွန်အရေးကြီးသော သတင်းများကို အမြန်သိရှိစေရန် ဇူလိုင် ၂၁ ရက်နေ့တွင် သတင်းစာထုတ်ဝေခြင်း မရပ်နားတော့ဘဲ ဆက်လက်၍ သတင်းစာထုတ်ဝေမည်ဟု မြန်မာ့အလင်း ဦးတင်က ချက်ချင်းစီစဉ်ပြီး အယ်ဒီတာများ၊ သတင်းထောက်များ စသော မြန်မာ့အလင်းဝန်ထမ်းများအား နေအိမ်များသို့ မော်တော်ကားဖြင့် လိုက်ခေါ်စေသည်။ စာနယ်ဇင်းတို့သည် အရေးကြီးသောသတင်းကို ပြည်သူလူထု အမြန်သိရှိအောင် ပြန်ကြားပေးရမည့် တာဝန်ရှိလေသည်။ သို့မှသာ နိုင်ငံတော်အခြေအနေ ဖရိုဖရဲမဖြစ်စေရန် ထိန်းသိမ်းပေးရာ ရောက်ပေသည်။ ထို့ကြောင့် စာနယ်ဇင်းများသည် နိုင်ငံတော်၏ စတုတ္ထမဏ္ဍိုင်ဖြစ်သည်ဟု ဆိုကြလေသည်။

mgyoe.com

ကျွန်တော်တာဝန်ကျရာ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ရုပ်ကလာပ်များ ဂျူဗလီဟောသို့ ပို့ဆောင်သည့်သတင်းကိုလည်း ချက်ချင်းရေးသားရန် ပြောကြားသည်။

ဂဠုန်ဦးစော၏အိမ်ကို ဝိုင်းဝန်းရှာဖွေပုံ၊ အင်းလျားကန်ထဲမှ သေနတ်လက်နက်များ ရှာဖွေဆယ်ယူရရှိပုံ စသော သတင်းများမှာ မှုခင်းသတင်းဖြစ်၍ ပုလိပ်စုံထောက်ဘက်၏ အတည်ပြုသော တိုင်ချက်အရသာ သတင်းရေးသားရမည်ဖြစ်၍ မှုခင်းသတင်းထောက်နှင့် သက်ဆိုင်သဖြင့် ထိုမှုခင်းသတင်းများကို ကျွန်တော် ရေးသားရန်မလိုပေ။ အယ်ဒီတာအဖွဲ့ဝင် လခစားသတင်းထောက် (Staff Reporter)များမှာ သူ့တာဝန်နှင့်သူ သီးခြား တာဝန်ပေးထားသဖြင့် မိမိတာဝန်ကျရာသတင်းကိုသာ တိကျမှန်ကန်စွာ ရေးသားကြရန် ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးရမှုမှာ မည်သူက လုပ်ကြံသတ်ဖြတ်သည်ဆိုသော သဲလွန်စသတင်း ပေါ်လာပြီး ဂဠုန်ဦးစောနှင့် အပေါင်းပါများအား နိုင်ငံတော်လုပ်ကြံမှု တရားခံများအဖြစ် ဖမ်းဆီးအရေးယူလိုက်သည်။

နိုင်ငံတော်လုပ်ကြံမှုကြီးကို ရုံးတင်တရားစွဲဆိုနိုင်ရန် အမှုစစ်ပုလိပ်အရာရှိကြီးများက သက်သေခံအထောက်အထား အချက်အလက်ပြည့်စုံအောင် မျက်မြင်ကိုယ်တွေ့ပုဂ္ဂိုလ်များအား လိုက်လံစုံစမ်းစစ်ဆေးသည်။ ထိုပုဂ္ဂိုလ်များထဲတွင် ကျွန်တော်လည်း တစ်ဦးအပါအဝင်ဖြစ်၍ အမှုစစ်ပုလိပ်အရာရှိကြီးတစ်ဦးက ကျွန်တော့်ကိုယ်တွေ့မျက်မြင်ကို လာရောက် စုံစမ်းစစ်ဆေးသည်။ ကျွန်တော်မြင်သလောက် ပြောပြလိုက်သည်။

လူသတ်သမားတို့ လုပ်ကြံသတ်ဖြတ်ပြီးအပြန်တွင် စီးနင်းလိုက်ပါသွားသော စစ်ရောင် ဂျစ်ကားနံပါတ်ကို အဓိကထား၍ မေးမြန်းသည်။ လူသတ်သမားတစ်ဦးက ခြေတွဲလောင်းချပြီး ဂျစ်ကားနောက်မှနံပါတ်ကို စစ်ဖိနပ်ဖြင့်ကွယ်ထား၍ မမြင်လိုက်ရသဖြင့် ပြောမပြနိုင်ခဲ့ပါ။ မိုးမှောင်ကျ၍ အနောက်ဘက်စင်္ကြံအကွေ့ထောင့်ချိုးမှာ အလွန်မှောင်နေပြီး မျက်နှာရော၊ လူလုံးပါ မသဲကွဲပါ။ မမှတ်မိပါ။ သက်တော်စောင့် ကိုထွေးက လူသတ်သမားတို့နှင့် ရင်ဆိုင်တိုးစဉ် ပြောလိုက်သောစကားသံကိုလည်း သဲကွဲစွာ မကြားရပါ။

mgyoe.com

mgyoe.com

ထိုအချိန်မှာ လူသတ်သမားနှင့် ရင်ဆိုင်နေရသော သေရေးရှင်ရေး အချိန်ဖြစ်သည်။ သေချာစွာ မှတ်မိအောင် ဘာကိုမှ စေ့စေ့စပ်စပ် မစူးစမ်းနိုင်ပါ။ လောလောဆယ် အန္တရာယ်မှ လွတ်မြောက်ရန်သာ အရေးကြီးနေသည်။ အကယ်၍သာ သေချာစွာမှတ်မိအောင် လူသတ်သမားတို့အား စေ့စေ့စပ်စပ် အရေးစိုက်ကြည့်ရှုစူးစမ်းလျှင် ယခုလို သတင်း ရေးသားတင်ပြနိုင်မည် မဟုတ်ပါ။ ကျွန်တော်မှာ ကိုထွေးနှင့်အတူ စတင်းဂန်းစာ မိသွားမည်ဖြစ်၍ အသက်နှင့်ခန္ဓာ အိုးစားကွဲသွားမည်မှာ သေချာပါသည်။

[ကျွန်တော့်အရင် လူသတ်သမားများနှင့် ပက်ပင်းတိုးမိ၍ သေနတ်ဒင်ဖြင့် စောင့်၊ ကန်ကြောက်ခံရသဖြင့် (ကျွန်တော် သတင်းထောက်ပါဗျာ၊ ချမ်းသာပေးကြပါ)ဟု အကြိမ်ကြိမ် ဝန်ချတောင်းပန် တိုးလျှိုးခဲ့ရသည် ဆိုသော စီးပွားရေးသတင်းထောက် ဦးသန်းမှာ ခုံရုံးတော်၌ အစိုးရသက်သေ (တရားလိုပြသက်သေ)အဖြစ် ကိုယ်တွေ့မျက်မြင် တရားခံအား မှတ်မိခဲ့ပုံ ထွက်ဆိုခဲ့၍ လူသတ်တရားခံတစ်ဦးက (ဒီလူကို ဟိုတုန်းက တစ်ခါတည်း ပစ်သတ်ခဲ့ရင်ကောင်းမှာ)ဟု ခုံရုံးရှေ့၌ ကြိမ်းမောင်းခံရသည်ကို ဆင်ခြင်ကြည့်စေလိုပါသည်။ စကားချပ် – စာရေးသူ။]

ကျားရဲရာ ကြမ္မာမရိုးသာဆိုသကဲ့သို့ပင် သေနတ်မောင်းဖြုတ်ရန် ခလုတ်ပေါ် လက်တင်ထားသော လူသတ်သမားက လက်ညှိုးကွေးလိုက်ရုံဖြင့် အနိစ္စသဘော ကိစ္စချောသွားနိုင်သော အခြေအနေဖြစ်၍ ကျွန်တော်၏ အတွေ့အမြင်မှာ မှုခင်းအတွက် သာမန်သာဖြစ်သဖြင့် ခုံရုံးတော်တွင် သက်သေမခံခဲ့ရပါ။

ပုလိပ်အဖွဲ့က အခြားမျက်မြင်သက်သေများထံမှ ပြည့်စုံစွာ စစ်ဆေး၍ နိုင်ငံတော် လုပ်ကြံမှုကြီးကို သက်သေခံအထောက်အထား ခိုင်လုံစွာဖြင့် ရုံးတင်တရားစွဲဆိုရန် အသင့်ဖြစ်ပါပြီ။ မြန်မာနိုင်ငံတော်အစိုးရက ဟိုက်ကုတ်တရားဝန်ကြီး ဦးကျော်မြင့် ဦးဆောင်သော တရားသူကြီး ဦးအောင်သာကျော်၊ တရားသူကြီး ဦးစိဘူးတို့ပါဝင်သော နိုင်ငံတော်ခုံရုံး ဖွဲ့စည်းပြီး၊ ဂဠုန်ဦးစောနှင့် အပေါင်းပါ လူသတ်တရားခံများအား အင်စိန်ဗဟိုအကျဉ်းထောင်အတွင်း ခုံရုံးထိုင်၍ ကြားနာစစ်ဆေးခဲ့သည်။ ဂဠုန်ဦးစောနှင့် တရားခံအချို့အား သေဒဏ်ကြိုးမိန့်နှင့် ကျန်တရားခံအချို့အား ထောင်ဒဏ်အမိန့် ချမှတ်ခဲ့သည်။

mgyoe.com

ခုံရုံး၏ အမိန့်ချမှတ်ချက်အရ အယူခံရက်စေ့ပြီးသောအခါ ဂဠုန်ဦးစောသည် သေဒဏ်အမိန့်ကို ခံယူရန် အင်းစိန်အကျဉ်းထောင်အတွင်း ကြိုးစင်ပေါ်အရောက်တွင် "ပွတ်ဘိုင်"ဟု ကြိုးပေးရာ၌ ရောက်ရှိနေသော မျက်မြင်သက်သေများနှင့် သတင်းစာဆရာများအား အင်္ဂလိပ်ဘာသာဖြင့် ပြောဆို၍ နောက်ဆုံးနှုတ်ဆက်သွားသေးသည်။

ဂဠုန်ဦးစောနှင့် လူသတ်တရားခံများအား ကြိုးမိန့်သေဒဏ် စီရင်ပုံကို အစိုးရ ပြန် ကြားရေး ဝန်ကြီးဌာနလက်အောက်ရှိ ရုပ်ရှင်နှင့် ပြဇာတ်ဌာနခွဲမှ အစအဆုံး ရုပ်ရှင်ရိုက်ကူး၍ မှတ်တမ်းတင်ခဲ့ပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုနှင့် ဝန်ကြီးအဖွဲ့ဝင်များ၊ အစိုးရ ထိပ်ပိုင်း အရာရှိကြီးများ၊ သတင်းစာဆရာများအား ဟာမက်တစ်အစိုးရရုပ်ရှင်ခြံတွင် ထိုနေ့ညနေပိုင်း၌ ပြသခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုမှာ ထိုစဉ်က ပြန်ကြားရေးဝန်ကြီးဌာနပါ တာဝန်ယူနေရသဖြင့် အဆိုပါ ဂဠုန်ဦးစောတို့အား ကြိုးဒဏ်စီရင်ပုံ မှတ်တမ်းတင် ရုပ်ရှင်ကို ပြည်သူလူထုအား သတင်းအဖြစ်ပြသရန် သင့်၊ မသင့် ရုပ်ရှင်နှင့် ပြဇာတ်ဌာနခွဲ ညွှန်ကြားရေးဝန်အဖြစ် ဆောင်ရွက်နေသည့် နိုင်ငံကျော် စာရေးဆရာကြီး၊ သတင်းစာဆရာကြီး၊ ရုပ်ရှင်ဒါရိုက်တာ ဦးညာဏအား တိုင်ပင်သည်။

ဦးညာဏက ပြည်သူလူထုမှာ ဂဠုန်ဦးစောနှင့် လူသတ်သမားတို့အား အမုန်းပွားမှု အရှိန်သေစပြုနေပြီဖြစ်ရာ ပကတိ ကြိုးပေးသတ်ခြင်း၊ မရှုမလှ မြင်ကွင်း အနိဋ္ဌာရုံကို ကြည့်လိုက်ရလျှင် သွေးလန့်သွေးပျက်၍ လူထု စိတ်ဓာတ်မှာ ပြောင်းပြန်ဖြစ်သွားနိုင်ကြောင်း၊ ထို့ကြောင့် မူဝါဒဖြန့်ချိမှုမှာလည်း အဓိပ္ပာယ်ပြောင်းပြန်ဖြစ်သွားနိုင်၍ အကျိုးမရှိဘဲ၊ အကျိုးယုတ်စေနိုင်မည် ဖြစ်သဖြင့် ပြည်သူလူထုအား ဤသတင်းရုပ်ရှင်ကားကို မပြသင့်ကြောင်း၊ လူသတ်ဝါဒကို ရှုတ်ချနေသော ဖဆပလအစိုးရအနေဖြင့် ပို၍ပင် မပြသင့်ကြောင်း၊ မှတ်တမ်းတင် ရုပ်ရှင်ကားအဖြစ်သာ သိမ်းထားသင့်ကြောင်းဖြင့် နိုင်ငံတော်အခြေအနေကို ပိုင်းဝန်းထိန်းသိမ်းပေးရန် တာဝန်ရှိသည့် စာနယ်ဇင်း သမားတို့၏အမြင်၊ အယူအဆဖြင့် ပြတ်သားစွာ တင်ပြလိုက်သည်။

ယာယီပြန်ကြားရေးဝန်ကြီးအဖြစ်ပါ တာဝန်ယူနေရသော နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုက ချက်ချင်းပင် ဦးညာဏ၏ ဝါဒဖြန့်ချိရေးအယူအဆ သဘောထား လူထု၏စိတ်ဓာတ် ပြောင်းလဲသွားတတ်မှုကို လက်ခံပြီး

mgyoe.com


ထိုမှတ်တမ်းရုပ်ရှင်ကို ပြည်သူလူထုအား လုံးဝမပြရဟု သတ်မှတ်လိုက်လေသည်။ သမိုင်းမှတ်တမ်းအဖြစ်သာ ထားရှိရန် ချမှတ်ထားသည်။

(ကျွန်တော်ရေးခဲ့သော အခြားဆောင်းပါးများတွင် ထိုမှတ်တမ်းတင်သတင်း၊ ရုပ်ရှင်ကိစ္စကို အမြွက်မျှသာ ရေးသားဖော်ပြခဲ့ပါသည်။ ယခုမှသာ အတိအလင်းရေးသားဖော်ပြ လိုက်ခြင်း ဖြစ်ပါသည်။ စကားချပ်–စာရေးသူ)

သုံးသပ်ချက် ။ ။ နိုင်ငံတော်လုပ်ကြံမှုကြီးသတင်းမှာ ဤမျှ ဖြစ်သည်။ နိုင်ငံတော် လုပ်ကြံမှုကြီး ဖြစ်လာရသည်ကို ဆန်းစစ်သုံးသပ်ကြည့်လျှင် ကွင်းဆက်နောက်ကြောင်းပြန် သတင်းများကို ဤသို့တွေ့ရှိရမည်ဖြစ်သည်။

ဖော်ပြခဲ့သည့်အတိုင်း နိုင်ငံတော်လုပ်ကြံမှုကြီးကို ပုလိပ်အဖွဲ့က ပြီးပြည့်စုံစွာ စုံစမ်း ထောက်လှမ်းအရေးယူပြီး တရားခံပေါ်၍ တရားစွဲဆိုနိုင်ခဲ့သော်လည်း နိုင်ငံတော်လုပ်ကြံမှုကြီး မတိုင်မီက ဂဠုန်ဦးစောအား တစ်နေ့သောညနေတွင် ရန်ကုန်မြို့ထဲမှ အေဒီလမ်း အင်းလျားကန်စောင်းနေအိမ်သို့အပြန် မြေနီကုန်းအရောက်၌ ဂဠုန်ဦးစော၏ မော်တော်ကားနောက်မှ ဂျစ်ကားတစ်စင်းကျော်တက်ပြီး ဦးစောအား သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံမှုကိုမူ ယခုတိုင် တရားခံမဖော်နိုင်ခဲ့ပါ။ ဂဠုန်ဦးစောမှာ အကင်းပါး၍ လည်းကောင်း၊ ကံကောင်း၍ လည်းကောင်း၊ အချိန်မီ ရိပ်မိ၍ရှောင်တိမ်းနိုင်သဖြင့် မျက်စိတစ်ဖက်တွင် သေနတ်ကျည်ဆန် ရှပ်မှန်ရုံမျှသာ ဒဏ်ရာအနည်းငယ်ရရှိခဲ့သည်။

ဂဠုန်ဦးစောသည် အစိုးရအဖွဲ့ကို ခေါင်းမဆောင်ရဘဲ အာဏာ လက်လွှတ်ခဲ့ရသည့်အပြင် ယခုကဲ့သို့ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံရသဖြင့် ပြည်သူလူထု၏တစ်ခဲနက်သော ထောက်ခံမှုဖြင့် အစိုးရအဖွဲ့ခေါင်းဆောင်ဖြစ်လာသော ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလ ခေါင်းဆောင်ကြီးများအားအခဲမကျေ အာဃာတတွေသာ ပွားများနေသည်။

ထိုအတောအတွင်း ဗိုလ်တထောင်ရှိ စစ်လက်နက်ပစ္စည်းတပ်(စီအိုဒီ)မှ ဘရင်းဂန်း အလက် ၂၀၀ ပျောက်ဆုံးသွားသည်ဟု သတင်းအတိအလင်း ပေါ်ထွက်လာသည်။ ကပ္ပတိန် ဗိဗီယန်း စသော အင်္ဂလိပ်နယ်ချဲ့သမားအချို့၏ လက်ရာပေါ်လာတော့သည်။

အခြားတစ်ဖက်မှ နိုင်ငံရေးအခြေအနေကလည်း ဖဆပလအဖွဲ့ကြီး

mgyoe.com

အား ဗမာပြည်ကွန်မြူနစ်ပါတီ (နစ်ဖြူ)က သဘောထားကွဲလွဲမှုများကို အဖွဲ့ကြီးအတွင်း အကျေအလည်မဆွေးနွေးဘဲ အပြင်တွင် ဖဆပလအဖွဲ့ကြီးအား သိက္ခာချ ဝေဖန်သည်ဆိုကာ ဗကပအား ဖဆပလအဖွဲ့ချုပ်မှ ထုတ်ပယ်လိုက်၍ ဖဆပလနှင့် အတိုက်အခံဖြစ်နေသည်။

ထို့ပြင် သခင်စိုးဦးဆောင်သော ကွန်မြူနစ်တစ်ခြမ်းပဲ့ အလံနီပါတီကလည်း လက်နက်ကိုင် တောခိုကာ ဖဆပလအစိုးရအား နယ်ချဲ့လက်ကိုင်တုတ်အဖြစ် ဆန့်ကျင်တိုက်ခိုက်လာသည်။

"ပျဉ်းမနားနတ်မောက်အရေးကို တစ်တိုင်းပြည်လုံးက ထောက်ခံစေဖွယ်၊ သူပုန် ဘာကြောင့် ထရတယ်၊ ဖိနှိပ်ခဲ့တဲ့ လယ်မဲ့ယာမဲ့ ပစ္စည်းမဲ့တွေကို ချုပ်ချယ်လို့သာ သူပုန်ထတယ်။ ရာဇဝင်မျှော်တွေး သွေးနဲ့ရေးရမယ်"ဟု သူပုန်တပ်လှန့်သီချင်း သီကုံးဖွဲ့ဆို၍ ဟစ်ကြွေးခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် လက်နက်များ အတော်ပေါများသလောက် သွေးဆာသူများလည်း မနည်းလှပေ။ ထစ်ခနဲရှိ နည်းနည်းလေး မကျေနပ်လျှင် ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော အစိုးရကို လက်နက်ကိုင်တိုက်ခိုက်လာကြသည်။

ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော အစိုးရအဖွဲ့မှ ကူးသန်းရောင်းဝယ်ရေးဌာန ဝန်ကြီးဦးဘဖေအား မရိုးမသားလုပ်သည်ဆို၍ သံသယဖြင့် ထုတ်ပယ်လိုက်သည်။

ဤသို့သော အခြေအနေတွင် ဖဆပလအဖွဲ့ကြီးသည် ညီညွတ်ရေးတပ်ပေါင်းစုအဖြစ်မှ တစ်စတစ်စ ပြိုကွဲလာပြီဟု ဂဠုန်ဦးစောက ယူဆသည်။ ဦးစောသည် အစိုးရအဖွဲ့ခေါင်းဆောင် မလုပ်ရသော အာဃာတနှင့် မျက်စိတွင် ကျည်ဆန်ရှပ်မှန်ခဲ့သော လုပ်ကြံခံရသည့် ဒဏ်ရာတို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလခေါင်းဆောင် အစိုးရအဖွဲ့ဝင် ဝန်ကြီးများအပြင် တိုင်းပြည်ပြုလွှတ်တော်ဥက္ကဋ္ဌ သခင်နု (နောင်သောအခါ ဝန်ကြီးချုပ် ဦးနု) တို့အား အပြုတ်နှံရန် လုပ်ကြံမှုကို စီစဉ်ခြင်းဖြစ်သည်ဟု သိရသည်။

ဂဠုန်ဦးစောသည် ခေသူမဟုတ်၊ အာဏာမက်သလောက် အကြံကြီးသည်။ ထို့ကြောင့် တစ်ချိန်က သူနှင့်အတူ သူရိယသတင်းစာတွင် မန်နေဂျင်းဒါရိုက်တာ လုပ်ကိုင်ခဲ့သော ရန်ကုန်မြို့တော်ဝန် ဦးဘကလေး တည်ထောင်သည့် သမာဓိသတင်းစာက (ဦးစောကား ခေသူမဟုတ်၊ ရှင်ဘုရင်လုပ်ချင်သူ

mgyee.com

mgyoe.com


တည်း)ဟူ၍ ရွှေ့မျက်နှာဖုံး၌ ဦးစောအား အာဖရိကမှ ဘုရင်တစ်ပါး၏ မင်းမြောက်တန်ဆာများဖြင့် လုပ်ကြံဖန်တီးထားသော ဓာတ်ပုံကြီးနှင့်တကွ မျက်နှာပြည့် ဖော်ပြခဲ့ဖူးသည်။ ဂဠုန်ဦးစော၏ နောက်ကြောင်းသတင်းများကို ပြန်လည်လေ့လာလျှင် အလွန်တန်ခိုးကြီးခဲ့ကြောင်း တွေ့ရပေမည်။

ဒုတိယကမ္ဘာစစ် မဖြစ်မီက မြန်မာနိုင်ငံ၏ နောက်ဆုံးနန်းရင်းဝန် ဖြစ်ခဲ့သော ဂဠုန်ဦးစောသည် မြန်မာနိုင်ငံသို့ စစ်မီးကူးကာနီးတွင် ဘိလပ်သို့ သွား၍ အုပ်စိုးသူ ဗြိတိသျှအစိုးရထံ မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် အရေးဆိုသည်။

ဘိလပ်သို့မသွားမီ နန်းရင်းဝန်ဂဠုန်ဦးစောသည် နာဇီဂျာမနီ အာဏာရှင် ဟစ်တလာ၏ ပုံစံအတိုင်း စစ်ဝတ်စုံကိုဝတ်ဆင်၍ မော်ဘီစိုက်ပျိုးရေး ဥယျာဉ်တွင် ရှေးမြန်မာ ဘုရင်များကဲ့သို့ လယ်ထွန်မင်္ဂလာဆင်းပွဲ ကျင်းပသေးသည်။

ယမထာ ရွှေကြိမ်လုံးရယ်နဲ့ ထွန်တုံးကိုတဲ့ ခြေတော်တင် ဆိုသကဲ့သို့ လည်ပင်းရှည် ဖိနပ်ဖြင့် ထွန်တုံးစီကာ နွားကြဲစုံကြိမ်မြောက်ခဲ့ပုံကို ရုပ်သေရုပ်ရှင်ရိုက်မှတ်တမ်းတင်ပြီး နန်းရင်းဝန်ကြီး ဘုန်းတန်ခိုးကြီးပုံကို တိုင်းပြည်သို့ ဝါဒဖြန့်ခဲ့သည်။ ထိုစဉ်က အစိုးရ ပြန်ကြားရေးဌာနမှာ ကြီးကြီးကျယ်ကျယ် မရှိသေး၍ ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီ (ယခု ညွှန့်မြန်မာ)က နန်းရင်းဝန် ဂဠုန်ဦးစော၏ လယ်ထွန်မင်္ဂလာအခမ်းအနားကို အစအဆုံး မှတ်တမ်းတင် ရုပ်ရှင်ရိုက်ကူးပေးခဲ့ရသည်။

မြို့ပြလေကြောင်း စည်းကမ်းဥပဒေအရ ရွှေတိဂုံဘုရားဝန်းကျင် ဝေဟင်သို့ မည်သည့်လေယာဉ်မှ မပျံသန်းရန် ဌာနဆိုင်ရာမှ ကန့်သတ်ထားသော်လည်း ဂဠုန်ဦးစောသည် ဘိလပ်သို့ မင်္ဂလာဒုံလေဆိပ်မှ အသွားတွင် လေယာဉ်ကို ရွှေတိဂုံစေတီတော်ကြီးအား ဦးတည်ပျံသန်းစေပြီး လေယာဉ်ပေါ်မှ ဦးခိုက်ပူဇော်သွားသည်ဆို၏။

ထိုသို့ ဘုန်းတန်ခိုးကြီးလှသော နန်းရင်းဝန်ကြီး ဦးစောသည် ဘိလပ်တွင် ဗြိတိသျှ အစိုးရက မြန်မာနိုင်ငံအား လွတ်လပ်ရေးမပေးလျှင် ဆန့်ကျင်ဘက် နိုင်ငံနှင့် ပူးပေါင်း၍ လွတ်လပ်ရေးရအောင် ကြံစည်မည်ဟု အကျပ်ကိုင် သည်။ (ထိုစဉ်က မြန်မာ့အလင်းသတင်း စာတွင် စာရေးဆရာ တက်ဘုန်းကြီး သိန်းဖေ (နောင်အခါ ဦးသိန်းဖေမြင့်၊ ကွယ်လွန်)က

mgyoe.com

mgyoe.com

တစ်ကောင်ကြွက်ဟု ကလောင်အမည်ခံ၍ ဘိလပ်သွားဦးစောပြဇာတ်ကို နေ့စဉ် အခန်းဆက် ရေးသားခဲ့သည်။ စကားချပ် – စာရေးသူ)

ထို့ပြင် နန်းရင်းဝန်မဖြစ်မီက ဂျပန်ပြည်သို့ မြန်မာ့အလင်းသတင်းစာ တာဝန်ခံ အယ်ဒီတာ ဦးမောင်မောင်ခင် (ကွယ်လွန်)တို့နှင့်အတူ မြန်မာ–ဂျပန် ချစ်ကြည်ရေးအဖြစ် သွားရောက်ဖူး၍ ဂျပန်နှင့် အဆက်အသွယ် ရှိသည်ဆိုကာ ဗြိတိသျှအစိုးရက နန်းရင်းဝန် ဂဠုန်ဦးစောအား ဘိလပ်မှ ယူဂန်ဒါနိုင်ငံသို့ပို့၍ နိုင်ငံရေးအကျဉ်းသားအဖြစ် ထောင်သွင်း အကျဉ်းချထားလိုက်သည်။

မြန်မာနိုင်ငံတွင် နန်းရင်းဝန်ဟောင်း ဒေါက်တာဘမော် (နောင်အခါ အဓိပတိ အရှင်မင်းကြီး)၏ ဓားမပါတီ၊ ဆင်းရဲသားအစည်းအရုံးနှင့် တို့ဗမာအစည်းအရုံးတို့ ပူးပေါင်းဖွဲ့စည်းထားသော ဗမာ့ထွက်ရပ်ဂိုဏ်းကြီးက ဒုတိယကမ္ဘာစစ်ကြီး စတင်သော ဥရောပစစ်ပွဲ၌ အင်္ဂလိပ်တို့ အရေးနိမ့်နေသဖြင့် အင်္ဂလိပ်အခက် ဗမာအချက်ဟု ကြွေးကြော်ကာ အင်္ဂလိပ်ကို မကူညီစတမ်း၊ ပြည်တွင်းပြည်ပ တော်လှန်ရေးအစီအစဉ်များ ပြုလုပ်ခဲ့သည်။

သခင်ကိုယ်တော်မှိုင်း ဦးစီးသော တို့ဗမာအစည်းအရုံးမှ ဌာနချုပ် အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်းသည် သခင်လှမြိုင် (နောင်အခါ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်အောင် တောခိုရင်းကွယ်လွန်)နှင့်အတူ အင်္ဂလိပ်တို့အား လက်နက်ကိုင် တော်လှန်နိုင်ရန် ပြည်ပအကူအညီ ရရှိရေးအတွက် တရုတ်ကွန်မြူနစ်တို့နှင့် ဆက်သွယ်ဖို့ တိတ်တဆိတ် ပြည်ပသို့ ထွက်ခွာသွားခဲ့သည်။ တရုတ်ကွန်မြူနစ်နှင့် မဆက်မိဘဲ ဂျပန်စစ်ထောက် လှမ်းရေးကင်ပေတိုင်အဖွဲ့နှင့်တွေ့၍ ဖက်ဆစ်ဂျပန်၏ အကူအညီကို ယူလိုက်ရသည်။

ရဲဘော်သုံးကျိပ်တို့ ဖော်မိုဆာတွင် စစ်ပညာသင်ယူကြပြီး သခင်အောင်ဆန်း (ခေါ်) ဗိုလ်ချုပ်အောင်ဆန်းသည် ဗိုလ်တေဇအမည်ခံကာ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)ကို ဦးဆောင်ဖွဲ့စည်း ထူထောင်ခဲ့သည်။ ဘီအိုင်အေတပ်သည် ဖက်ဆစ်ဂျပန်နှင့်အတူ မြန်မာနိုင်ငံကို ဗြိတိသျှတို့လက်အောက်မှ လွတ်မြောက်အောင် လက်နက်ကိုင် တော်လှန်တိုက်ခိုက်အောင်မြင်ခဲ့သည်။

“ဗမာ့လွတ်လပ်ရေးအတွက် တပ်မတော်ဖွဲ့ဖို့ ဂျပန်ပြည်မှာကွယ်၊ တကယ်ပဲ အသက်နဲ့လဲလို့ ဆင်းရဲဒုက္ခခံကာ ကြံစည်တယ်၊ သူရဲကောင်းတွေ

mgyoe.com

ဗိုလ်အောင်ဆန်းနဲ့ အာဇာနည်တွေရယ်"

"ငါတို့ဗမာပြည်မယ် ... မိဘအပေါင်းကကွယ် ... ဗိုလ်အောင်ဆန်းလို သူရဲကောင်းတွေ မွေးရမယ် ..."

၁၉၄၂ ခု မေလထဲတွင် ရန်ကုန်မြို့တော်ခန်းမ၌ ရန်ကုန်မြို့တော်သူ မြို့တော်သားများက ရဲဘော်သုံးကျိပ်အား ဂုဏ်ပြုကြိုဆိုပွဲ ကျင်းပရာ နာမည်ကျော် ဂီတစာဆို အေဝမ်း သဟာယဆရာတင် ရေးသားသီကုံးသော "ဗမာသူရဲကောင်း"သီချင်းကို သဟာယ ဆရာတင်၏ တူရိယာဝိုင်းဖြင့် သီဆို ဂုဏ်ပြုခဲ့သည်။

ဗမာသူရဲကောင်း သီချင်းစာသားအတိုင်း ဖူးစကက်ဆိုက်၊ သီချင်း စာရွက်၌ ပန်းချီကျော် ဦးငွေကိုင် (နောင်အခါ အလင်္ကာကျော်စွာဘွဲ့ရ - ကွယ်လွန်)က မဟာဗန္ဓုလ၊ ဘုရင့်နောင်၊ မင်းရဲကျော်စွာ၊ ရာဇာဓိရာဇ်နှင့် အလောင်းဘုရားတို့နှင့် ပုံခိုင်း၍ အဆိုပါ သူရဲကောင်းများ၏ သတ္တိပြောင် မြောက်စွာ တိုက်ခိုက်ကြပုံကို သီချင်းစာသားဘေးမှ ဝိုင်းရံ၍ သရုပ်ဖော် ရေးဆွဲပေးထားသဖြင့် ဇာတိမာန်တက်ကြွစေသည်။

ခေတ်သစ် မြန်မာ့တပ်မတော်ကို မွေးထုတ်တည်ထောင်ပေးသော ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းအား မြန်မာလူထုက အားထား၍ တစ်ခဲနက် အားပေးအားမြှောက် ပြုထားကြသည်။ တကယ့် ကိုယ်ကျိုးစွန့် မြန်မာ့ခေါင်းဆောင်ကြီးဟု အသိအမှတ်ပြုထားကြသည်။ ထို့ကြောင့် မြန်မာ လူထုသည် ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော ခေါင်းဆောင်များ လမ်းညွှန် ချက်အတိုင်း လိုက်နာခဲ့ကြသည်။

ယုတ်မာရိုင်းစိုင်းသော ဖက်ဆစ်ဂျပန်ကို ပြန်လည်တော်လှန်ရာတွင် လည်း ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီး (ဖတပလ)၏ အစီအစဉ်အတိုင်း လှည်း နေ လှေအောင်း မြင်းဇောင်းမကျန် တစ်သဝေမတိမ်း လိုက်နာတော်လှန်ခဲ့ကြ သည်။

ဖက်ဆစ်ဂျပန်ဆုတ်ခွာထွက်ပြေး၍ အင်္ဂလိပ်များ ပြန်ဝင်လာသော အခါတွင် တစ်နှစ်အတွင်း လုံးဝ လွတ်လပ်ရေးရရှိရန် နိုင်ငံတော် ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် တိုင်းပြည်ပြုလွှတ်တော် အမြန် ခေါ်ဆိုရာတွင်လည်း ပြည်မရော၊ ပြည်နယ်များပါ တိုင်းရင်းသားပေါင်းစုံ

mgyoe.com

ပြည်သူလူထုက တစ်ခဲနက် ထောက်ခံခဲ့ကြ၍ ဗိုလ်ချုပ်အောင်ဆန်းသည် ကိုယ်ကျိုးစွန့်သော တကယ့်မြန်မာခေါင်းဆောင်ကြီးဟု ကမ္ဘာက ယုံကြည်လာကြသည်။ ထို့ကြောင့် အုပ်စိုးသူ ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံတွင် ပြည်သူတို့ လိုလားသော အစိုးရဖွဲ့စည်းရန် ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော (ဖဆပလ)ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးအား ဖိတ်ခေါ်လိုက်သည်။ (ဖက်ဆစ်ဂျပန်များ စစ်ရှုံး၍ လက်နက်ချသွားပြီဖြစ်သောကြောင့် တိုက်ဖျက်ရန်မလိုတော့ဘဲ ဖက်ဆစ်စနစ်ကိုသာ ဆန့်ကျင်ရန် လိုတော့သည်ဟုဆိုကာ ဖတပလမှ ဖဆပလဟု အမည်ပြောင်းလဲလိုက်ခြင်း ဖြစ်သည်။ စကားချပ် – စာရေးသူ)

ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံဘုရင်ခံ ဆာဟူးဘတ်ရန့်စ်လက်ထက်တွင် ဘုရင်ခံ အမှုဆောင်ကောင်စီ၏ ဒုတိယသဘာပတိ (ကိုလိုနီခေတ် နန်းရင်းဝန်၊ လွတ်လပ်ရေးခေတ်၊ ဝန်ကြီးချုပ်ရာထူးဖြစ်သည်) အဖြစ်ဖြင့် မြန်မာအစိုးရအဖွဲ့ ခေါင်းဆောင်ဖြစ် လာသည်။

ထိုသို့ ဖဆပလအဖွဲ့ချုပ်က အစိုးရအာဏာ ရရှိသွားသည်ကို အာဏာမဲ့သွားသော ဂဠုန်ဦးစောသည် ဗိုလ်ချုပ်အောင်ဆန်း အစရှိသော ဖဆပလခေါင်းဆောင်များအား အာဃာတကြီးမားလာသည်။ အတိုက်အခံ အကြီးအကျယ် ပြုလုပ်လာသည်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်၍ ဘိလပ်သို့သွားကာ ဗြိတိသျှအစိုးရ နန်းရင်းဝန်အက်တလီနှင့် မြန်မာ့လွတ်လပ်ရေး ဆွေးနွေးရာတွင် သူသာလျှင် မြန်မာနိုင်ငံအစိုးရခေါင်းဆောင်ဖြစ်ရေးအတွက် ဦးစောက ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ တစ်သံတည်းမထွက်ဘဲ သံကြောင်သံကွဲထွက်၍ ကဖျက်ယဖျက် လုပ်တော့သည်။

ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော ဖဆပလအဖွဲ့ကြီးအား ပြည်သူလူထုက တစ်ခဲနက် ထောက်ခံထားသဖြင့် အနုနည်းဖြင့် ဆန့်ကျင်၍ မရနိုင်ကြောင်းကို ဂဠုန်ဦးစောက နားလည်ထားသည်။

ထို့ပြင် သူ့အား မြေနီကုန်း၌ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံမှုမှာလည်း တရားခံမပေါ်သဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ ဖဆပလဘက်တော်သားများ လက်ချက်ဖြစ်သည်ဟု ဂဠုန်ဦးစောက ရာထူးအာဏာမဲ့ရသည့် အာဃာတဖြင့် ယူဆ၍ အငြိုးကြီးစွာ အကြမ်းဖက် လက်စားချေရန်သာ ကြံစည်သည်။ အင်္ဂလိပ်နယ်ချဲ့သမားအချို့ကလည်း ဦးစောအား အားပေးအားမြှောက် ပြုကြ

mgyge.com

mgyoe.com


သည်ဆို၏။

ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိဖို့ လက်နက်ကိုင်ရန် မလိုတော့။ ဒီမိုကရေစီနည်းအရ တိုင်းပြည်ပြုလွှတ်တော်ခေါ်၍ နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲပြီး လွတ်လပ်သော ပြည်ထောင်စု 'မြန်မာနိုင်ငံတော် တည်ထောင်မည်။ ထို့ကြောင့် ကန္တီစာချုပ်အရ ဗမာ့တပ်မတော် ပြန်လည်ဖွဲ့စည်းရာတွင် တပ်မတော်မှ အနားယူပြီး အသစ်ပြန်လည် ဖွဲ့စည်းသော ဗမာ့တပ်မတော်ကို နိုင်ငံတော် လွတ်လပ်ရေးကြိုးပမ်းရာတွင် သူနှင့်အတူ နိုင်ငံရေး တောက်လျှောက်ဆောင်ရွက်ခဲ့သော ရောင်းရင်းရဲဘော်သုံးကျိပ်ဝင် ဗိုလ်လကျ်ာအား ခေါင်းဆောင်ဖွဲ့စည်းစေခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ငြိမ်းချမ်းရေးနည်းဖြင့် တရားဥပဒေစိုးမိုးသည့် လွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို အုပ်ချုပ်သွားရန်သာ ဆန္ဒရှိသည်။ မည်သူကိုမှ လက်နက်ဖြင့် အနိုင်ယူရန် မကြံစည်။

မြန်မာနိုင်ငံနှင့်အတူ ဗြိတိသျှတို့၏ ကိုလိုနီဖြစ်ခဲ့ရသော အိန္ဒိယနိုင်ငံတွင် လွတ်လပ်ရေး ကြိုးပမ်းနေကြသော အကြမ်းမဖက် ကမ္ဘာကျော်ခေါင်းဆောင်ကြီးများဖြစ်သည့် ဂန္ဒီကြီးနှင့် ပဏ္ဍစ်နေရူးတို့ကဲ့သို့ပင် ဒီမိုကရေစီဝါဒကို စွဲမြဲစွာယုံကြည်သည်။ ထို့ကြောင့် လွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်သီချင်းကို တိုင်းပြည်ပြုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းနိုင်ရန်အတွက် သီကုံးဖွဲ့ဆိုရာတွင် ဒီမိုကရေစီအနှစ်သာရ အတိအလင်း ပေါ်လွင်အောင် စာသားကို အောက်ပါအတိုင်း ရှင်းလင်းပြတ်သားစွာ ဖွဲ့ဆိုစေလေသည်။

"တရားမျှတ လွတ်လပ်ခြင်းနှင့်မသွေ၊ တို့ပြေ (ပြည်) တို့မြေ၊ များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှ ဝါဒ ဖြူစင်တဲ့ပြေ (ပြည်)၊ တို့ပြေ (ပြည်) တို့မြေ၊ ပြည်ထောင်စုအမွေ အမြဲတည်တံ့စေ အဓိဋ္ဌာန်ပြုပေ၊ ထိန်းသိမ်းစို့လေ" ဒီမိုကရေစီ၏ အဓိပ္ပာယ်အနှစ်သာရကို တိုက်ရိုက်ဖော်ကျူးလိုက်ခြင်းဖြစ်သည်။

သို့သော် ဂဠုန်ဦးစောကား ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလအပေါ် ရန်ငြိုးမပြေ၊ ဗိုလ်ချုပ်အောင်ဆန်း၏ ငြိမ်းချမ်း၍ တရားမျှတသော ဒီမိုကရေစီလမ်းစဉ်ကို မျက်ကွယ်ပြုခဲ့သည်။ အင်္ဂလိပ်နယ်ချဲ့သမားအချို့၏ အလိုကျ လုပ်ကြံသတ်ဖြတ်ရန် စီစဉ်သည်။

mgyoe.com

mgyoe.com

ထို့ကြောင့် ဂဠုန်ဦးစောသည် သေဒဏ်ကျခံသွားရသည်အထိ သူ့အား မြေနီကုန်းတွင် သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခဲ့သော တရားခံအစစ်ကို သိမသွားရှာပေ။

ထိုခေတ် ထိုအချိန်အခါသည် ဒုတိယကမ္ဘာစစ်ကြီးပြီးစ လက်နက်များ ပေါများလှပြီး လက်နက်ကိုင်တော်လှန်ရေး သွေးဆူနေချိန်ဖြစ်သည်။ လက်နက်တွေ ပေါများသလောက် လက်နက်ကိုင် တော်လှန်ရေးသမားတွေ ဒုနှင့်ဒေး များပြားလှသည်။ ကွန်မြူနစ် ဆိုရှယ်လစ် ပြည်သူ့ရဲဘော်များသာမက ကျောင်းဆရာ၊ စာရေးဆရာ၊ အနုပညာရှင်များပင် လက်နက်ကိုင် တော်လှန်ရေးသမား လုပ်နေကြသည်။ တော်လှန်ရေးသွေးဆူကာ လက်ရဲ၊ ဇက်ရဲ၊ သတ်ရဲ၊ ဖြတ်ရဲ ရှိကြသည်။ အလွယ်တကူ လက်နက်သုံးရန် ဝန်မလေးလှပေ။

"ကျုပ်က တော်လှန်ရေးသမားဗျ၊ ဖိုက်တာ (Fighter)၊ ဖြောင်ပစ်ဖို့ အလွယ်လေးပါ" ဟု လက်နက်အားကိုးဖြင့် မင်းမဲ့ဝါဒသမားအချို့၏ လေသံများလည်း ကြားနေရသည်။

လက်နက်ပုန်းတွေ ပေါချင်းတိုင်း ပေါများသလောက် အကြမ်းဖက်ရန် ဝန်မလေးသော သွေးဆာသူလည်း ပေါများလှသည်။ ထစ်ခနဲရှိ လက်နက်အားကိုးသာ ပြုကြသည်။ ပါတီအဖွဲ့အစည်းဖြင့်မဟုတ်ဘဲ၊ တစ်ကိုယ်တော် လူစွမ်းကောင်းလုပ်သော အတိုက်အခံ ဖြစ်လာလျှင် သို့မဟုတ် ကိုယ့်အလိုကျမဟုတ်လျှင်၊ ကိုယ့်ဆန္ဒနှင့်မကိုက်ညီလျှင် သဘောထားကွဲလွဲရုံမျှလောက်ပင်၊ လက်ပစ်ဗုံးကို အလွယ်တကူ သုံးလာကြသည်။ တစ်ကိုယ်တော် လူစွမ်းကောင်း မင်းမဲ့ဝါဒသမားတို့၏ အကြမ်းဖက်မှုများမှာ အမှုပေါ်ခဲလှသည်။ တရားခံ မပေါ်သည့်အမှုတွေ များပြားလှသည်။ ပုဒ်မ ၅၄ အရ မသင်္ကာမှုဖြင့် အရေးယူနိုင်ရန်ပင် တရားခံအစမပေါ်ခဲ့သောအမှုများ ဒုနှင့်ဒေးရှိခဲ့သည်။ ဘဲဥအစရှာမရသော အမှုများဖြစ်သည်။ (UNDETECTIVE CASES) စုံထောက်၍မရသော အမှုများအဖြစ် အမှုပိတ် ထားခဲ့ရပါသည်။

မြန်မာနိုင်ငံကို လောလောဆယ် လွတ်လပ်ရေးပေးလိုက်လျှင် သွေးချောင်းစီးလိမ့်မည်ဟု အင်္ဂလိပ်နယ်ချဲ့သမားခေါင်းဆောင်အချို့က ဆိုကြသည်။ ဤအခြေအနေမျိုးသည် အင်္ဂလိပ်နယ်ချဲ့သမားတို့၏အကြိုက် ဖြစ်